

မူဝါဒဆိုင်ရာ သုံးသပ်ချက်စာတမ်း

# မူဘောင်များမှသည် အနာဂတ်များဆီသို့

## မြန်မာနိုင်ငံရှိ ဂျဲန်ဒါတန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုရှိရေးဆိုင်ရာ မူဝါဒသုံးသပ်ချက်

မြန်မာ့အမျိုးသမီးသမဂ္ဂ
ဒီဇင်ဘာ ၂၀၂၅

# အနှစ်ချုပ်

ပဋိပက္ခဒဏ်သင့်နေသည့်၊ အသွင်ကူးပြောင်းအုပ်ချုပ်ရေး အခြေအနေအတွင်း မြန်မာနိုင်ငံ၏ ဂျဲန်ဒါတန်းတူညီမျှမှုရရှိရေး၊ အားလုံးပါဝင်မှုရရှိရေးနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ဆိုင်ရာ မူဘောင်များ၏ အနေအထားကို ဤမူဝါဒသုံးသပ်လေ့လာချက်က ဆန်းစစ်တင်ပြထားသည်။ ၂၀၂၁ ခုနှစ် အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်စဉ်သည် ဆယ်စုနှစ်များစွာ ခိုင်မာနေခဲ့ပြီးဖြစ်သည့် စစ်သွေးကြွစစ်သွေးဆန်ဝါဒကို ပိုမိုခိုင်မာသွားစေသည်သာမက လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် ထိလွယ်ခိုက် လွယ်သော လူ့အသိုင်းအဝိုင်းအုပ်စုများအား ဖယ်ကျဉ်ထားမှုနှင့် ဒေသဆိုင်ရာ ကြားဖြတ်အုပ်ချုပ်ရေးအဖွဲ့အမျိုးမျိုး အဆင့်လိုက်ပေါ်ပေါက်လာကြခြင်းနှင့် အဖွဲ့အစည်းအဆောက်အအုံများသည်လည်း အောက်ခြေမှစတင်ကာ လွတ်မြောက်နယ်မြေများအတွင်း ပေါ်ပေါက်လာခြင်းစသည့် စနစ်လုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြစ်ပေါ်လာစေသည်။

ဤမူဝါဒရေးရာသုံးသပ်ချက်စာတမ်းသည် ရှိနှင့်ပြီးသား စာရွက်စာတမ်း/အချက်အလက်များ သုံးသပ်ခြင်း၊ ဖြစ်ရပ် နှိုင်းယှဉ်လေ့လာမှုနမူနာများ (သြစတြေးလျနှင့် တီမောလက်စ်တေ) နှင့် အုပ်ချုပ်ရေး ဝန်ကြီးဌာနများအပါအဝင် တိုင်းရင်းသားလူမျိုးစု တော်လှန်ရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် မဟာမိတ်အဖွဲ့များ၊ LGBTIQ+ အုပ်စုများနှင့် ဒေသတွင်းလူမှုအဖွဲ့ အစည်းများစသည့် ပတ်သက်ဆက်နွှယ် သက်ဆိုင်သူများစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းမှုမှ ရရှိလာသော အချက်အလက်များကို အခြေခံ၍ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကတိကဝတ်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများနှင့် ဆက်လက်တည်ရှိနေသေးသည့် ကွာဟချက်များကို မီးမောင်းထိုးပြထားသည်။

## အဓိကရှာဖွေတွေ့ရှိချက်များ

- အမျိုးသားညီညွတ်ရေးအစိုးရ၏ ၂၀၂၄ ခုနှစ် ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (GEP2024)၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ စော်ကားခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်း ဆိုင်ရာ အကာအကွယ်ပေးရေး မူဝါဒ (PSEAH) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ (NUCC) နှင့် တိုင်းရင်းသားအုပ်ချုပ်ရေး အဖွဲ့များက လက်ခံအတည်ပြုထားသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်များကို ရည်ရွယ် ရင်းမှန်သော်ငြား လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင်မူ ညီညာပြေပြစ်မှု ကင်းမဲ့လျက် ရှိနေဆဲဖြစ်သည်။

- ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများမှ ရှင်သန်လွတ် မြောက်လာသူများသည် အမှုဖွင့်တိုင်ကြားရန်၊ အထောက်အပံ့ရယူရန်နှင့် တရားမျှတမှု ရရှိရန်အတွက် ကြီးမားသောအတားအဆီးများနှင့် ရင်ဆိုင်နေရဆဲဖြစ်သလို တာဝန်ယူတာဝန်ခံမှုဆိုင်ရာ စနစ်ယန္တရားများ ပေါ်ထွက်လာနေသော်လည်း ခိုင်မာကျစ်လစ်မှုမရှိသေးပေ။

- အုပ်ချုပ်ရေးဆိုင်ရာ၌ ပါဝင်ပတ်သက်နေသူများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့ အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာသော်လည်း လုပ်ပိုင်ခွင့်များထပ်နေခြင်း၊ ရန်ပုံငွေ အကန့်အသတ်ရှိခြင်းနှင့် အလွတ်သဘောအရ ယုံကြည်မှုအခြေခံသည့်ကွန်ရက်များ အပေါ်မှီခိုနေရခြင်းစ သည့် အဟန့်အတားများရှိနေသည်။

- ဒေသအခြေအနေနှင့် လိုက်လျော်ညီစွာဆောင်ရွက်ခြင်းနှင့် ဖက်ဒရယ်မူအတိုင်း ချဉ်းကပ်လုပ် ဆောင် ခြင်းသည် ပဓာနကျပေသည်။ မြန်မာနိုင်ငံသည် တစ်ခုတည်းသော နိုင်ငံအဆင့်စီမံချက်များနှင့် လုပ် ဆောင်သည့် ဗဟိုအုပ်ချုပ်မှုကောင်းသောနိုင်ငံများ (ဥပမာ- သြစတြေးလျ၊ တီမောလက်စ်တေ) နှင့်မတူဘဲ သီးခြားတိုင်း/ပြည်နယ်ဖက်ဒရယ်ပုံစံနှင့် စုံလင်ကွဲပြားမြောက်မြားလှသည့် တိုင်းရင်း သားလူမျိုးများရှိနေသည့် မြန်မာနိုင်ငံ၏ လက်တွေ့အခြေအနေသည် ဒေသအခြေအနေနှင့် လိုက်လျော ညီထွေဖြစ်ပြီး တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော ဘုံအခြေခံမူများ၌အခြေတည်သည့် အဆင့်များ စွာပါဝင်သော မူဘောင်များကို တောင်းဆိုလျက်ရှိသည်။

ဤခွဲခြမ်းစိတ်ဖြာချက်မှ မြန်မာနိုင်ငံ၏ ရှေ့ဆက်ရမည့်ခရီးလမ်းကြောင်းအတွက် အောက်ပါအချက်များ လိုအပ်ကြောင်း ကောက်ချက်ချထားသည် -

- နိုင်ငံတကာ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်အပေါ် အခြေခံထားသည့် နိုင်ငံအဆင့် စံနှုန်းများနှင့် ဒေသဆိုင်ရာပိုင်ဆိုင်မှုကို ဟန်ချက်ညီညီပေါင်းစပ်ထားသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး မူဘောင်များချမှတ်ရန်။

- အမျိုးသမီးများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် အခြားသောနည်းဖြင့်သန်စွမ်းသူများအတွက် ဥပဒေအရ အကာအကွယ်ပေးခြင်းနှင့် မှန်ကန်ခိုင်မာသည့် စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးသွားရန်။

- လုံခြုံရေး၊ အုပ်ချုပ်မှုနှင့် တရားရေးဆိုင်ရာအခန်းကဏ္ဍတွင်း ပါဝင်လုပ်ဆောင်နေသူများ အတွက် စွမ်းရည်မြှင့်တင်ပေးခြင်းအား တည်တည်တံ့တံ့ရေရှည်ပြုလုပ်သွားရန်။

- ရှင်သန်လွတ်မြောက်လာသူအား ဗဟိုပြုချဉ်းကပ်သည့် ခိုင်မာသည့် တာဝန်ယူတာဝန်ခံမှုနှင့် စောင့်ကြည့်စစ်ဆေးရေး စနစ်ယန္တရားများထူထောင်ရန်။

- အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ကြားဖြတ် အုပ်ချုပ်ရေးကောင်စီများကို ချိတ်ဆက်ပေးမည့် အားလုံးပါဝင်သော ပူးပေါင်း ဆောင်ရွက်မှုစင်မြင့် များ/လမ်းကြောင်းများ ဖော်ဆောင်ရန်။

- အမျိုးသမီးများနှင့် ဖယ်ကျဉ်ခံထားရသော အသိုင်းအဝိုင်းများ အတွက် အမျိုးသမီးများ ဖန်းမ်မနစ်ခေါင်းဆောင်မှုနှင့် အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးအရပါဝင် ဆောင်ရွက်နိုင်မှု အခွင့် အလမ်းများဖန်တီးပေးရန်။

- ရည်စူးနှစ်မြှုပ်ကတိပြုမှုမှသည် သက်ရောက်မှုအဖြစ်သို့ အကယ်စင်စစ်ဖြစ်လာရန် တစိုက် မတ်မတ်ရှိ သော ရေရှည်ဘဏ္ဍာငွေကြေးနှင့် နိုင်ငံရေးစိတ်ဆန္ဒတို့ဖြင့် ဆောင်ရွက်သွားရန်။

ခြုံငုံသုံးသပ်ရလျှင် မြန်မာနိုင်ငံတွင် ဂျဲန်ဒါတရားမျှတမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရယူဖော်ဆောင်နိုင်ရန်မှာ အထိမ်းအမှတ်သင်္ကေတအဆင့်လောက်သာရှိသည့် မူဘောင်များထက် ခိုင်ခံ့မှုရှိသော၊ အားလုံးအကျုံးဝင်သော၊ အရင်းအမြစ်ကောင်းမွန်စွာနှင့် ထောက်ကူထားသော စနစ်ယန္တရားများကို လိုအပ်နေပေသည်။ မြန်မာနိုင်ငံရှိ မတူကွဲပြားသော နယ်မြေ/တိုင်းဒေသ ဆိုင်ရာ အုပ်ချုပ်မှုကဏ္ဍ၌ ပါဝင်နေသူများသည် အမျိုးသမီးများ၊ LGBTIQ+ များ၊ အခြားသောနည်း ဖြင့်သန်စွမ်းသူများနှင့် ပဋိပက္ခ ဒဏ်သင့်ပြည်သူတို့၏ အသံများကိုဗဟိုပြုလျက် ဖက်ဒရယ်ဒီမိုက ရေစီမူဘောင်အတွင်း တရားမျှ တသော၊ ငြိမ်းချမ်းသော၊ ဂျဲန်ဒါတန်းတူညီမျှမှုရှိသော အနာဂတ်ဆီ သို့ အရောက် လှမ်းနိုင်မည်ဖြစ်သည်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| စာတမ်းအနှစ်ချုပ် | |
| အတိုကောက်စာလုံးများ | |
| **၁။ နိဒါန်း** | **1** |
| **၂။ နောက်ခံသမိုင်းကျဉ်း** | **2** |
| ၂၊ ၁။ မြန်မာ့ပဋိပက္ခ | 2 |
| ၂၊၂။ မြန်မာနိုင်ငံရှိ စစ်သွေးကြွစစ်သွေးဆန်ဝါဒ | 3 |
| ၂၊ ၃။ ဂျဲန်ဒါတန်းတူမညီမျှမှုများ | 4 |
| **၃။ သုတေသန နည်းလမ်းများ** | **6** |
| **၄။ ရည်ရွယ်ချက်များ** | **8** |
| **၅။ မြန်မာနိုင်ငံရှိ ဂျဲန်ဒါဆိုင်ရာမူဝါဒနှင့် မူဘောင်များ၏အခြေအနေ** | **9** |
| ၅၊၁။နိုင်ငံတကာစံနှုန်းများ – စီဒေါနှင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် (၁၃၂၅) | 9 |
| ၅၊၂။ နိုင်ငံအဆင့်လုပ်ငန်းစီမံချက်များ – အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) နှင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ပေး ရေး ဥပဒေမူကြမ်း (PoVAW) | 12 |
| ၅၊ ၃။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန (MOWYCA) ၏ ၂၀၂၄ ခုနှစ်က ရေးဆွဲချမှတ်ခဲ့ သည့် ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (GEP2024) | 14 |
| ၅၊ ၄။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန (MOWYCA) ၏ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ စော်ကားခြင်းနှင့် ထိပါး နှောင့်ယှက်ခြင်းတို့ဆိုင်ရာ အကာကွယ် ပေးရေးမူဝါဒ (PSEAH) | 16 |
| ၅၊ ၅။ မူဘောင်များအပြိုင်အဆိုင်ဖြစ်နေခြင်း | 17 |
| ၅၊၆။ အမျိုးသားညီညွတ်ရေးအစိုးရ၏ စစ်ဘက်ဆိုင်ရာကျင့်ဝတ်စည်းကမ်းအား အကဲဖြတ်သုံး သပ်ချက် | 18 |
| ၅၊ ၇။ သီးခြားတည်ရှိသော အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်နှင့် မြန်မာနိုင်ငံအခြေအနေတွင် ယင်းမူဘောင်အား လက်တွေ့အသုံးချခြင်း | 20 |
| ၅၊ ၈။ စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ပွဲအောက်မှ လက်ရှိအခြေအနေ | 23 |
| အဓိက ဆင်ခြင်သုံးသပ်ချက် | 25 |
| **၆။ "ဘတ်ဂျက်မရှိမဖြစ်" ဟူသော ယုံမှတ်များ** | **26** |
| **၇။ ဖြစ်ရပ်နှိုင်းယှဉ်လေ့လာချက်များ** | **28** |
| ၇၊ ၁။ ဖြစ်ရပ်လေ့လာမှု (၁) – ဩစတြေးလျ | 28 |

၇၊ ၁၊ ၁။ ခြုံငုံသုံးသပ်ချက် – ဘတ်ဂျက်၊ နိုင်ငံအဆင့်ဂျဲန်ဒါရေးရာ စနစ်ယန္တရားနှင့် အဖွဲ့အစည်း အဆောက်အအုံဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုများ 28

၇၊ ၁၊ ၂။ နိုင်ငံအဆင့်စီမံကိန်းများ – အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေးနှင့် WPS မူများ 29

၇၊ ၁၊ ၃။ ဩစတြေးလျ၏ WPS ဆိုင်ရာ အစိုးရတစ်ရပ်လုံး ချဉ်းကပ်ဆောင်ရွက်မှု – အားသာချက် နှင့် အားနည်းချက်များ 29

၇၊ ၁၊ ၄။ ကွာဟချက်များနှင့် စိန်ခေါ်ချက်များ 30

၇၊ ၁၊ ၅။ အောင်မြင်မှုများ 31

၇၊ ၁၊ ၆။ သင်ခန်းစာများ 31

၇၊ ၁။ ဖြစ်ရပ်လေ့လာမှု (2) – တီမောလက်စ်တေ 32

၇၊၂၊ ၁။ ပဋိပက္ခလွန်ကာလနှင့် အရင်းအမြစ်နည်းပါးသော အခြေအနေ 32

၇၊ ၂၊ ၂။ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု၊ နိုင်ငံအဆင့် စီမံချက်များနှင့် အရပ် ဘက်လူမှုအဖွဲ့အစည်းခေါင်းဆောင်မှု 32

၇၊ ၂၊ ၃။ နိုင်ငံရေးစိတ်ဆန္ဒနှင့် အောက်ခြေလူထုခေါင်းဆောင်မှု 33

၇၊ ၂၊ ၄။ တီမောလက်စ်တေမော်ဒယ်အပေါ် ဝေဖန်သုံးသပ်ချက်များ 34

၇၊ ၂၊ ၅။ သင်ခန်းစာများ 34

၇၊ ၃။ နှိုင်းယှဉ်ချက်အရ ထိုးထွင်းသိမြင်မှု – ဩစတြေးလျနိုင်ငံနှင့် တီမောလက်စ်တေ နိုင်ငံတို့တွင် နိုင်ငံအဆင့်စီမံချက် တစ်ခုတည်း အောင်မြင်ရခြင်းအကြောင်းရင်း 35

၇၊ ၄။ မြန်မာနိုင်ငံအတွက် သင်ခန်းစာများ 36

အဓိကသုံးသပ်ချက် 38

**၈။ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဆွေးနွေးသုံးသပ်ခြင်း** **39**

၈၊ ၁။ အုပ်ချုပ်ရေးနှင့် မူဝါဒပေါင်းစည်းချိန်ညှိမှု 40

၈၊ ၂။ အကာအကွယ်ပေးရေးနှင့် တားဆီးကာကွယ်ရေး စနစ်ယန္တရားများ အကောင်အထည်ဖော်ခြင်း 42

၈၊ ၃။ ညှိနှိုင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်လျာထားခွဲဝေမှု 44

၈၊ ၄။ တာဝန်ယူတာဝန်ခံမှုနှင့် စောင့်ကြည့်စစ်ဆေးမှု 46

၈၊ ၅။ သက်ဆိုင်သူအစုအဖွဲ့များ၏ အကြံပြုချက်များနှင့် အနာဂတ်စီမံကိန်း 48

၈၊ ၆။ တွေ့ရှိချက်များ 51

၈၊ ၇။ နိဂုံး 53

**၉။ အကြံပြုချက်များ** **56**

**၁၀။ နိဂုံးချုပ်** **58**

**ကိုးကားချက်များ** **60**

# အတိုကောက်စာလုံးများ

| | |
|---|---|
| ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (All Burma Students' Democratic Front) |
| ADF | ဩစတြေးလျနိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့ (Australian Defence Force) |
| AFP | ဩစတြေးလျနိုင်ငံ ဖက်ဒရယ်ရဲတပ်ဖွဲ့ (Australian Federal Police) |
| AGD | နိုင်ငံရှေ့နေချုပ်ဌာန (ဩစတြေးလျ) (Attorney-General's Department (Australia)) |
| BPLA | ဗမာပြည်သူ့လွတ်မြောက်ရေးတပ်မတော် (Bamar People's Liberation Army) |
| CBO | လူထုအခြေပြုအဖွဲ့အစည်း (Community-Based Organisation) |
| CEDAW | အမျိုးသမီးများအပေါ် ခွဲခြားမှုအားလုံးပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) |
| CDM | အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement) |
| CoC | ကျင့်ဝတ်စည်းကမ်း (Code of Conduct (NUG)) |
| CRB | Colours Rainbow |
| CRPD | မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities) |
| CRSV | ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (Conflict-Related Sexual Violence) |
| CSO | အရပ်ဘက်လူထုအဖွဲ့အစည်း (Civil Society Organisation) |
| DFAT | နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (ဩစတြေးလျ) (Department of Foreign Affairs and Trade (Australia)) |
| DoD | ကာကွယ်ရေးဝန်ကြီးဌာန (ဩစတြေးလျ) (Department of Defense (Australia)) |
| DV | အိမ်တွင်း အကြမ်းဖက်မှု (Domestic Violence) |
| ERO | တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (Ethnic Revolutionary Organisation) |
| FDC | ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (Federal Democracy Charter) |
| FV | မိသားစုတွင်း အကြမ်းဖက်မှု (Family Violence) |
| GBV | ဂျန်ဒါအခြေပြု အကြမ်းဖက်မှု (Gender-Based Violence) |
| GEP2024 | ဂျန်ဒါတန်းတူညီမျှရေးမူဝါဒ (Gender Equality Policy) [၂၀၂၄ ခုနှစ် တွင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန MOWYCA မှ ရေးဆွဲသည်] |

| | |
|---|---|
| IEC | ကရင်နီပြည်နယ် ကြားကာလအုပ်ချုပ်ရေးကောင်စီ (Karenni State Interim Executive Council) |
| INGO | အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း (International Non-Government Organisation) |
| KSCC | ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council) |
| LGBTIQ+ | အမျိုးသမီးချင်းလိင်တူချစ်သူ၊ အမျိုးသားချင်းလိင်တူချစ်သူ၊ လိင်တူလိင်ကွဲ နှစ်မျိုးစလုံး စိတ်ဝင်စားသူ၊ လိင်ပြောင်းလဲထားသူနှင့် ဆက်စပ် အသိုင်းအဝိုင်းနှင့် အခြားသော ဖော်ပြမထားသည့်ခံယူချက်များကို ကိုယ်စားပြုသည်။ |
| MOHR | လူ့အခွင့်အရေးဝန်ကြီးဌာန (NUG) (Ministry of Human Rights (NUG)) |
| MOWYCA | အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန |
| MSFC | မွန်ပြည်နယ် ဖက်ဒရယ်ကောင်စီ (Mon State Federal Council) |
| NAP | နိုင်ငံအဆင့်လုပ်ငန်းစီမံချက် (National Action Plan) |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း (Non-Government Organisation) |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) |
| NSPAW | အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government) |
| PAP | မူဝါဒဆိုင်ရာ သုံးသပ်ချက်စာတမ်း (Policy Analysis Paper) |
| PDF | ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (People's Defense Force) |
| PoVAW | အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေမူကြမ်း |
| PSEAH | လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ စော်ကားခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်းဆိုင်ရာ အကာကွယ်ပေးရေးမူဝါဒ |
| PWD | မသန်စွမ်းသူများ |
| SGBV | လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု (Sexual and Gender-Based Violence) |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Program) |
| UNSCR | ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် (United Nations Security Council Resolution) |
| VAW | အမျိုးသမီးများအပေါ် အကြမ်းဖက်မှု (Violence Against Women) |
| VAWG | အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု (Violence Against Women and Girls) |
| WAC-M | အမျိုးသမီးမဟာမိတ်အဖွဲ့-မြန်မာ |
| WON | အမျိုးသမီးအဖွဲ့အစည်းများကွန်ရက် (Women's Organisations Network) |
| WPS | အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (Women, Peace, and Security) |

# ၁။ နိဒါန်း

၂၀၂၁ ခုနှစ် အကြမ်းဖက်စစ်အုပ်စု၏ တရားမဝင်အာဏာသိမ်းရန်ကြိုးပမ်းမှုကြောင့်[1]မြန်မာနိုင်ငံ၌ လိင်ပိုင်း ဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ၊ ပဋိပက္ခအခြေပြုဖြစ်ပွားသော လိင်ပိုင်း ဆိုင်ရာအကြမ်း ဖက်မှုများ နှင့် လိင်စိတ်ခံယူမှုကွဲပြားသူများအပါအဝင် မသန်စွမ်းသူများကဲ့သို့ သော ထိခိုက်လွယ်သည့် အုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုများ ပိုမိုပြင်းထန်လာသည်။ ထိုစစ် အာဏာသိမ်းရန် ကြိုးပမ်းမှုသည် အမျိုးသမီး များအား ခေါင်းဆောင်မှု၊ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် မူဝါဒချမှတ်မှုအခန်းကဏ္ဍများတွင် ချန်လှပ်ထားမြဲရှိသည်ကိုလည်း ပိုမိုထင်ရှားလာစေ သည်။ ဂျဲန် ဒါတန်းတူညီမျှမှုကို ဦးစားပေးဆောင်ရွက်ရန်နှင့် အမျိုးသမီးများ၊ မိန်းကလေး ငယ်များနှင့် အခြား ထိလွယ်ခိုက်လွယ်သောအုပ်စုများကို အကြမ်းဖက်မှုမှ ကာကွယ်တားဆီးနိုင်ရန်အတွက် ပြည့်စုံ လွှမ်းခြုံသော ကာကွယ်တားဆီးရေး၊ အကာအကွယ်ပေးရေးနှင့် တုံ့ပြန်ရေးစနစ်ယန္တရားများ ဖော် ဆောင် နိုင်ရန် အရေးကြီးသည့်စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

ဤမူဝါဒဆိုင်ရာ သုံးသပ်ချက်စာတမ်းသည် ရှိရင်းစွဲနှင့် ပေါ်ထွက်လာနေသော ဂျဲန်ဒါရေးရာမူဝါဒ များ၊ မူဘောင်များနှင့် လက်တွေ့လုပ်ဆောင်မှုများအတွင်းရှိ ကွာဟနေချက်များကို အကဲဖြတ် ဆန်းစစ်ထားသည်။ မူဝါဒတစုံတရာမရှိသေးသည့် နေရာများအတွက် ဖြစ်နိုင်ချေရှိသော လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အနှစ် ချုပ်ဖော်ပြထားသည်။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်းများ၊ ကြားကာလအုပ်ချုပ်ရေးအဖွဲ့များနှင့် အခြားနိုင်ငံရေး (သို့မဟုတ်) လက်နက်ကိုင် အဖွဲ့အစည်းများအား အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက် ဆံမှုများအားလုံး ပပျောက် ရေး သဘောတူစာချုပ် (စီဒေါ)၊ ၎င်း၏ နောက်ဆက်တွဲ လုပ်ထုံး လုပ်နည်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) ကဲ့သို့သော နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်လျောညီထွေ ဖြစ်သော သက်သေအထောက်အထားများဖြင့်-အခြေခံထားသည့် အကြံပြု ချက်များ ကမ်းလှမ်းရန်လည်း ရည်ရွယ်သည်။ ဤစာတမ်းသည် လိုက်နာဆောင်ရွက်ခြင်း ထက်ကျော်လွန်သည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုကို တားဆီး ကာကွယ်ခြင်း၊ ၎င်းတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်းအပြင် နိုင်ငံရေးနှင့် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာပါဝင်နိုင်ရေးကို မြှင့်တင်ပေးသည့်

---

1 အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းမှုသည် စစ်ကောင်စီ၏ နှစ်ပေါင်း (၁၄) နှစ် နီးပါးကြာရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ကို တိုက်ရိုက်ချိုးဖောက်ရာရောက်သည်။ အဘယ်ကြောင့်ဆိုသော် အကြမ်းဖက်စစ်ကောင်စီသည် (၁) ပုဒ်မ ၄၁၇ အရ သမ္မတသည် အရေးပေါ် အခြေအနေကို ဥပဒေနှင့်အညီကြေညာနိုင်ခြင်းမရှိစေရန် သမ္မတနှင့် အခြားသောဖွဲ့စည်းပုံအရရာထူးရာခံရှိသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့ ခြင်း၊ (၂) လိုက်နာရမည့် ဖွဲ့စည်းပုံတွင်းပြဋ္ဌာန်းထားချက်များကို လျစ်လျူရှုကာ ပုဒ်မ ၄၁၈ (က) အရ အချုပ်အခြာအာဏာလွှဲပြောင်းမှုကို ဆောင်ရွက်ခဲ့မှု မရှိခြင်း (ပုဒ်မ ၄၂၁ ရှိ ပါလီမန်ဆိုင်ရာ လိုက်နာရမည့်အဆင့်များအပါအဝင်) နှင့် (၃) ပုဒ်မ ၄၁၇ နှင့် မကိုက်ညီသည့် အချက်အလက်ဆိုင်ရာအဆို များကို ကိုးကားခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ (ကိုးကား - Myanmar Law Library)။ https://www.myanmar-law-library.org/law-library/laws-and-regulations/constitutions/2008-constitution.html?utm_source=chatgpt.com

အားလုံးအကျုံးဝင်သော အုပ်ချုပ်ရေးစနစ်ကိုထူထောင်ရန် အားပေးတိုက်တွန်းထားပါသည်။

ဤလေ့လာသုံးသပ်ချက်သည် ကြားကာလအုပ်ချုပ်ရေးအဖွဲ့များ၊ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် တော်လှန် ရေးအဖွဲ့အစည်းများ၏ မူဝါဒဆိုင်ရာစာရွက်စာတမ်းများအပြင် အမျိုးသမီးအဖွဲ့အစည်းများမှ အဆိုပြုထားသည့် မူဘောင်များကိုပါ ထုတ်နုတ်သုံးသပ်ထားသည်။ ယခုသုံးသပ်ချက်စာတမ်းသည် အမျိုးသမီးများ၏ နိုင်ငံရေး၌ ပါဝင်ဆောင်ရွက်နိုင်မှုကို အာမခံသည့် အစီအမံများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် မသန်စွမ်း အသိုင်းအဝိုင်းများအား လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် အခြားသော အကြမ်းဖက်မှု ပုံစံအမျိုးမျိုးမှ အကာအကွယ်ပေးရေး အစီအမံများကို အထူးအလေး ထားသုံးသပ်ထားသည်။ နောက်ဆုံး အနေဖြင့် ဤစာတမ်းသည် ပေါ်ပေါက်လာနေသော အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းမှုများ၊ တော်လှန်ရေး အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ထိန်းချုပ်မှုနှင့် အုပ်ချုပ်မှုအောက်ရှိနယ်မြေဒေသများတွင် လူမှုအသိုင်း အဝိုင်းအားလုံးအတွက် ကာကွယ်တားဆီးပေးမှု၊ အကာအကွယ်ပေးမှုနှင့် အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်နိုင်ရေးတို့ကို အာမခံနိုင်မည့် အားလုံးအကျုံးဝင်သော စနစ်ယန္တရားများ လက်တွေ့ကျကျလုပ်နိုင်မည့် မဟာဗျူဟာများကို ထည့်သွင်းအကြံပြုထားသည်။

# ၂။ နောက်ခံသမိုင်းအကျဉ်း

## ၂၊ ၁။ မြန်မာ့ပဋိပက္ခ

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့သည့်အချိန်မှစ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဖက်ဒရယ်စနစ် မျှော်မှန်းချက်များ၏တွန်းအားဖြင့် ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်ကို[2] ကြုံတွေ့ခံစားနေရသည်။ ၁၉၄၇ ခုနှစ်က သဘောတူခဲ့ကြသည့် ပင်လုံစာချုပ်အရ ထိုစဉ်ကအစိုးရသည် အချို့သောတိုင်းရင်းသားများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကတိကဝတ်ပြုခဲ့သော်လည်း အကောင်အထည်ဖော်ဆောင်ရန် ပျက်ကွက်ခဲ့မှုကြောင့် တိုင်းရင်းသားလူနည်းစုအသိုင်းအဝန်းမှ တော်လှန်မှုများကိုဖြစ်ပေါ်စေခဲ့ရာ လက်နက်ကိုင်တော်လှန်ရေး လှုပ်ရှားမှုများအပြင် ထို့ထက် ဆယ်စုနှစ်များစွာရှိ အစောပိုင်းကာလအတွင်း ကွန်မြူနစ်တော်လှန်ရေးလည်း[3] ဖြစ်ပွားပေါ်ပေါက်လာခဲ့သည်။ အကြမ်းဖက်စစ်တပ်၏ ၁၉၆၂ ခုနှစ်အပြင် ၁၉၈၈ ခုနှစ်တွင်ပါ ထပ်မံအာဏာသိမ်းမှုသည် အာဏာရှင်စနစ်နှင့် စစ်ဝါဒကို အခိုင်အမာအမြစ်တွယ်စေခဲ့သည့် အကျိုးဆက်အဖြစ်

2 Guinness World Records, Longest Civil War of Modern Time, https://www.guinnessworldrecords.com/world-records/114580-longest-civil-war-of-modern-times#:~:text=The%20civil%20war%20in%20Burma,continues%20to%20the%20present%20day

3 Crouch, M. (2016), The Constitutional Implications of Myanmar’s Peace Process, The ConstitutionNet, International IDEA, http://constitutionnet.org/news/constitutional-implications-myanmars-peace-process

စနစ်တကျဖိနှိပ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ တိုင်းရင်းသားလူမျိုးများ၊ လူနည်းစုများနှင့် ဘာသာရေးလူနည်းစုများကို နှိပ်စက်ညှဥ်းပန်းမှုများ၊ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရမှုများနှင့် စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်သော လူထုလှုပ်ရှားမှုများ ပေါ်ပေါက်လာစေခဲ့သည်။[4]

## ၂.၂။ မြန်မာနိုင်ငံရှိ စစ်ဝါဒ

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာအခန်းကဏ္ဍများကို အကြမ်းဖက်စစ်အုပ်စုသည် ဆယ်စုနှစ်များစွာကြာအောင် လွှမ်းမိုးချုပ်ကိုင်ထားခဲ့သည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်အာဏာရှင် အဆက်ဆက်သည် ဆိုးရွားသောဖိနှိပ်မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား စိတ်ကြိုက်ခြယ်လှယ်ခြင်းနှင့် စီးပွားရေး အလုံးစုံကို ချုပ်ကိုင်ခြင်းတို့မှတဆင့် အာဏာရှင်စနစ်ကို တောင့်တင်းခိုင်မာအောင် တည်ဆောက်ခဲ့ကြသည်။[5] ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းမှုသည် ခေတ်သစ်မြန်မာ့သမိုင်းတွင် အချိုးအကွေ့တစ်ခုဖြစ်ခဲ့ပြီး စစ်ဝါဒကို အုပ်ချုပ်ရေးနှင့် ပြည်သူလူထုဘဝ၏ အဓိကကြန်အင်လက္ခဏာအဖြစ် သွတ်သွင်းခဲ့သည်။ စစ်တပ်၏အာဏာခိုင်မြဲမှုကို အတွေးအခေါ် (အယူဝါဒ)၊ စီးပွားရေးထိန်းချုပ်မှုနှင့် အကြမ်းဖက်ဖိနှိပ်မှုတို့ ပေါင်းစပ်ထားသည့်နည်းလမ်းများဖြင့် ထိန်းသိမ်းထားသည်။[6] ၂၀၂၁ ခုနှစ် အာဏာသိမ်းကြိုးပမ်းမှုပြီးနောက် အကြမ်းဖက်စစ်တပ်သည် ဒီမိုကရေစီလိုလားသည့် ဆန္ဒပြသူများနှင့် ထောက်ခံသူများကို သတ်ဖြတ်ခြင်း၊ ထောင်ချခြင်း၊ အတင်းအဓမ္မစစ်မှုထမ်းစေခြင်း၊ တော်လှန်ရေးကိုထောက်ခံနေသည်ဟု ၎င်းတို့သံသယရှိသော ကျေးရွာများနှင့် လူထုအသိုင်းအဝန်းများကို လေကြောင်းမှ ဗုံးကြဲခြင်းအပြင် မြေပြင်တိုက်ခိုက်မှုမျိုးစုံနှင့် တစထက်တစ တိုးမြှင့်လုပ်ဆောင်လာသည်။[7]
စစ်ဝါဒသည် တော်လှန်ရေးအဖွဲ့အစည်းများနှင့် အရပ်သားလူနေမှုဘဝတို့အတွင်း၌ပင် ဖြန့်ကျက်လွှမ်းခြုံနေပြီး အုပ်ချုပ်ရေးဖွဲ့စည်းပုံများ၊ ဂျန်ဒါအခြေပြုစံနှုန်းများနှင့် သြဇာအရှိန်အဝါ/အာဏာဆက်နွယ်မှုများကို ပုံဖော်သတ်မှတ်ပေးနေသည်။ စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်နေသည့် တော်လှန်ရေးအဖွဲ့များသည်ပင်လျှင် ၎င်းတို့ကိုယ်တိုင် စစ်အာဏာရှင်စနစ်ကို တွန်းလှန်နေသော်လည်း ဖိုဝါဒကြီးစိုးသည့်စံနှုန်းများနှင့် အမျိုးသမီးများပါဝင်မှုကိုကန့်သတ်ထားသည့်

---

4 Maizland, L. (2022), Myanmar's Troubled History: Coups, Military Rule, and Ethnic Conflict, Council on Foreign Relations, 31 January 2022, https://www.cfr.org/backgrounder/myanmar-history-coup-military-rule-ethnic-conflict-rohingya

5 Head, J., (2021), Myanmar's Coup: What Protesters Can Learn from the '1988 Generation', BBC, 16 March 2021, https://www.bbc.com/news/world-asia-56331307

6 Ibid.

7 Wa Lone and Poppy McPherson, Insight: Troops burn villages in Myanmar heartland, seek to crush resistance, Reuters, 14 April 2022, https://www.reuters.com/world/asia-pacific/troops-burn-villages-myanmar-heartland-seek-crush-resistance-2022-04-14/ and "In Rakhine State, Myanmar's Military is Wiping Entire Villages Off the Map, The Irrawaddy, 18 January 2024, https://www.irrawaddy.com/news/burma/in-rakhine-state-myanmars-military-is-wiping-entire-villages-off-the-map.html

စစ်ဝါဒနှင့် အထက်အောက်အုပ်ချုပ်မှုစနစ်ကို ပြန်လည် အသက်သွင်းလုပ်ဆောင်လျက် ရှိကြသည်။ မကြာခဏဆိုသလို အမျိုးသမီးများ၏ ရှေ့တန်း၌ ထောက်ကူနေသည်ဖြစ်စေ (သို့မဟုတ်) နိုင်ငံရေးအရ စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်နေသည်ဖြစ်စေ ၎င်းတို့၏ပါဝင်ပံ့ပိုးမှုများကို တန်ဖိုးထားခြင်းမရှိကြပေ။ နိုင်ငံနှင့် တော်လှန်ရေး လှုပ်ရှားမှုများအတွင်း စိမ့်ဝင်လျက်ရှိသော စစ်ဝါဒသည် ဒီမိုကရေစီအခွင့်အရေးများနှင့် အားလုံးပါဝင်မှုရှိသည့် အုပ်ချုပ်ရေး စနစ်ထူထောင်ရေးကို ဆက်လက်၍ အဟန့်အတားအဖြစ်ရှိနေသည်။[8]

## ၂။ ၃။ ဂျန်ဒါတန်းတူမညီမျှမှုများ

ကြားကာလအုပ်ချုပ်ရေးဖွဲ့စည်းမှုများ ပေါ်ပေါက်လာခြင်းသည် အားလုံးပါဝင်သော အုပ်ချုပ်ရေးအတွက် အခွင့် အလမ်းများ ဖော်ဆောင်ပေးနေသော်လည်း အမျိုးသမီးများနှင့် ဖယ်ကျဉ်ခံအသိုင်းအဝိုင်းတို့၏ ပါဝင်နိုင်မှုမှာ အကြီးအကျယ်နည်းပါးနေဆဲဖြစ်သည်။[9] ဆုံးဖြတ်ချက်ချမှတ်ခြင်းမှ ၎င်းတို့အားဖယ်ထုတ်ထားခြင်းသည် ဂျန်ဒါရေးရာ အလေးထားသည့်မူဝါဒများ ချမှတ်ဖော်ဆောင်မှုကိုထိခိုက်စေပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အဟန့်အတားအနှောင့်အယှက် ဖြစ်နေပေသည်။[10] တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းများနှင့် ကြားကာလအုပ်ချုပ်ရေးအဖွဲ့များသည် ဖက်ဒရယ်စနစ်နှင့် နိုင်ငံတည်ဆောက်ရေးတို့ကို ဦးစားပေးလုပ်ဆောင်နေသောကြောင့်အမျိုးသမီးများ၊ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများနှင့် အခြားအဖယ်ခံအုပ်စုများ၏ အရေးပေါ်လိုအပ်ချက်များကို လျစ်လျူရှုထားတတ်ကြသည်။

မြန်မာနိုင်ငံ၌ ရိုးရာဓလေ့စံနှုန်းများနှင့် မြန်မာအကြမ်းဖက်စစ်အုပ်စုမှ ဖန်တီးတည်ဆောက်ထားသည့် မူဝါဒများ၊ ဖွဲ့စည်းတည်ဆောက်မှုများ၊ စနစ်ယန္တရားများနှင့် အလေ့အကျင့်များက အမြစ်တွယ်နေသည့် ဂျန်ဒါမညီမျှမှုများကို ဆက်လက်အားဖြည့် ပံ့ပိုးပေးလျက်ရှိသည်။ အမျိုးသမီးများသည် အမျိုးသားများ၏ လက်အောက်ခံအဖြစ် နေထိုင်ရန် ပုံသွင်းခံရလေ့ရှိပြီး လူမှုရေးနှင့် အစိုးရဆိုင်ရာဖွဲ့စည်းတည်ဆောက်မှုများမှာလည်း အမျိုးသမီးများအား ပညာရေး၊ အလုပ်အကိုင်နှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍများကို လက်လှမ်းမမီအောင် ကန့်သတ်ထားသည်။ အမျိုးသားများသည် ပိုမိုအကျိုးအမြတ်များသော လုပ်ငန်းနယ်ပယ်အသီးသီးတွင် လွှမ်းမိုးထားနိုင်စဉ် အမျိုးသမီးများသည် လစာနည်းပါးသောအလုပ်အကိုင်များ၌ အချိုးမညီမျှစွာပိတ်မိနေကြရာ ၎င်း

8 WLB, (2024) Militarism's Grip on Women's Political Life in Burma, yet to be published, December 2024, joint research paper by the WLB and APWLD

9 The Asia Foundation, Women's Political Participation in Myanmar: Challenges and Opportunities, 2023, https://asiafoundation.org/publication/womens-political-participation-in-myanmar/

10 UN Women & UNDP, Women's Participation in Peacebuilding in Myanmar, 2022, https://asiapacific.unwomen.org/en/digital-library/publications/2022/05/womens-participation-in-peacebuilding-in-myanmar

သည် ဂျဲန်ဒါအကြား လုပ်ခလစာကွာဟမှုကို ပိုခိုင်အောင်ကျားကန်ပေးထားသည်။[11]အမျိုးသမီးများသည် အဆင့်မြင့် သောပညာရေးကို သင်ယူနေကြသော်လည်း ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အတားအဆီးများ ဆက်လက် တည်ရှိနေဆဲပင်။ ထိုမညီမျှမှုများအား စစ်ဝါဒသည် အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းစေခြင်းနှင့် ပို၍ပင်ဘေးဖယ်ထားခြင်းဖြင့် မညီမျှမှုများကို ပိုမိုဖြစ်ပွားစေသည်။ ခိုင်မာသည့် နိုင်ငံရေးစိတ်ဆန္ဒ၊ အသိအမှတ်ပြုမှုနှင့် အမျိုးသမီးများအား အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်ခွင့်ပေးခြင်းမရှိပါက နိုင်ငံရေးအစီအစဉ်အသစ်များသည် တရားမျှတပြီး တန်းတူညီမျှမှုရှိသော လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်မည့်အစား အတိတ်ကာလက မတရားမှုများကို တထေရာတည်း ပြန်လည်ပုံတူကူးချမည့် အန္တရာယ်အလားအလာရှိနေသည်။

11 Crisp, R., and Clementi, A., (2025), “Reality or Rhetoric: Understanding Gender Inequality and Education in Myanmar,” Australian Institute of International Affairs, 6 June 2025, https://www.internationalaffairs.org.au/australianoutlook/reality-or-rhetoric-understanding-gender-inequality-and-education-in-myanmar/

# ၃။ သုတေသန နည်းလမ်းများ

ဤစာတမ်းသည် ရှိပြီးသားစာရွက်စာတမ်းစာပေအား သုတေသနပြုခြင်း၊ မူဝါဒဆိုင်ရာ စာရွက်စာတမ်းများ ပြန်လည်သုံးသပ်ခြင်းနှင့် ကဏ္ဍအစုံမှ စုံလင်ပြားသောသူများနှင့် တိုင်ပင်ဆွေးနွေးမှုများအပါအဝင် အရည်အသွေး စံပြုသုတေသနနည်းစနစ်များကို အသုံးပြုထားသည်။ အမျိုးသမီးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု အုပ်ချုပ်ရေးအဖွဲ့များ (သို့မဟုတ်) ဖက်ဒရယ်ယူနစ်များ၊ ရပ်ရွာအခြေပြုအစုအဖွဲ့များ၊ လက်နက်ကိုင် တော်လှန်နေသူများ၊ LGBTIQ+အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးထောက်ကူနေသူများ၊ ကြားကာလ အုပ်ချုပ်ရေးကောင်စီများနှင့် မေးမြန်းမှု၊ ဦးတည်အုပ်စုများနှင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ လုံခြုံရေးနှင့် လက်လှမ်းမီနိုင်မှုအပေါ်မူတည်၍ သက်ဆိုင်သူအချို့ကို လူကိုယ်တိုင်တွေ့ဆုံမေးမြန်းခဲ့သော်လည်း ဆွေးနွေးမှု အများစုကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ခဲ့သည်။

ပါဝင်ဖြေဆိုသူ (၁၅) အုပ်စုထက်မနည်း တိုင်ပင်ဆွေးနွေးနိုင်ရန် ရည်ရွယ်ခဲ့သော်လည်း စုစုပေါင်းသက် ဆိုင်သူများအုပ်စု (၉) အုပ်စုနှင့်သာ ဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့သည်။ ဆွေးနွေးမေးမြန်းမှုပြုလုပ်ခဲ့သည့် အဆိုပါပတ်သက်ဆက်နွယ်နေသူများတွင် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၊ ဗမာပြည် သူ့လွတ်မြောက်ရေးတပ်တော်၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ စစ်ကိုင်းဖိုရမ် ဖက်ဒရေးရှင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနတို့ ပါဝင်သည်။

ဤသုံးသပ်ချက်စာတမ်း ရေးသားနေသည့် တချိန်တည်းမှာပင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများ၊ ဝန်ဆောင်မှုထောက်ကူပေးသူများ၊ အမျိုးသမီး အဖွဲ့အစည်းများနှင့်လည်း သုတေသနတခုကို လုပ်ဆောင်နေခဲ့သည်။ ဤမူဝါဒဆိုင်ရာသုံးသပ်ချက်နှင့် ခြားနားမှုရှိသော်လည်း ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသုတေသနသည် အကြမ်းဖက်မှုပုံစံများ၊ ရှင်သန်လွတ်မြောက်လာသူများအား အကာအကွယ်ပေးရေးအတွက် ရှိနေသည့်ကွာဟချက်များနှင့် တော်လှန် ရေးနယ်မြေများတွင် ဂျန်ဒါရေးရာ အလေးထားသည့်မူဘောင်များ အရေးတကြီးလိုအပ်လျက်ရှိနေသည်ကို ထောက်ပြထားပေသည်။ ထိုသုတေသနနှင့် ယခုသုံးသပ်ချက်စာတမ်းမှ ရရှိထားသော အသိအမြင်များအား ပေါင်းစပ်သုံးသပ်စိတ်ဖြာလိုက်သည့်အခါ ဤစာတမ်း၏ ကာကွယ်တားဆီးရေးနှင့် အကာအကွယ်ပေးရေး စနစ်ယန္တရားများဆိုင်ရာသုံးသပ်ချက်ကို ပို၍ပင်ခိုင်မာလာစေပြီး ဤစာတမ်းမှကမ်းလှမ်းသည့် အကြံပြုချက် များသည် ရှင်သန်လွတ်မြောက်လာသူများအား ဗဟိုပြုထားသည့် အခြေအမြစ်ရှိသောရှုထောင့်မှ သုံးသပ်ပြထားခြင်းဖြစ်ကြောင်း သေချာသွားပေသည်။

မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့သူများက တော်လှန်ရေးနယ်မြေများနှင့် ကြားကာလ အုပ်ချုပ်ရေးဖွဲ့စည်းမှုများအတွင်း ဂျန်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမှုများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် လက်ရှိကွာဟချက်များ၊ စိန်ခေါ်

ချက်များနှင့် အခွင့်အလမ်းများကို အသိပေးဆွေးနွေးပေးခဲ့ကြသည်။ ဤစာတမ်း၏ ခွဲခြမ်းစိတ်ဖြာချက်သည် ကြားကာလအုပ်ချုပ်ရေးအဖွဲ့များနှင့် တော်လှန်ရေးတွင်ပါဝင်နေသူများ၏ မူဝါဒနှင့် လက်တွေ့လုပ်ဆောင် မှုများသည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ချမှတ်လုပ်ဆောင်နိုင်ရန်အတွက် စီဒေါနှင့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ မူဘောင်တို့ကို ကိုးကားဆွေးနွေးပေးထားသည်။ အရည်အသွေးဆိုင်ရာ အချက်အလက်များသည် အရပ်ဘက်အဖွဲ့အစည်းများ၏ အတွေးအမြင်များကို ပြည့်ပြည့်စုံစုံ ပုံဖော်ပေးနိုင်သည့်အပြင် စစ်အာဏာရှင်စနစ်ကို အဆုံးသတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရန်အလို့ငှာ ဖြစ်ပေါ်လာသည့် အသွင်ကူးပြောင်းရေးကာလ ပြည်သူ့တော်လှန်ရေး အုပ်ချုပ်မှုများအတွင်း ဂျန်ဒါတန်းတူညီမျှရေးကို ထည့်သွင်းဆောင်ရွက်ရန်ကြိုးပမ်းရာတွင် လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုလည်း ပြည့်စုံစွာဖော်ပြနိုင်ခဲ့သည်။

# ၄။ ရည်ရွယ်ချက်များ

ဤမူဝါဒဆိုင်ရာ သုံးသပ်ချက်စာတမ်း၏ရည်ရွယ်ချက် လေးရပ်ရှိသည် –

၁။ ပေါ်ပေါက်လာနေသော ကြားကာလအုပ်ချုပ်ရေးအဖွဲ့များ၊ တော်လှန်ရေးအဖွဲ့များနှင့် တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများအကြား လက်ရှိ (သို့မဟုတ်) ပေါ်ပေါက်လာမည့် ဂျဲန်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်များ အကောင်အထည်ဖော်ရာတွင်ရှိနေသည့် ကွာဟချက်များ၊ စိန်ခေါ်မှုများနှင့် အတားအဆီးများကို ဖော်ထုတ်နိုင်ရန်။

၂။ အမျိုးသမီးများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် မသန်စွမ်းသူများကို အုပ်ချုပ်မှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အဓိပ္ပာယ်ပြည့်ဝစွာပါဝင်နိုင်ရန် လမ်းညွှန်ပေးနိုင်မည့် အားလုံးပါဝင်မှုရှိသော မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများအတွက် လက်တွေ့လုပ်ဆောင်နိုင်မည့် အကြံပြုချက်များကို ချမှတ်ဖော်ဆောင်နိုင်ရန်။

၃။ အမျိုးသမီးအဖွဲ့အစည်းများ၊ တော်လှန်ရေးသမားများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ပေါ်ပေါက် လာနေသော အုပ်ချုပ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေခြင်းဖြင့် အောက်ခြေမှစတင်သည့် အားလုံးအကျုံးဝင်/ပါဝင်သော မူဝါဒချမှတ်မှုနှင့် လက်တွေ့အကောင်အထည်ဖော်ရေး အစီအစဉ်များကို မြှင့်တင်ရန်အတွက် ကဏ္ဍပေါင်းစုံအတွင်း ဆွေးနွေးမှုများကို အားကောင်းလာစေရန်။

၄။ စီဒေါသဘောတူစာချုပ်၊ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၁၃၂၅) မူဘောင်နှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအပါအဝင် ဂျဲန်ဒါတန်းတူညီမျှမှုရှိရေးနှင့် လူ့အခွင့်အရေး လေးစားသမှုရှိရေးကို မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီသို့ အသွင်ကူးပြောင်းမှုပြုသည့် လုပ်ဆောင်ချက်များ၌ ထိုနိုင်ငံတကာစံနှုန်းများ၊ အကောင်းဆုံးလက်တွေ့လုပ်ဆောင်မှုများ အား လိုက်နာကျင့်သုံးအောင် အားပေးတိုက်တွန်းရန်။

အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ဖြည့်ဆည်းခြင်းအားဖြင့် ပြည်သူ့တော်လှန်ရေး ကာလအတွင်း လက်ရှိကြားဖြတ်အုပ်ချုပ်ရေးများကို သက်ရောက်လွှမ်းမိုးမှုပြုနိုင်သည်သာ မက နောင်လာမည့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလနှင့် ဖက်ဒရယ်ဒီမိုကရေစီ ရေရှည်အနာဂတ်တွင် အားလုံးအကျုံးဝင်သော ဂျဲန်ဒါရေးရာ အလေးထားလုပ်ဆောင်မှုများကို အကောင်အထည်ဖော်ရာတွင် လမ်းပြမြေပုံအဖြစ် အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

# ၅။ မြန်မာနိုင်ငံရှိ ဂျန်ဒါဆိုင်ရာမူဝါဒနှင့် မူဘောင်များ၏အခြေအနေ

## ၅၊ ၁။နိုင်ငံတကာစံနှုန်းများ – စီဒေါနှင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅)

မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် ခွဲခြားမှုများအားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (စီဒေါ)[12] ကို ၁၉၉၇ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော်လည်း ၎င်းကို အကောင်အထည်ဖော်ရာတွင် အားနည်းသည်သာမက လိုရာရွေးချယ်လုပ်ကိုင်သည်က များသည်။ ခေတ်အဆက်ဆက်က စစ်အစိုးရများသည် ထိုနိုင်ငံတကာပြဋ္ဌာန်းချက်များကို နိုင်ငံဥပဒေအဖြစ်ပေါင်းစပ်ကျင့်သုံးရန် (သို့မဟုတ်) ထိရောက်သည့် စောင့်ကြည့်စစ်ဆေးရေး စနစ်ယန္တရားများဖန်တီးရန် ပျက်ကွက်ခဲ့ကြသည်။ တစ်ဦးချင်းတိုင်ကြားမှုများနှင့် စုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းများကို အသုံးပြုနိုင်ရန်အတွက်ရှိနေသည့် ရွေးချယ်နိုင်သော စံနှုန်းသတ်မှတ်ချက်ကိုလည်း အတည်ပြုလက်မှတ်ရေးထိုးခြင်း မရှိသေးပေ။ အရပ်ဘက် လူထုအဖွဲ့အစည်းများသည် စီဒေါကော်မတီသို့[13] ဂျန်ဒါအခြေပြုအကြမ်းဖက်မှု၊ ပညာရေးနှင့် အလုပ်အကိုင်တွင် ခွဲခြားဆက်ဆံမှု၊ နိုင်ငံရေး၌ချန်လှပ်ထားမှုများအပါအဝင် ဆက်လက်ရှိမြဲရှိနေသည့် ချိုးဖောက်မှုများကို အစဉ်တစိုက် အစီရင်ခံတင်ပြခဲ့ကြသည်။
ထို့အပြင် မြန်မာနိုင်ငံသည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (ICCPR) နှင့် မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CRPD) ကဲ့သို့သော သက်ဆိုင်ရာနိုင်ငံတကာစာချုပ်များ (သို့မဟုတ်) လိင်စိတ်ခံယူမှုကွဲပြားသူများ အခွင့်အရေးများကို အထူးကာကွယ်ပေးသည့် နိုင်ငံတကာမူဘောင်များကိုလည်း လက်ခံအတည်ပြုထားခြင်း မရှိသေးပေ။[14] အဆိုပါ ကွာဟချက်များသည် အခွင့်အရေးကိုအခြေခံသော အထူးလုပ်ထုံးလုပ်နည်းများ၊ ယန္တရားများနှင့်ပတ်သက်၍ အထူးသဖြင့် နိုင်ငံ၏အမိန့်အာဏာ (သို့မဟုတ်) ရိုးရာဓလေ့ဆိုင်ရာ ဂျန်ဒါစံနှုန်းများကို စိန်ခေါ်မှုရှိသည်ဟု ရှုမြင်ယူဆထားသည့် နိုင်ငံတကာသဘောတူညီချက်များကို အကန့်အသတ်ဖြင့်သာ ပါဝင်လုပ်ဆောင်နေသည်ကို ထင်ထင်ရှားရှားပြသနေသည်။

---

12 UNOCHR, (1979), Convention on the Elimination of All Forms of Discrimination against Women, New York, 18 December 1979, UNGA Resolution 34/180, https://www.ohchr.org/en/instruments-mechanisms/instruments/convention-elimination-all-forms-discrimination-against-women#:~:text=27(1).-, Introduction,focus%20of%20human%20rights%20concerns

13 WLB, (2006), Constituting Our Rights, February 2006, https://www.womenofburma.org/sites/default/files/2018-06/2006_Constituting_Our_Rights_in_English.pdf

14 Equality Myanmar, (2020), Submission of Shadow Report to the United Nations' Universal Periodic Review Regarding the Human Rights Situations of LGBTI persons in the Republic of the Union of Myanmar, prepared by the Civil Authorize Negotiate Myanmar (C.A.N-Myanmar), in collaboration with 17 LGBTIQ Organisations in Upper Myanmar Region, https://equalitymyanmar.org/wp-content/uploads/2021/01/CAN_UPR.pdf

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀) ဖြင့် စတင်ဆောင်ရွက်ခဲ့ကြသော အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) အစီအစဉ်ကိုလည်း မြန်မာနိုင်ငံတွင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။ ဒေသတွင်းရှိ အခြားနိုင်ငံများနှင့်မတူ မြန်မာနိုင်ငံသည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှင့်ပတ်သက်သည့် နိုင်ငံအဆင့်လုပ်ငန်းစီမံချက် (NAP) ကို ချမှတ်ခဲ့ခြင်းလည်း အလျဉ်းမရှိ။ ဤသို့ မရှိခြင်းသည် စစ်ဝါဒ လွှမ်းမိုးချုပ်ကိုင်မှု၊ နိုင်ငံရေးဆုံးဖြတ်ချက်ချမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများအားဖယ်ကျဉ်ထားမှုကို ထင်ဟပ်ပြသလျက်ရှိသည်။ ဩစတြေးလျနှင့် တီမောလက်စ်တေကဲ့သို့သော နိုင်ငံများတွင် ဗဟိုချုပ်ကိုင်မှုကိုအခြေခံသည့် တစ်ခုတည်းသော နိုင်ငံအဆင့်လုပ်ငန်းစီမံချက် (NAP) များကို ဖော်ဆောင်နိုင်ခဲ့ကြသော်လည်း မြန်မာနိုင်ငံ၏ လူမျိုးစုစုံ လင်ကွဲပြားမှုနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော တော်လှန်အုပ်ချုပ်မှုအခြေအနေများကြောင့် တစ်ခု တည်းသော နိုင်ငံအဆင့်လုပ်ငန်းစီမံချက်ဖြင့် လုံလောက်နိုင်မည်လား (သို့မဟုတ်) ပြည်နယ်နှင့် တိုင်းရင်းသားလူမျိုးစုအဆင့်မူဘောင်များဖြင့် နိုင်ငံအဆင့် (သို့မဟုတ်) ပြည်ထောင်စုအဆင့်ကြိုးပမ်းမှုများကို ဖြည့်ဆည်းလုပ်ကိုင်ရန် လိုအပ်ကောင်းလိုအပ်မည်လားဟူသော မေးခွန်းများပေါ်ပေါက်လာစေသည်။

# မြန်မာနိုင်ငံ အတည်ပြုလက်မှတ်ရေးထိုးထားသော နိုင်ငံတကာသဘောတူစာချုပ်များ နှင့် အတည်မပြုရသေးသော သဘောတူစာချုပ်များ

[မြန်မာနိုင်ငံသည် အခြားအဓိကကျသည့် စာချုပ်အများစုကိုလည်း အတည်ပြုထားခြင်းမရှိသေးပေ။]

| မြန်မာနိုင်ငံ အတည်ပြု လက်မှတ်ရေးထိုးထားသော သဘောတူ စာချုပ်များ | ခုနှစ် | မြန်မာနိုင်ငံ အတည်မပြုရသေးသော သဘောတူ စာချုပ်များ |
|---|---|---|
| ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်(CRC) | ၁၉၉၁ | နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (ICCPR) |
| အမျိုးသမီးများအပေါ် ခွဲခြားမှုများအားလုံး ပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ် CEDAW) | ၁၉၉၇ | စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်(ICESCR) |
| မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CRPD) | ၂၀၁၁ | ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော (သို့မဟုတ်) လူ့ဂုဏ်သိက္ခာ ကျဆင်းစေသောဆက်ဆံမှု (သို့မဟုတ်) ပြစ်ဒဏ်ပေးမှုဆန့်ကျင်ရေး နိုင်ငံတကာ သဘောတူစာချုပ် (CAT) |
| လက်နက်ကိုင်ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ ကလေးသူငယ် အခွင့်အရေး သဘောတူစာချုပ်၏ နောက်ဆက်တွဲ ရွေးချယ်နိုင်သော စာချုပ် (OP-CRC-AC) | ၂၀၁၉ | နည်းမျိုးစုံဖြင့် လူမျိုးရေး ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICERD) |
| | | ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများ ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICMW) |
| | | မတရားသဖြင့် အဓမ္မပျောက်ဆုံးရမှုများမှ အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(ICPED) |
| | | နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၏ ရောမဥပဒေ (ICC Statute) |

## ၅.၂။ နိုင်ငံအဆင့်လုပ်ငန်းစီမံချက်များ – အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ နိုင်ငံအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ပေး ရေး ဥပဒေမူကြမ်း (PoVAW)

၂၀၀၀ ပြည့်နှစ်များ အစောပိုင်းမှစ၍ မြန်မာနိုင်ငံသည် ဂျဲန်ဒါတန်းတူညီမျှမှုကိုမြှင့်တင်ရန်နှင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု (SGBV) များကို ကိုင်တွယ်ဖြေရှင်းရန်ရည်ရွယ်သည့် နိုင်ငံအဆင့် မဟာဗျူ ဟာများကို မိတ်ဆက်ခဲ့သည်။ အထင်ရှားဆုံး အဆိုပြုချက်နှစ်ခုမှာ –

- အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်မဟာဗျူဟာစီမံကိန်း (NSPAW) ၂၀၁၃–၂၀၂၂ ကို စီဒေါနှင့် ဘီဂျင်းလုပ်ငန်းဖော်ဆောင်ရေး မူဘောင်တို့နှင့်အညီရေးဆွဲခဲ့သည်။ အမျိုးသမီးများနှင့် ပညာရေး၊ ကျန်းမာရေးနှင့် ဆုံးဖြတ်ချက်ချမှတ်မှုအပါအဝင် ဦးစားပေးနယ်ပယ် (၁၂) ခုကို ဖော်ပြ ထားသည်။[15]
- အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ပေးရေး ဥပဒေမူကြမ်း (PoVAW) ကို ၂၀၁၃ ခုနှစ်မှ စတင် ရေးဆွဲခဲ့သော်လည်း နိုင်ငံရေးအရအတိုက်အခံများနှင့် ဗျူရိုကရေစီဆိုင်ရာ ကြန့်ကြာ မှုများကြောင့် ယနေ့ထိတိုင် ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပေ။ အဆိုပါ ဥပဒေမူကြမ်းသည် အိမ်တွင်း အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အိမ်ထောင်ရေးအတွင်းဖြစ်ပွားသည့် မုဒိမ်းမှုတို့ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံများကို ပြစ်မှုအဖြစ်သတ်မှတ်ရန်နှင့် ရှင်သန် လွတ်မြောက်လာသူများအား အကာအကွယ်ပေးမှုများ မြှင့်တင်ရန်ကြိုးပမ်းခဲ့သည့် ဥပဒေ ကြမ်းဖြစ်သည်။ သို့သော်လည်း ရှင်သန်လွတ်မြောက်လာသူ–အလေးထားဗဟိုပြုချဉ်းကပ်မှုကို အပြည့် အဝလက်ခံရန် ပျက်ကွက်ခြင်းနှင့် အိမ်ထောင်ရေးအတွင်းဖြစ်ပွားသည့် မုဒိမ်းမှုကို ရာဇဝတ်မှုအဖြစ် အပြည့်အဝလက်ခံသတ်မှတ်ခြင်း မရှိခြင်းတို့ကြောင့် အမျိုးသမီးများအခွင့်အရေး လှုပ်ရှားဆောင် ရွက်သူအုပ်စုများက ဝေဖန်ထောက်ပြခဲ့ကြသည်။[16]

အဆိုပါ NSPAW နှင့် PoVAW ဥပဒေမူကြမ်းနှစ်ခုလုံးကို ရေးဆွဲရာတွင် ပဋိပက္ခဒဏ်ခံစားနေကြရသော တိုင်းရင်းသားဒေသများမှ အမျိုးသမီးများနှင့် အဓိပ္ပာယ်ပြည့်ဝသည့် ဆွေးနွေးတိုင်ပင်မှု အလျဉ်းမရှိခြင်းမှာ သိသာထင်ရှားစွာရှိခဲ့သည်။ အစီရင်ခံစာများအရ PoVAW ဥပဒေမူကြမ်းရေးဆွဲသည့်လုပ်ငန်းစဉ်တွင် တန်းတူညီမျှစွာပါဝင်မှုနှင့် ဆွေးနွေးတိုင်ပင်ခြင်းစသည်

---

15 Myanmar Ministry of Social Welfare, Relief, and Resettlement, National Strategic Plan for the Advancement of Women 2013–2022, https://myanmar.unfpa.org/sites/default/files/pub-pdf/NSPAW2013-2022_0.pdf

16 WLB, (2019), Procedural and Substantive Suggestions: For the Proposed Protection and Prevention of Violence Against Women Law, February 2019, https://www.womenofburma.org/sites/default/files/2019-06/WLB_POVAW_Analysis_English%20(Final).pdf

တို့ကို “အမျိုးသမီးများ၊ အမျိုးသမီးအဖွဲ့အစည်းများ အထူးသဖြင့် ပဋိပက္ခဒဏ်ခံနေကြရသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းများနှင့် လုံလုံလောက်လောက် လုပ်ဆောင်ခဲ့ခြင်း မရှိ”[17] ဟု ဖော်ပြထားကြသည်။ ထို့အပြင် ပဋိပက္ခဒေသရှိ တိုင်းရင်းသားလူမျိုးစု အမျိုးသမီးများ၏အခြေအနေနှင့်ပတ်သက်သည့် အပိုင်းတစ်ခုအား NSPAW မှ ဖယ်ရှားခဲ့ကြောင်း မှတ်တမ်းတင် ထားမှုများရှိနေသော်လည်း ပဋိပက္ခနှင့်ဆက်နွှယ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ဂျဲန်ဒါ အခြေပြုအကြမ်းဖက်မှု၊ ပြစ်ဒဏ်မှကင်းလွတ်ခွင့်စသည်တို့နှင့်ပတ်သက်ပြီး စာသားတွင်းအပြင် အနှစ်သာရကို တာဝန်ရှိသူများက လူသိရှင်ကြား အသိအမှတ်ပြုပေးခြင်း မရှိသေးပေ။[18] ဤကဲ့သို့ ချန်လှပ်ထားမှုကပင် ကွာဟနေမှုများစွာကို ဆက်လက်မှတ်တမ်းတင်ရန်နှင့် မီးမောင်းထိုးပြဖို့ရာ လွန်စွာအရေးကြီးပေသည်၊ အထူးသဖြင့် ရှေ့မထွက်ပဲနောက်ကွယ်မှ တက်တက်ကြွကြွကြိုးပမ်းအားထုတ်ပေးခဲ့သည့် အမျိုးသမီး အဖွဲ့အစည်းများက ဤသို့မှတ်တမ်းတင်ရန် အရေးကြီးလှပေသည်။

အဆိုပါ NSPAW နှင့် PoVAW ဥပဒေမူကြမ်းများသည် မူဝါဒနှင့်ပတ်သက်သည့် ဆွေးနွေးပြောဆိုနိုင်မှု အခွင့်အလမ်းကိုဖွင့်ပေးခဲ့သော ဦးသိန်းစိန်၏ အရပ်သားအရေခြုံစစ်အစိုးရလက်ထက်ဖြစ်သည့် (၂၀၁၁–၂၀၁၅) ခုနှစ်များအတွင်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။[19] သို့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လက်ထက်တွင် ဂျဲန်ဒါတန်းတူညီမျှရေး မူဝါဒကြေညာစာတမ်းတရပ်ကို သီးသန့်ရေးဆွဲချမှတ်ခဲ့သည့်ကြားက အကောင် အထည်ဖော်လုပ်ဆောင်ရန်အတွက်မူ စနစ်ယန္တရားအနည်းငယ်ကိုသာ ကမ်းလှမ်းခဲ့ပေရာ ရှိနေသည့် အရှိန်အဟုန်ပင် တန့်သွားခဲ့သည်။ ၂၀၂၁ ခုနှစ် တရားမဝင်စစ်အာဏာသိမ်းမှုသည် ရှိနေသည့်တိုးတက်မှုများကို တစစီဖျက်စီးပစ်လိုက်ပေသည်။[20]

နိုင်ငံအဆင့်မဟာဗျူဟာစီမံကိန်းဖြစ်သော NSPAW အတွင်းမှ ဖယ်ရှားပစ်လိုက်သည့်အချက်များသည် လွန်စွာစိုးရိမ်ပူပန်ဖွယ်ရာဖြစ်သလို၎င်းစီမံကိန်း၏အနှစ်သာရနှင့်အကောင်အထည်ဖော်မှုတွင် အဓိကကျသော ချို့ယွင်းချက်များရှိနေသည်ကို ထောက်ပြနေသည်။ ဤဖယ်ရှားပစ်ခဲ့မှုများသည် အထူးသဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရကိုက ခွဲခြားဆက်ဆံမှုကိုလက်ခံထားခြင်း၊ ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု၊ အကြမ်းဖက်စစ်အုပ်စု၏ ပြစ်ဒဏ်

---

17 Progressive Voice, Denying the Irrefutable: Women, Justice, and the PoVAW Law, 23 July 2020, https://progressivevoice-myanmar.org/2020/07/23/denying-the-irrefutable-women-justice-and-the-povaw-law/?utm_source=chatgpt.com

18 အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ၂၀၁၉ ခုနှစ်ကထုတ်ဝေခဲ့သည့် ခွဲခြမ်းစိတ်ဖြာချက်တွင် အမျိုးသမီးများတိုးတက်ရေး၊ နိုင်ငံအဆင့်မဟာဗျူဟာစီမံချက် NSPAW မှ ချန်လှပ်ထားသောစာပိုဒ်များနှင့် အရေးပါသောကွာဟချက်များကို အသေးစိတ်ဖော်ပြ ထားသည်။ published by the Women's League of Burma, May 2019, https://www.womenofburma.org/sites/default/files/2019-05/WLB_NSPAW_Analysi_Eng.pdf

19 Transnational Institute, No Women, No Peace: Gender Equality, Conflict and Peace in Myanmar (2016), https://www.tni.org/en/publication/no-women-no-peace-gender-equality-conflict-and-peace-in-myanmar

20 Ebead, N., and Hirakawa, A., (2022), Inclusion and Gender Equality in Post-Coup Myanmar: Strategies for Constitutional and Democratic Reform, International DEA (IDEA), May 2022, https://www.idea.int/sites/default/files/publications/inclusion-and-gender-equality-in-post-coup-myanmar-CAWE4_0.pdf

ကင်းလွတ်ခွင့်ရရှိနေခြင်းအပါအဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများအား အဓိပ္ပာယ်ပြည့်ဝစွာပါဝင်ခွင့်မပြုခြင်းစသည့် ပျက်ကွက်ချက်များသည် "အပြောသက်သက်သာ ဖြစ်သည်" ဟုဆိုရန်ထက်ပင် ကျော်လွန်ဆိုးရွားနေပြီဖြစ်သည်။ ထိုမဟာဗျူဟာ စီမံကိန်းသည် နိုင်ငံရေးစိတ်ဆန္ဒနည်းပါးခြင်း၊ စစ်တပ်ဆက်လက်လွှမ်းမိုးထားခြင်း၊ အရိုးစွဲအမြစ်တွယ်နေသော ယဉ်ကျေးမှုဆိုင်ရာ မပြောအပ်မလုပ်အပ်ဟု တားမြစ်ချက်များနှင့် ဂျဲန်ဒါရေးရာအလေးထားမှု အပေါ် ထည့်သွင်းစဉ်းစားသည့် ပြဋ္ဌာန်းချက်များကိုလျစ်လျူရှုကာ အကြမ်းဖက်စစ်တပ် အသာစီး ရမှုကိုသာ အခိုင်အမာ ပြဋ္ဌာန်းထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဖိုဝါဒကြီးစိုး သည့် ဥပဒေရေးရာ တည်ဆောက်ပုံ များကြောင့်လည်း ထိခိုက်နစ်နာမှုကိုကြုံကြရသည်။ နိုင်ငံ အဆင့်မဟာဗျူဟာစီမံကိန်း NSPAW ကို အရေးပါမှု၊ အရင်းအမြစ်များနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မရှိသည့် အပြောင်းအလဲဖြစ်လာရန်ကို ဦးဆောင်နိုင် မှုမရှိသော လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို အကောင်အထည် ဖော်ဆောင်ရန် တာဝန်ကို ပေးခဲ့သည်။ လုံလောက်သော နိုင်ငံရေးကျောထောက်နောက်ခံ၊ ငွေအရင်း အမြစ် ခွဲဝေပေးမှု (သို့မဟုတ်) ထိရောက်သည့် စောင့်ကြည့်စစ်ဆေးမှု[21] မရှိသည့်အတွက် နိုင်ငံအဆင့် မဟာဗျူဟာစီမံကိန်း NSPAW သည် အုပ်ချုပ်ရေး (သို့မဟုတ်) မူဝါဒချမှတ်ရေးအပေါ် မပြောပ လောက်သော သက်ရောက်မှုအနည်းငယ်သာ ရှိခဲ့သည်။

## ၅၊ ၃။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန (MOWYCA) ၏ ၂၀၂၄ ခုနှစ်က ရေးဆွဲချမှတ်ခဲ့ သည့် ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (GEP2024)

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန (MOWYCA) သည် ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ ၂၀၂၄ (GEP2024) ကို ဝန်ကြီးဌာန များအကြား ပူးပေါင်းဆောင်ရွက်မှု ပဏာမခြေလှမ်းအဖြစ် မိတ်ဆက်ခဲ့သည်။[22] ဤ "အစိုးရ တစ်ရပ်လုံးအနေဖြင့် ချဉ်းကပ်လုပ်ကိုင်မှု" သည် ဂျဲန်ဒါရေးရာမူဝါဒကို ဝန်ကြီးဌာနတစ်ခု တည်း၏ တာဝန်အဖြစ်ထက် အုပ်ချုပ်မှု နယ်ပယ်အားလုံးတွင် ဂျဲန်ဒါတန်းတူညီမျှမှုကို ထည့်သွင်း အကောင်အထည်ဖော်ရန် ကြိုးပမ်းချက်ဖြစ်ပေရာ ချီးကျူးထိုက်သောခြေလှမ်းဖြစ်သည်။ ဤ ချဉ်းကပ်မှုပုံစံသည် အမျိုးသမီးများ ရင်ဆိုင်ကြုံ တွေ့ရသည့် ပြဿနာများကို အမျိုးသမီးရေးရာ ဝန်ကြီးဌာနများကသာ 'ကိုင်တွယ်ဖြေရှင်း' ရမည်ဟူသည့် ရှေးကစံသတ်မှတ်ချက်ကို စိန်ခေါ်

---

21 Minoletti, P., (2016), Gender (In) equality in the Governance of Myanmar: Past, Present, and Potential Strategies for Change, Policy Dialogue Brief Series, The Asia Foundation, May 2016, https://asiafoundation.org/wp-content/uploads/2016/09/Gender-in-Equality-in-the-governance-of-myanmar_Policy-Brief_ENG.pdf

22 Ebead, N., (2023), Implementing Myanmar's Federal Democracy Charter to Strengthen Women's Equality, International IDEA (IDEA), 7 March 2023, https://www.idea.int/news/implementing-myanmars-federal-democracy-charter-strengthen-womens-equality?utm_source=chatgpt.com

လိုက်ခြင်းလည်းဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံအနေအထားနှင့်ပြောရပါက ရှေ့ဆောင်လမ်းပြ ချဉ်းကပ်မှုတစ်ခုဖြစ်သည်။ စနစ်တကျညှိနှိုင်းပြီး လုံလောက်သောအရင်းအမြစ်များ ပံ့ပိုးလုပ်ဆောင်နိုင်ပါက ဤချဉ်းကပ်မှုပုံစံသည် ဩစတြေးလျနိုင်ငံ၏ အစိုးရတစ်ရပ်လုံးပါဝင်သည့် ဂျဲန်ဒါရေးရာ ထည့်သွင်းလုပ်ဆောင်ခြင်းမူဘောင်နှင့် နှိုင်းယှဉ်၍ရသော မြန်မာနိုင်ငံအတွက် မြေပြင်အခြေအနေကို လှုပ်ခါသွားစေနိုင်သည့် groundbreaking ချဉ်းကပ်မှုတစ်ခု ဖြစ်သည်။

ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (၂၀၂၄) သည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူ၏ အရေးပါမှုကို ရည်ညွှန်းထားသည်သာမက ၎င်း၏ အဓိကရည်ရွယ်ချက် (၅) ခုအနက် တစ်ခုအဖြစ် သတ်မှတ်ဖော်ပြထားသည်။ ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (၂၀၂၄) ၏ အဓိကရည်ရွယ်ချက် (၅) ချက်မှာ – (၁) အဖွဲ့အစည်းဆိုင်ရာ ဂျဲန်ဒါရေးရာထည့်သွင်းလုပ်ဆောင်ခြင်း၊ (၂) အားလုံးပါဝင်/အကျုံးဝင်သော ခေါင်းဆောင်မှုနှင့် အုပ်ချုပ်ရေး (၃) တန်းတူညီမျှသော စီးပွားရေးစွမ်းရည်မြှင့်တင်ရေး၊ (၄) ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု အဆုံးသတ်ရေးနှင့် (၅) အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်ရေးတို့ဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံ၌ ဂျဲန်ဒါတန်း တူညီမျှမှုကို အယူအဆသဘောတရားအဖြစ် စဉ်းစားပုံနှင့် အဖွဲ့အစည်းအဆောက်အအုံဆိုင်ရာ ပုံစံသွင်းပုံတို့တွင် ရဲရင့်သည်သာမက တိုးတက်ပြောင်းလဲမှုကို ပေါ်လွင်ထင်ရှားစေသည်။ ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (၂၀၂၄) ၏ အားသာချက်များမှာ အမျိုးသမီးများ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများပါဝင်မှုအပေါ် အလေးထားခြင်းအပြင် အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အကာအကွယ်ပေးရေး၊ တားဆီးကာကွယ်ရေးနှင့် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်လာနိုင်ရေးတို့ကို ကိုင်တွယ်ဖြေရှင်းရန်စသည့် ဆန္ဒရည်မှန်းချက်ကို ပြသနေသည်။ ၎င်းတွင် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုအတွက် မကျေနပ်ချက်ရှိပါက နစ်နာမှုဆိုင်ရာတိုင်ကြားမှုပြုနိုင်သည့် စနစ်ယန္တရားများနှင့် အဖွဲ့အစည်းအတွင်း တာဝန်ယူတာဝန်ခံမှုဖြစ်သည့် ကျင့်ဝတ်စည်းကမ်း၊ တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ်များကိုပါ ထည့်သွင်းဖော်ပြထားသည်။

သို့ရာတွင် အားနည်းချက်များ ရှိနေဆဲဖြစ်သည်။ ၎င်းမူဝါဒတွင် ရေတိုအကျပ်အတည်းတုံ့ပြန်မှုများ (ဥပမာ – အကြမ်းဖက်မှုခံရသူများအတွက် အရေးပေါ်အထောက်အပံ့) နှင့် ရေရှည်ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ (ဥပမာ – အုပ်ချုပ်ရေးတွင် အားလုံးပါဝင်နိုင်မှုကို စနစ်တကျထည့်သွင်းဆောင်ရွက်ခြင်း) တို့ကို ရှင်းလင်းစွာခွဲခြားဖော်ပြထားခြင်း မရှိပေ။ ဤကဲ့သို့ ရှင်းလင်းမှုမရှိခြင်းသည် အရင်းအမြစ်များကို ပြန့်ကျဲစေပြီး တာဝန်ခံမှုကိုလျော့ပါးစေမည့် အန္တရာယ်ရှိနေသည်။ ထို့အပြင် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စောင့်ကြည့်လေ့လာစစ်ဆေးမှုနှင့် အရေးယူဆောင်ရွက်မှုဆိုင်ရာ စနစ်ယန္တရားများသည်လည်း အားနည်း နေဆဲဖြစ်သည်။ မူဝါဒတွင်ဖော်ပြထားသော အရေးအသားသည် သဘောတရားအရ နက်နဲသောကြောင့် ပိုမိုကျယ်ပြန့်သောလူမှုအသိုင်းအဝန်းနှင့် အများပြည်သူတို့အတွက် လက်လှမ်းမီနိုင်ရန် ခက်ခဲနိုင်သည်။ ၎င်းမူဝါဒသည် မသန်စွမ်းသူများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် နေရာရွှေ့ပြောင်းခံရသော အမျိုး သမီးများအတွက် တိကျသောမဟာဗျူဟာများ ထည့်သွင်းရေးဆွဲထားသည်ကို မတွေ့ရသည့်အပြင် အဆိုပါ အသိုင်းအဝိုင်းများ ပါဝင်နိုင်ရေးအတွက် ရှိနေသည့်အတားအဆီးများ

ကို ဖြေရှင်းနိုင်မည့် အစီအစဉ်များလည်း အားနည်းနေသည်။

ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (၂၀၂၄) သည် ဒေသတွင်းနှင့် နိုင်ငံတကာအမျိုးသမီးအဖွဲ့အစည်းများ အထူးသဖြင့် တိုင်းရင်းသားနှင့် ပဋိပက္ခဒဏ်ခံရသော အသိုင်းအဝိုင်းများကို ကိုယ်စားပြုသည့် အမျိုးသမီးအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများနှင့်ပတ်သက်ပြီး အများပြည်သူကို အသိပေးကြေညာ မှတ်တမ်းတင်ဖော်ပြထားခြင်း မရှိသည့်အပြင် အကောင်အထည်ဖော်ဆောင်မှုအတွက် တိကျခိုင်မာသော ပူးပေါင်းဆောင် ရွက်မည့် မဟာဗျူဟာကိုလည်း ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသောကြောင့် မူဝါဒဆိုင်ရာအရကတိကဝတ်ပြုထားချက်နှင့် ထိရောက်ပြီး ပေါင်းစည်းပါဝင်သည့် အကောင်အထည်ဖော်မှုတို့အကြား ကွာဟချက် ဖြစ်လာနိုင်ခြေရှိသည်။ ဤမူဝါဒတွင် အတိတ်ကာလနှင့် လက်ရှိဦ ဆက်လက်ကျူးလွန်နေသော ချိုးဖောက်မှု များနှင့်ပတ်သက်သည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုယန္တရားများကို ရှင်းရှင်းလင်းလင်း ထည့်သွင်းဖော်ပြထားခြင်းမရှိ။ အသေးစိတ်ငွေအရင်းအမြစ် (သို့မဟုတ်) ရန်ပုံငွေဆိုင်ရာမဟာဗျူဟာတို့ကို ရှင်းရှင်းလင်းလင်း ထည့်သွင်းရေးသားထားခြင်း မရှိခြင်းကြောင့် အကောင်အထည်ဖော်နိုင်စွမ်းရှိမရှိမှာလည်း မသေချာသည့်သဘောရှိသည်။

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန (MOWYCA) နှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ်က ဝန်ကြီးဌာနစတင်ဖွဲ့စည်း လုပ်ဆောင်ချိန်မှစ၍ တရားဝင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းစဉ်ကို ရေးဆွဲခဲ့ကြောင်းကို သိရှိရသည်။ အဆိုပါလုပ်ငန်းစဉ်ကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်နှင့်ပေါင်းစပ်၍ MOWYCA ကိုယ်ပိုင်မူဘောင်အဖြစ် ချမှတ်ရေးဆွဲခဲ့သည်ဟုလည်း သိရှိရသည်။ သို့သော်လည်း ဤသုံးသပ်ချက် ပြုလုပ်နေသည့်အချိန်တွင် ၎င်းသို့ ဘက်စုံပေါင်းစပ်ထားသည်ဆိုသည့် မူဘောင်ကို သုံးသပ်ရန်အတွက် ရရှိနိုင်ခြင်းမရှိသေးပေ။ မည်သို့ပင်ဆို စေကာမူ ထိုပေါင်းစည်းထားသော MOWYCA ၏မူဘောင်သည် ဝန်ကြီးဌာန၏ ညှိနှိုင်းဆောင်ရွက် ကြိုးပမ်းအား ထုတ်မှုများတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်ပတ်သက်ပြီး ဂျဲန်ဒါရေးရာထည့်သွင်းတုံ့ပြန်မှုရှိသည့် လမ်းညွှန်တရပ်အဖြစ် အဓိက အခန်းကဏ္ဍမှ ပါဝင်လာမည်ဟု မျှော်လင့်မိပါသည်။

## ၅၊ ၄။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန (MOWYCA) ၏ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ စော်ကားခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်းတို့ဆိုင်ရာ အကာအကွယ် ပေးရေးမူဝါဒ (PSEAH)

၂၀၂၃ ခုနှစ် မတ်လတွင် MOWYCA သည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ စော်ကားခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်းဆိုင်ရာ အကာအကွယ်ပေးရေးမူဝါဒ (PSEAH) ကို အတည်ပြုပြဋ္ဌာန်း

ခဲ့ပြီး ၎င်းမူဝါဒကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ထားသည်။[23] ထိုမူဝါဒသည် ဝန်ကြီးဌာန လုပ်ပိုင်ခွင့်ရထားသည့် နယ်ပယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို တားဆီးကာကွယ်ခြင်း၊ တိုင်ကြားမှုပြုခြင်း နှင့် နစ်နာမှုအတွက် ပြန်လည်ဆောင်ရွက်ပေးခြင်းတို့အတွက် အနိမ့်ဆုံးစံနှုန်းများကို ချမှတ်ပေး ထားသည်။ PSEAH နှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်တို့သည် အမျိုးသမီး များနှင့် ထိခိုက်လွယ်အုပ်စုများအပေါ် အကြမ်းဖက်မှုနှင့် စော်ကားမှုပြုမှုတို့မှကာကွယ်ရန် အလေးထားဆောင်ရွက်မှု ထပ်တူဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်နှင့် လုပ်ငန်း တာဝန်တို့တွင် ကွဲပြားကြပြီး မတူညီသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်လေ့ ရှိကြသည်။ PSEAH သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၊ အစိုးရများ မှ ကြားဝင်ဆောင်ရွက်ရသော လုပ်ငန်းများအတွင်း လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ် မှု၊ စော်ကားမှုနှင့် အနှောင့်အယှက်ပေးမှုများမှ ကာကွယ်ရေးကိုသာ အာရုံစိုက်ထားခြင်းဖြစ် ပြီး အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်မှာမူ ပိုကျယ်ပြန့်သောအစီအစဉ်ကို ကျင့်သုံး ဆောင်ရွက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အမျိုးသမီး ခေါင်းဆောင်မှုမြှင့်တင်မှုနှင့်အတူ ကာကွယ်ဆောင်ရွက်ခြင်း၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် မသန်စွမ်း သူများကို ထည့်သွင်းပါဝင် စေခြင်းတို့အပါအဝင် ဂျန်ဒါရေးရာထည့်သွင်းစဉ်းစားသည့် ငြိမ်းချမ်းရေး တည်ဆောက်မှု မြှင့်တင် ခြင်းကိုပါ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သည်။

## ၅၊ ၅။ မူဘောင်များအပြိုင်အဆိုင်ဖြစ်နေခြင်း

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ဂျန်ဒါမူဝါဒဆိုင်ရာ ပူးတွဲညှိနှိုင်းရေးကော်မီ တီ (JCC-GP) အတွင်းရှိ အမျိုးသမီးကွန်ရက်အသီးသီးသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား တာဝန် ဝတ္တရားများကို အပြန်အလှန် ကူညီပံ့ပိုး ဖြည့်စွက်လုပ်ကိုင်သည့် အစဉ်အလာရှိကြသည်။ ဤအ စဉ်အလာအတိုင်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က WPS မူဘောင်ကို ဦးစီးဦးဆောင် ပြုရေးဆွဲရန် တာဝန်ယူခဲ့ပြီး အမျိုးသမီးမဟာမိတ်အဖွဲ့ - မြန်မာ Women Advocacy Coalition Myanmar (WAC-M) က ဂျန်ဒါဆိုင်ရာမူဝါဒကြမ်းကိုရေးဆွဲရန် တာဝန်ယူ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သလို ထိုမူဝါဒနှစ်ခုစလုံးအား NUCC လုပ်ငန်းစဥ်မှတစ်ဆင့် သုံးသပ်ခြင်း၊ အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ခြင်းနှင့် ထောက်ခံအတည်ပြုမှုခြင်းများကိုပါ ပြုလုပ်ခဲ့ကြသည်။

မြန်မာ့အမျိုးသမီးလှုပ်ရှားမှုအတွင်း ပိုမိုကျယ်ပြန့်သော မူဝါဒဆိုင်ရာဆွေးနွေးမှုအချို့က အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) မှ ထောက်ခံအတည်ပြုထားသော အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏

23 MOWYCA PSHEA Policy, https://mowyca.nugmyanmar.org/en/mowyca-pshea-policy/

ဝန်ကြီးဌာနတခုဖြစ်သည့် MOWYCA ၏ မကြာသေးမီက ရေးဆွဲခဲ့သော အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်တို့နှင့်ပတ်သက်၍ ဝေဖန်မှုများ ထွက်ပေါ်နေသည်။ ယခုအချိန်လို အရင်းအမြစ်ရှားပါးနေချိန်တွင် ဤမူဘောင်ရေးဆွဲရန်သုံးရသည့် အရင်းအမြစ်များကို အခြားနေရာတွင် အသုံးပြုနိုင်သောကြောင့် MOWYCA ၏မူဘောင်သည် ပုံစံတူ ဖြစ်နေပေရာ မလိုအပ်ဘဲလုပ်ခဲ့သည့် အားထုတ်မှုဖြစ်နေသလားဟူသည့် စိုးရိမ်ပူပန်မှုများရှိနေခဲ့သည်။ သို့ရာတွင် MOWYCA သည် တရားဝင်အရ နိုင်ငံရေး-အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်ကို သတိချပ်မိကြရန် အရေးကြီးသည်။ သို့ဖြစ်ပေရာ ဘတ်ဂျက်များ၊ အစီရင်ခံတင်ပြခြင်းနှင့် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်းစသည့် နိုင်ငံအဆင့် နည်းစနစ်များတွင် ပေါင်းစပ်လုပ်ဆောင်နိုင်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် မူဘောင် များရေးဆွဲရန် ၎င်း၌တာဝန်ရှိသည့်အပြင် ထိုမူဘောင်များနှင့်ပတ်သက်သမျှကိုလည်း တာဝန်ခံမှုပြုပေးရမည့် နိုင်ငံရေး-အုပ်ချုပ်ရေးအစုအဖွဲ့ဖြစ်သည်။

ဤရှုထောင့်မှကြည့်မည်ဆိုပါက MOWYCA ၏မူဘောင်သည် အစိုးရတရပ်၏ လုပ်ငန်းလည်ပတ်ရေး ကိရိယာတစ်ခုအနေဖြင့် တရားဝင်ရည်ရွယ်ချက်ကို အထောက်အကူပြုပေးနေမည်ဖြစ်သည်။ ဤနေရာ၌ အဓိကဖြစ်နေသည့် စိန်ခေါ်ချက်မှာ မူဘောင်နှစ်ခုရှိနေရာမှ တစ်ခုခုကိုရွေးချယ်ရန်မဟုတ်ပဲ ၎င်းတို့အကြား ထိရောက်သည့်ညှိနှိုင်းဆောင်ရွက်မှု၊ ပေါင်းစည်းလုပ်ကိုင်မှုကိုသာ ပဓာနထားခြင်းပင်၊ သို့မှသာ အားလုံးပါဝင် ဆောင်ရွက်မှုများနှင့် ထောက်ခံအတည်ပြုခဲ့သည့် NUCC လုပ်ငန်းစဉ်ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သလို အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဆိုင်ရာ ကတိကဝတ်များကို တရားဝင်အုပ်ချုပ်ရေး တည်ဆောက်မှု များအတွင်း ထည့်သွင်းပေးနိုင်ရန် သေချာအောင်လုပ်ခြင်းပင်ဖြစ်သည်။

## ၅၊၆။ အမျိုးသားညီညွတ်ရေးအစိုးရ၏ စစ်ဘက်ဆိုင်ရာကျင့်ဝတ်စည်းကမ်းအား အကဲဖြတ်သုံး သပ်ချက်

အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ PDFs သည် ၎င်းတို့၏ စစ်ဘက်ဆိုင်ရာကျင့်ဝတ်စည်းကမ်းတွင်[24] အမျိုးသမီးများ၊ မိန်းကလေးများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် မသန်စွမ်းသူများအတွက် အရေးပါသော အကာအကွယ်များကို ပေါင်းစပ်ထည့်သွင်းထားသည်။ ၎င်းစစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းသည် ဂျန်ဒါ၊ လိင်စိတ်ခံယူချက် (သို့မဟုတ်) မသန်စွမ်းသူများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ထိပါးနှောင့်ယှက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို တားမြစ်ထားသည်ဖြစ်ရာ ပဋိပက္ခအခြေအနေအတွင်း အဆိုပါလူအုပ်စုများ ရင်ဆိုင်ရသည့် ကြီးမားသောထိလွယ်ရှလွယ်ဖြစ်မှုများကို နားလည်သဘောပေါက်

24 Military Code of Conduct for People's Defense Forces, https://mod.nugmyanmar.org/en/pdf-code-of-conduct/

ကြောင်း ထုတ်ဖော်ပြသနေသည်။ လူ့အခွင့်အရေးဝန်ကြီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် ယင်းကျင့်ဝတ်စည်းကမ်းများကို ပို့ချထားသည်ဖြစ်ရာ ကျင့်ဝတ်သိက္ခာနှင့်ညီပြီး လူ့အခွင့်အရေးနှင့် ကိုက်ညီသည့် အပြုအမူနှင့် စံနှုန်းများကို တော်လှန်လှုပ်ရှားမှု၌ ထည့်သွင်းမြှုပ်နှံရန် ရှင်းလင်းမှုရှိသော ကြိုးပမ်းမှုတရပ်ပင်ဖြစ်သည်။ PDFs တပ်များ၏ စစ်ဘက်ဆိုင်ရာကျင့်ဝတ်စည်းကမ်းသည် ဘေးဖယ်ခံထား ရသူအုပ်စုများ၏ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းဖြင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းစဉ်အတွက် အထူးသဖြင့် ၎င်း၏ ကာကွယ်စောင့်ရှောက်ရေးနှင့် အားလုံးအကျုံးဝင် ပါဝင်ဆောင်ရွက် ရေးမှုများနှင့် ကိုက်ညီမည်ဖြစ်သည်။

သို့သော်လည်း အဆိုပါကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် စိန်ခေါ်မှုဆက်ရှိနေဆဲပင် ဖြစ်သည်။ ပဋိပက္ခဒဏ်ခံရသောဒေသများရှိ ရပ်ရွာလူထုများထံမှ လိင်ပိုင်းဆိုင်ရာ၊ ဂျန်ဒါအခြေပြု အကြမ်း ဖက်မှုနှင့် ဂျန်ဒါအခြေပြုခွဲခြားဆက်ဆံမှုဖြစ်စဉ်များကို သတင်းပို့တိုင်ကြားချက်များ ရှိနေပြီး ထိုအမှုများ ထဲမှတချို့မှာ တော်လှန်ရေးအဖွဲ့အစည်းများ ပါဝင်ပတ်သက်နေသည့် ဖြစ်စဉ်များလည်းရှိနေသော်ငြား ထိုအကြမ်းဖက်မှုအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ထားခြင်း (သို့မဟုတ်) ကိုင်တွယ် ဖြေရှင်းပေးထားခြင်း မရှိသည်ကိုလည်းတွေ့ရသည်။ မူဝါဒနှင့် လက်တွေ့လုပ်ဆောင်မှုအကြား ရှိနေသည့် ဤကွာဟချက်သည် ပြည်သူလူထု၏ယုံကြည်ကိုးစားမှုကို ပျက်ပြားစေသည်၊ အထူးသဖြင့် ပြည်သူလူထုက အမျိုးသားညီညွတ်ရေးအစိုးရအား ကျူးလွန်ချိုးဖောက်မှုများကို ၎င်းတို့လက်အောက်ရှိတပ်ဖွဲ့များက ချိုးဖောက်သည်ဖြစ်စေ[25] ၎င်းတို့လက်အောက်၌ အပြည့်အဝရှိမနေသည့်တပ်ဖွဲ့များက ချိုးဖောက်သည်ဖြစ်စေ တာဝန်ယူ တာဝန်ခံမှုပြုပေးရန် ပိုမိုမျှော်လင့်လာခြင်းကြောင့်ပင်။

မည်သို့ပင်ဖြစ်စေကာမူ သိသာထင်ရှားလှသည့် ကွာခြားချက်မှာကား အကြမ်းဖက်စစ်တပ်သည် ပဋိပက္ခကို အခြေပြုသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများကို လူမှုထိန်းချုပ်မှုနှင့် လူမျိုးစုလိုက် လူမျိုးသုဉ်းသတ်ဖြတ်ဖယ်ရှားခြင်းကို ရည်ရွယ်ချက်ရှိရှိ အမိန့်ပေးကွပ်ကဲမှုစနစ်အောက်၌ တပ်မူဝါဒတစ်ရပ်အဖြစ်ချမှတ်ကာ စနစ်တကျ ကျူးလွန်နေခြင်းပင်ဖြစ်သည်။ တချိန်တည်းတွင် တော်လှန်ရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည့်ပြစ်မှုများသည် တပ်ဖွဲ့ဝင်တစ်ဦး/များ၏ တစ်ဦးချင်း/တစ်စုချင်း ချိုးဖောက်မှုများဖြစ်ပြီး အကြမ်းဖက်စစ်တပ်လုပ်သလို ကျယ်ပြန့်မှုအတိုင်းအတာအရ၊ ညှိနှိုင်းကျူးလွန်မှုအရ (သို့မဟုတ်) မဟာဗျူဟာမြောက်အရ

25 အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်တွင် လည်ပတ်နေသော်လည်း ၎င်း၏ကွပ်ကဲမှုအောက်၌ အပြည့်အဝရှိမနေသော ပြည်သူ့ကာကွယ်ရေးတပ်များသည်လည်း ပဋိပက္ခအခြေပြုဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (CRSV) နှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ (GBV) ကျူးလွန်ရာတွင် ပတ်သက်မှုများရှိနေကြောင်း ယုံကြည်စိတ်ချရသော အဖွဲ့အစည်းများမှ စာရွက်စာတမ်း အထောက်အထားများရှိနေသည်။ Equality Myanmar မှထုတ်ဝေခဲ့သည့် အခြေအနေအရပ်ရပ်အစီရင်ခံစာတစ်ခုတွင် ၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ CRSV ဖြစ်ပွားမှု အမှုပေါင်း ၁၅၀ ကျော်နှင့် ကျူးလွန်ချိုးဖောက်ခံရသူ ၃၂၀ ဦးကို မှတ်တမ်းတင်ထားပြီး စစ်တပ်သည် အဓိကကျူးလွန်သူဖြစ်သော်လည်း တော်လှန်ရေးအဖွဲ့များနှင့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြင့် ကင်းလွတ်ခြင်းမရှိဟု စွပ်စွဲခံထားရကြောင်းကို မှတ်ချက်ပြုထားသည်။ 'The Silence We Bear': Conflict-Related Sexual Violence in Myanmar, by Dr. Johanna Higgs, January 2025, published by Equality Myanmar, https://equalitymyanmar.org/wp-content/uploads/2025/02/ConflictRelatedSexualViolence-Final-compressed-for-web.pdf

ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခြင်းများမရှိပေ။ ဤကွဲပြားခြားနားမှုသည် ပြစ်မှုကျူးလွန်ချိုးဖောက်မှုများကို အရေးယူဖြေရှင်းဆောင်ရွက်ရာတွင် အရေးကြီးသည့်အချက်ဖြစ်ပြီး ကျူးလွန် သည့် အတိုင်းအတာ၊ တယဝန်ယူတာဝန်ခံမှုနှင့် အရေးတကြီးဆောင်ရွက်ရန်အလို့ငှာ ချိုးဖောက်သူများမှာ မည်သူ/မည်သည့်ဘက်မှဖြစ်နေစေကာမူ ချိုးဖောက်မှုမှန်သမျှအား တာဝန်ယူတာဝန်ခံမှုတွင် အမြင့်ဆုံးစံချိန် စံနှုန်းများကိုစွဲကိုင်ထားပြီး အရေးယူဆောင်ရွက်ရန် နားလည်သဘောပေါက်ထားဖို့လိုပေသည်။[26]

နောက်ခံအမျိုးမျိုးဖြင့် ပေါက်ဖွားလာသည့် တော်လှန်ရေးတပ်ဖွဲ့များ၏ သဘောသဘာဝအရ ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးအရေးယူရန် အမျိုးသားညီညွတ်ရေးအစိုးရတွင် စွမ်းဆောင်ရည်အကန့်အသတ် ရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ စံချိန်စံနှုန်းများနှင့် ကြိုးပမ်းအားထုတ်မှုများ၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တရားမျှတမှုတို့အတွက် ခေါင်းဆောင်မှုထံမှ တောင်းဆိုမှုျော်လင့်ချက်မှာမူ မြင့်မားလျက်ရှိသည်။ စစ်ဘက်ဆိုင်ရာကျင့်ဝတ်စည်းကမ်းကို အကောင်အထည်ဖော်ခြင်း၊ ရှင်သန်လွတ်မြောက်လာသူကို-အလေးထား ဗဟိုပြုသည့် တုံ့ပြန်ချက်များဖြင့် တရားမျှတမှုအာမခံပေးခြင်းနှင့် အမျိုးသမီးများ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများနှင့် မသန်စွမ်းသူလူမှုအသိုင်းအဝိုင်းများ၏အသံများကို ထည့်သွင်းစဉ်းစားခြင်းစသည်တို့ဖြင့် လူ့အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် ကျင့်ဝတ်စည်းကမ်းကို ထိထိရောက်ရောက်ဆန္ဒမှန်ဖြင့် အကောင်အထည်ဖော်မှုကို အမျိုးသားညီညွတ်ရေးအစိုးရလုပ်ဆောင်ရန် မရှိမဖြစ်လိုအပ်နေပြီး ဤသို့ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းနှင့် ၎င်းဆန့်ကျင်နေသည့် အကြမ်းဖက်စစ်တပ်တို့ မည်မျှကွဲပြားခြားနားကြောင်း သက်သေပြရန်ပင်ဖြစ်သည်။

## ၅၊ ၇။ သီးခြားတည်ရှိသော အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင်နှင့် မြန်မာနိုင်ငံအခြေ အနေတွင် ယင်းမူဘောင်အား လက်တွေ့အသုံးချခြင်း

နိုင်ငံများအနေဖြင့် သီးခြားတည်ရှိသော အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဘောင် Stand-Alone WPS Framework ကို ချမှတ်သင့်သလား (သို့မဟုတ်) အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူများကို ပိုမိုကျယ်ပြန့်သည့် ဂျဲန်ဒါ (သို့မဟုတ်) လုံခြုံရေးမဟာဗျူဟာများထဲ၌ ပေါင်းစပ်ချမှတ်သင့်သလားဆိုသည့် မေးခွန်းသည် နိုင်ငံတကာဆိုင်ရာ မူဝါဒရေးရာအဝန်းအဝိုင်းအတွင်း ဆွေးနွေးငြင်းခုံမှုတစ်ခုအဖြစ် ရှိနေသေးသည်။[27] သို့သော်လည်း ခိုင်မာသော အထောက်အထားများနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများက နိုင်ငံအဆင့်လုပ်ငန်းစီမံချက် National Action

26 Friedrich Naumann Foundation, Violence in Myanmar: women targeted by the military and resistance groups, 28 April 2025, https://www.freiheit.org/violence-myanmar-women-targeted-military-and-resistance-groups

27 Women's International League for Peace and Freedom (WILPF), "Security Council Open Debate on Women, Peace and Security, October 2020," analysis and reflections, published by PeaceWomen, https://www.peacewomen.org/security-council/security-council-open-debate-women-peace-and-security-october-2020-0

Plan (NAP) ကဲ့သို့သော သီးခြားရပ်တည် မူဘောင်ရေးဆွဲ သင့်သည်ဟူသော အတွေးအယူဘက်သို့ ချိန်ခွင်လျှာပိုနေသည်ကိုတွေ့ရသည်။ ထိုသို့သောမူဘောင်များ ချမှတ်ခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များက ချမှတ်ပေးထားသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအစီအစဉ်အား အစိုးရတရပ်မှ မည်မျှထိသံန္နိဋ္ဌာန်ချလုပ်ကိုင်သည်ကို ရှင်းရှင်းလင်းလင်း ထောက်ပြနေပေသည်။[28] သီးခြား ရပ်တည်သောမူဘောင်သည် ပါဝင်ဆောင်ရွက်မှု၊ ကာကွယ်တားဆီးမှု၊ အကာအကွယ်ပေးမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်မှုဟူသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၏ မဏ္ဍိုင်လေးရပ်လုံးအတွက် ဦးစားပေးလုပ်ငန်းများကို ရှင်းလင်းစွာဖော်ပြထားရုံသာမက ဝတ္တရားများခွဲဝေချထားခြင်း၊ အချိန်ဇယားများ သတ်မှတ်ခြင်းနှင့် တာဝန်ယူတာဝန်ခံမှုများကို အာမခံပေးထားသည်။

အရေးကြီးသည်မှာ ၎င်းမူဘောင်သည် ဂျဲန်ဒါတန်းတူညီမျှရေးကို “ထပ်ဆောင်းအပိုတစ်ခု” အဖြစ်သတ်မှတ်ခြင်းမှနေ၍ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာမူဝါဒများတွင် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ဦးစားပေးကိစ္စတစ်ခုအဖြစ် မြှင့်တင်ပေးသည်။[29] WPS ဆိုင်ရာကတိကဝတ်များကို အခြားသော နိုင်ငံအဆင့်မဟာဗျူဟာများထဲသို့ ထည့်သွင်းချမှတ်ခြင်းသည် အရေးပါတန်ဘိုးရှိသော်လည်း ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေးအစီအစဉ်များနှင့် ယှဉ်ပြိုင်ရသည့်အခါ ထိုကဲ့သို့ချဉ်းကပ်မှုများသည် WPS ဆိုင်ရာကိစ္စရပ်များကို မှေးမှိန်သွားခြင်း (သို့မဟုတ်) လျစ်လျူရှုခံထားရခြင်းတို့ဖြစ်လာသည်ကို အတွေ့အကြုံများအရ သိထားကြသည်။ သီးခြားရပ်တည်သော/လွတ်လပ်သော WPS မူဘောင်သည် ကာကွယ်ရေး၊ တရားရေး၊ နိုင်ငံခြားရေး၊ လူမှုဖူလုံရေးနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းတို့ကို ပူးပေါင်းပါဝင်စေခြင်းဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကို လှုံ့ဆော်ပေးသောကြောင့် အစိုးရတစ်ရပ်လုံးသာမက လူ့အဖွဲ့အစည်း တစ်ရပ်လုံး ပါဝင်သည့် ပေါင်းစပ်ချဉ်းကပ်မှုမျိုးဖြစ်သည်။

တချိန်တည်းတွင် ၎င်းမူဘောင်ပုံစံကို ၎င်းနိုင်ငံ၏နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် မဖြစ်မနေပြုလုပ်ရပေမည်။ ဩစတြေးလျ (သို့မဟုတ်) တီမောလက်စ်တေ ကဲ့သို့သော ဗဟိုထိန်းချုပ်မှုကောင်းပြီး လူမျိုးစုအရတူညီမှုနီးပါးရှိသည့် နိုင်ငံများတွင် တစ်ခုတည်းသော နိုင်ငံအဆင့်စီမံချက်သည် ရှင်းလင်းပြတ်သားမှုနှင့် ကျိုးကြောင်းဆက်စပ်မှုကိုပေးပြီး ဝန်ကြီးဌာနများ အချင်းချင်းအတွင်း ချိန်ညှိဆောင်ရွက်မှုအပြင် စောင့်ကြည့်စစ်ဆေးရေး၊ အလှူရှင်နှင့် ညှိနှိုင်းလုပ်ကိုင်ရေးနှင့် နိုင်ငံတကာအစီရင်ခံစာ တင်သွင်းခြင်းတို့ကိုလည်း လွယ်ကူချောမွေ့မှုပေးပေသည်။ ဆန့်ကျင်ဘက်အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးရှုပ်ထွေးမှု၊ တိုင်းရင်းသားလူမျိုးစုနှင့် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှု အများအပြားရှိ သောကြောင့် ပုံစံတစ်ခုတည်း

28 Australian National Action Plan on Women, Peace and Security 2021-2031, Australian Government, https://www.dfat.gov.au/sites/default/files/australias-national-action-plan-on-women-peace-and-security-2021-2031.pdf

29 UN Women (2022), Developing a National Action Plan on Women, Peace and Security in Ethiopia, Background Document, UN Women Ethiopia Country Office, August 2022, https://africa.unwomen.org/sites/default/files/2022-11/English%20NAP%20background%20document%20UN%20Women%20ECO%202022.pdf

ဖြင့် အားလုံးအတွက် ပုံသေအရွယ်အစားတစ်ခုတည်းချနည်း one-size-fits-all model ဖြင့် အကောင်အထည်ဖော်ခြင်းမှာ လက်တွေ့မကျနိုင်ပါပေ။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်သည် သမိုင်းတလျှောက် တန်းတူညီမျှမှုကင်းမဲ့မှုများနှင့် နစ်နာရမှုများကို မြောက်မြားလှသော လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ တစ်နေရာတည်း၌ရှိနေသည့် အာဏာပိုင်အုပ်စုများထပ်နေမှုအပြင် နက်ရှိုင်းပြီး စုံလင်ကွဲပြားကြသည့် တိုင်းရင်းသားလူမျိုးစုများနှင့် ယဉ်ကျေးမှုများစွာတို့ဖြင့် ဖြေရှင်းရန်အတွက် နိုင်ငံရေးအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ဖြင့် ပုံဖော်ထားသည့် ဖက်ဒရယ်စနစ်တစ်ခုကို ထူထောင်ရန်မျှော်မှန်းထားပေသည်။ ဤကဲ့သို့ ဆန်းပြားနက်နဲပြီး သိမ်မွေ့မှုလွှမ်းနေ သည့် အုပ်ချုပ်မှုအခင်းအကျင်းအတွင်း အလုံးစုံဗဟိုချုပ်ကိုင်မှုဖြင့် နိုင်ငံအဆင့်စီမံချက်ဖြင့်သာ လုပ်မည်ဆိုပါက အထက်မှ-အောက်သို့ညွှန်ကြားသည့်၊ ဒေသတွင်းရှိ ပကတိဖြစ်ရပ်များနှင့် အဆက်ပြတ်ကင်းကွာနေသည့်၊ အောက်ခြေခေါင်းဆောင်မှုကို ယုတ်လျော့စေသည့် အမြင်များနှင့်ကြည့်လာမည့် အန္တရာယ်အလားအလာ ရှိပေသည်။ ပြည်နယ်/တိုင်းအဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြု လူထုအဖွဲ့အစည်းများသည် ၎င်းတို့၏ ရပ်ရွာလူထုအတွင်းတွင် ပိုမိုခိုင်မာသော သဘာဝကျသောတရားဝင်မှုကို နိုင်ငံအဆင့်၌ ပါဝင်လုပ်ဆောင်နေသူများထက် ပိုင်ဆိုင်ထားသောကြောင့် ၎င်းတို့သည် WPS မူများကို ဒေသအလိုက်ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရာတွင် မရှိမဖြစ်လိုအပ်ပေသည်။ သို့ဆိုရကား နိုင်ငံအဆင့် WPS မူဘောင်သည် ကတိကဝတ်ပြုမှုကို ရှင်းရှင်း လင်းလင်းဖော်ပြရန်၊ နိုင်ငံတကာစံနှုန်းများနှင့် ပေါင်းစည်းချိန်ညှိရန်၊ အလှူရှင်များအား တိုက်တွန်းလှုံ့ဆော်ရန် လုပ်ကိုင်နေစဉ်၌ ဒေသတွင်းအခြေအနေများ၊ ဘာသာစကားနှင့် လုံခြုံရေးဆိုင်ရာ အနေအထားများနှင့် ထင်ဟပ်မှုရှိသည့် အလွှာအလိုက်၊ ဗဟိုချုပ်ကိုင်မှုမရှိသော၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ချမှတ်ထားသော သီးခြား WPS လုပ်ငန်းအစီအစဉ်များမှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။

ထိုသို့သော အလွှာလိုက်၊ ဗဟိုချုပ်ကိုင်မှုမရှိသည့် ချဉ်းကပ်မှုသည် WPS ဆိုင်ရာကတိကဝတ်များကို ပြည်ထောင်စု/နိုင်ငံအဆင့်တွင် စံနှုန်းနှင့်အညီချမှတ်ထားပြီး တိုင်းဒေသကြီး/ဒေသအဆင့်တွင် ၎င်းတို့နှင့် လိုက်လျောညီထွေဆက်စပ်မှုရှိသည့် WPS လုပ်ငန်းစဉ်ကို ချိန်ညှိပေးနိုင်မည်ဖြစ်သည်။ သို့ဆိုပါက လိင်စိတ်ခံယူမှု ကွဲပြားသူများနှင့် မသန်စွမ်းသူများအပါအဝင် အခြားသောဖယ်ကျဉ်ခံအုပ်စုများ၏ဘဝကို တိုက်ရိုက်သက်ရောက်မှုရှိသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်စွမ်းရှိမှုမှသည် ကိုယ်ပိုင်တာဝန်ယူမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို မြှင့်တင်ပေးမည်ဖြစ်သည်။ ဩစတြေးလျနှင့် တီမောလက်စ်တေတို့အား လေ့လာချက်များမှ (ဩစတြေးလျနှင့် တီမောလက်စ်တေတို့၏ ဖြစ်ရပ်နှိုင်းယှဉ်လေ့လာမှုကို ဖော်ပြထားသည့် အခန်း ၇ တွင် အသေးစိတ်ဖတ်ရှုနိုင်သည်) ထိုနိုင်ငံများ၌ ဗဟိုထိန်းချုပ်မှုကောင်းသော အနေအထားရှိပေရာ နိုင်ငံအဆင့်စီမံချက်ကို အသုံးပြုနိုင်ကြသော်လည်း ၎င်းပုံစံအတိုင်း မြန်မာနိုင်ငံအတွက် တိုက်ရိုက်ယူကာ အသုံးပြု၍ရနိုင်မည်မဟုတ်ပေ။ ယင်းအစား မြန်မာနိုင်ငံအနေအထားသည် အဆင့်များစွာမှတဆင့်၊ ဗဟိုထိန်းချုပ်မှုမရှိသော၊ အောက်ခြေမှ-အထက်ပုံစံရှိ ပါဝင်ဆောင်ရွက်မှုကို ပြည်ထောင်စုအဆင့်၌

ညှိနှိုင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ပေးသော WPS မူကို အကောင်အထည်ဖော်ရန်လိုသည်။ ဤချဉ်းကပ်မှုသည် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ရည်မှန်းချက်များနှင့် ကြာရှည်စွာဖြစ်ပွားနေသော ပဋိပက္ခများကို ဖြေရှင်းရန်အတွက် ပိုမိုသင့်လျော်ပြီး တချိန်တည်းတွင်လည်း WPS အရေးသည် အပြောသက်သက် ဟန်ပြကတိကဝတ် တစ်ခုမျှသာမကဘဲ အားလုံးပါဝင်/အကျုံးဝင်သော အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့အတွက် အသွင်ကူးပြောင်းရေး ကိရိယာတစ်ခု ဖြစ်လာပေမည်။

## ၅၊ ၈။ စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ပွဲအောက်မှ လက်ရှိအခြေအနေ

ခေတ်အဆက်ဆက်ကရှိခဲ့သည့် အကြမ်းဖက်စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ တရားစီရင်ရေးနှင့် ဥပဒေစိုးမိုးရေးကို စစ်လက်နက်သဖွယ်အသုံးချနေကြပေရာ ရှင်သန်လွတ်မြောက်လာသူများအတွက် ဆယ်စုနှစ်ပေါင်းများစွာ တရားမျှတမှုရရှိရန် လမ်းစပိတ်နေခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အကြမ်းဖက်စစ်တပ်၏ တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းမှစ၍ ၎င်းတို့ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ၊ ပဋိပက္ခအခြေပြု ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ သိသိသာသာ မြင့်တက်လာသည်။ တော်လှန်ရေးအဖွဲ့များသည်လည်း လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ၊ ပဋိပက္ခအခြေပြု ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်သည်ဟူသော စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသည်။

အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဆက်စပ်သည့် အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် အမျိုးသမီးအရပ်ဘက်အဖွဲ့အစည်းများသည် အကြမ်းဖက်စစ်တပ် ထိန်းချုပ်မှုမရှိသည့် နယ်မြေများအတွင်း၌ အကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းရန်နှင့် အခွင့်အရေးအခြေပြု-အုပ်ချုပ်ရေးအတွက် စည်းရုံးလှုံ့ဆော်ရာတွင် အလွန်အရေးပါသူများ ဖြစ်လာကြသည်။ အချို့သော ကြားကာလအုပ်ချုပ်ရေးကောင်စီများနှင့် တိုင်းရင်းသားလူမျိုးစု အုပ်ချုပ်ရေးဖွဲ့စည်းမှုများသည် ဂျန်ဒါမူဝါဒများကိုရေးဆွဲခြင်း၊ အားလုံးပါဝင်/အကျုံးဝင်သည့် အုပ်ချုပ်ရေးစနစ်ကိုမြှင့်တင်ခြင်းနှင့် ရှင်သန် လွတ်မြောက်လာသူများကို ပံ့ပိုးကူညီသည့်ကွန်ရက်များ တည်ဆောက်ခြင်းတို့ကို ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် ဤကြိုးပမ်းမှုများသည် ဒေသအလိုက် ဖော်ဆောင်ထားခြင်းသာဖြစ်ပြီး ရန်ပုံငွေမလုံလောက်ခြင်းနှင့် အကြမ်းဖက်စစ်တပ်၏ ထိုးစစ်များ၏ တိုက်ခိုက်ခံရမှုကို ကြုံရနိုင်ချေရှိနေကြသည်။

လိင်စိတ်ခံယူမှု ကွဲပြားသူအသိုင်းအဝိုင်းသည် ကိုလိုနီခေတ်ဥပဒေဖြစ်သော လိင်တူဆက်ဆံခြင်းကို ရာဇဝတ်မှု မြောက်စေသည့် ရာဇသတ်ကြီးပုဒ်မ ၃၇၇ အရ ဆက်လက်ဖိနှိပ်ခံနေရဆဲ

ဖြစ်သည်။[30] အာဏာ သိမ်းကြိုးပမ်းမှုကာလနောက်ပိုင်း အကြမ်းဖက်စစ်တပ်၏ ထိန်းချုပ်မှုအောက်ရှိ တရားရုံးများသည် ဤဥပဒေဖြင့် ၎င်းတို့ကိုဆန့်ကျင်တွန်းလှန်သည့် လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် လူ့အခွင့်အရေး ကာကွယ်သူများကို လက်နက်သဖွယ်အသုံးပြုတိုက်ခိုက်နေခဲ့ပြီး အကြမ်းဖက်ခံရမှု၊ ဖမ်းဆီးထိန်းသိမ်းခံရမှုနှင့် ထိပါးနှောင့် ယှက်ခံရမှုများ ပိုကြီးထွားဆိုးရွားလာသည်။ အခြေခံလူထုလှုပ်ရှားမှုများ သိသာမြင်သာမှု တိုးမြင့်လာသော်လည်း ကွဲရဲ့ရှုပ်ချမှုနှင့် ရာဇဝတ်သားအဖြစ် မှတ်ယူဆက်ဆံခြင်းမှာ ခိုင်မာစွာအမြစ်တွယ်နေ ဆဲဖြစ်သည်။ ပိုမိုဆိုးရွားသည်မှာ မသန်စွမ်းသူများသည် နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ဝန်ဆောင်မှုပေးအပ်မှု/ရရှိနိုင်မှုများနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများမှ စနစ်တကျဖယ်ကျဉ်ခံထားကြရဆဲဖြစ်သည်။ ပဋိပက္ခနှင့် ပဋိပက္ခအကြောင်းပြုကာ ဖြစ်ပေါ်လာသည့် နေရပ်မှစွန့်ခွာရမှုကြောင့် မသန်စွမ်းသူများ၏ ကျန်းမာရေး၊ သွားလာနိုင်ရေးနှင့် ဂုဏ်သိက္ခာတို့ကို အလွန်အမင်းထိပါးလာကာ ၎င်းတို့၏ရွေ့လျားသွားလာနိုင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုများရယူနိုင်မှုနှင့် အသက်မွေးဝမ်းကြောင်းနိုင်မှုတို့အပေါ် ဆိုးရွားစွာသက်ရောက်မှုများ ရှိနေသည်။

30 ICJ, Myanmar's Criminal Law and Justice System Perpetuates Stigmatisation, Discrimination, and Human Rights Violations against Its LGBTI People, new report finds, 8 November 2019, https://shorturl.at/Dozj6

# အဓိကဆင်ခြင်သုံးသပ်ချက်

မြန်မာနိုင်ငံ၏ ဂျန်ဒါရေးရာမူဝါဒနှင့် မူဘောင်ဆိုင်ရာအခင်းအကျင်းသည် ဆန်းသစ်တီထွင်မှုများရှိသလို ဆုတ်ယုတ်မှုဟူသည့် သွင်ပြင်လက္ခဏာနှစ်မျိုးလုံးရှိနေသည်။ တစ်ဖက်တွင် နိုင်ငံအဆင့်မဟာဗျူဟာစီမံကိန်း NSPAW နှင့် PoVAW ကဲ့သို့သော ဥပဒေမူကြမ်းတို့သည် ကနဦးစီမံချက်များအဖြစ် အရေးကြီးသော ကတိကဝတ်များကို မီးမောင်းထိုးပြနိုင်ခဲ့သော်လည်း စွမ်းဆောင်ရည်အကန့်အသတ်ရှိခြင်း၊ လိုက်နာလုပ်ဆောင်မှု အားနည်းခြင်းနှင့် စစ်ဝါဒ အမြစ်တွယ်နေခြင်းစသည့် အဟန့်အတားများဖြင့် ရင်ဆိုင်ခဲ့ကြရသည်။ အခြား တစ်ဖက်တွင်လည်း အမျိုးသားညီညွတ်ရေးအစိုးရ၏ ဂျန်ဒါတန်းတူညီမျှရေးမူဝါဒ ၂၀၂၄ နှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတို့မှသည် အောက်ခြေလူထုဦးဆောင်သည့် WPS မူဘောင်များအထိ ကြိုးပမ်းမှုများသည် ပဋိပက္ခနှင့်ရင်ဆိုင်နေရသည့်ကြားမှပင် ခွန်အားစိုက်ထုတ်မှု၊ တီထွင်ဆန်းသစ်စွာ ဖန်တီးနိုင်စွမ်းနှင့် အားလုံးပါဝင်/အကျုံးဝင်နိုင်မှုတို့ကို ပုံဖော်ပြသလျက်ရှိသည်။

အစိုးရမှချမှတ်ထားသည့် မူဘောင်များနှင့် အောက်ခြေမှရေးဆွဲခဲ့သော မူဘောင်များ ယှဉ်တွဲရှိနေခြင်းသည် ပိုမိုကျယ်ပြန့်သည့် ဖွဲ့စည်းမှုဆိုင်ရာစိန်ခေါ်ချက်ကို ဖြစ်စေသည် - ညှိနှိုင်းဆောင်ရွက်မှုနှင့် တခုနှင့်တခု ဖြည့်စွက်လုပ်ကိုင်မှုများမရှိပါက ဤထပ်တူပုံစံတူရှိနေခြင်းက ရှားပါးလှသည့် အရင်းအမြစ်များကို ပြုန်းတီးစေသည်သာမက ယုံကြည်မှုကိုလည်း ထိခိုက်စေမည့်အလားအလာများ ရှိနေသည်။ သို့သော်လည်း ဤချဉ်းကပ်မှုများကို သဟဇာတဖြစ်အောင်လုပ်နိုင်ပါက - အောက်ခြေလူထု၏ပါဝင်မှုနှင့် ပိုင်ဆိုင်တာ ဝန်ခံမှုတို့ကို အစိုးရဖွဲ့စည်းတည်ဆောက်မှု၊ တာဝန်ခံတာဝန်ယူမှုတို့နှင့် ထည့်သွင်း ပေါင်းစပ်ပေး လိုက်ခြင်းဖြင့် ပဋိပက္ခဒဏ်ခံစားနေရသော ပြည်နယ်များတွင် ဂျန်ဒါရေးရာကို အလေးထားတုံ့ပြန်သည့် မူဝါဒချမှတ်ခြင်း၏ စံနမူနာကောင်းဖြစ်လာရန် အလားအလာရှိပေသည်။ မြန်မာနိုင်ငံ၏ ရှေ့ဆက်လမ်းခရီးတွင် တိုင်းရင်းသားလူမျိုးစုစုံလင်ကွဲပြားမှုနှင့် ဒေသတွင်းအခြေအနေများကိုထင်ဟပ်စေသည့် ဗဟိုချုပ် ကိုင်မှုလျှော့ချထားသော ပြည်ထောင်စုအဆင့် ကတိပြုချက်များဖြင့် လိုက်လျော ညီထွေချ မှတ်ထားသည့်မူဘောင်များနှင့် အလွှာလိုက် ဟန်ချက်ညီညီထိန်းညှိထားသော ဖက်ဒရယ်ချဉ်းကပ်မှု လိုအပ်သည်။ ဤမူဘောင်များကို ကောင်းကောင်းမွန်မွန် အားပေးထောက်ပံ့နိုင်ပါက လတ်တလောကာလ အကျပ်အတည်းအား စစ်မှန်ပြီး အားလုံးပါဝင်/အကျုံးဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီအတွက် အခြေခံ အုတ်မြစ်အဖြစ် ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။

## ၆။“ဘတ်ဂျက်မရှိမဖြစ်” ဟူသော ယုံမှတ်မှား

မြန်မာနိုင်ငံကဲ့သို့ အရင်းအမြစ်အကန့်အသတ်ရှိသည့် အခြေအနေမျိုးတွင် အမျိုးသမီးများ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများနှင့် မသန်စွမ်းသူများအတွက် ကာကွယ်တားဆီးရေးနှင့် အကာအကွယ်ပေးရေး ဦးတည် လုပ်ကိုင်သည့်မူဘောင်များသည် ရန်ပုံငွေမရှိလျှင် လုပ်၍မဖြစ်နိုင်၊ အောင်မြင်မှုရမည်မဟုတ်ဟူသော ယုံမှတ်မှားဖြင့် မကြာခဏငြင်းခုံကြသည်ကို တွေ့ရမည်ဖြစ်သည်။[31] ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းနှင့် လုပ်ကိုင်ဆောင်ရွက်ရခြင်းသည် ပိုမိုတည်ငြိမ်မှုရှိသည့် နိုင်ငံများထက် စိန်ခေါ်မှုရှိနိုင်သည်မှာ ဧကန်မုချပင်၊ သို့ရာတွင် ပိုမိုလေးလေးနက်နက်တွေးပါက တွေ့ရမည့်ပြဿနာမှာ ဘတ်ဂျက်လုံးဝမရှိခြင်းမဟုတ်ဘဲ နိုင်ငံရေးအရဦးစားပေးမှု မရှိနေခြင်းသာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ရန်ပုံငွေများရှိခြင်းမရှိခြင်းသည် နိုင်ငံရေးအရရွေးချယ်မှုရှိခြင်းမရှိခြင်းကို ပေါ်လွင်ထင်ဟပ်နေသည်။ အဓိကကျသည့် နိုင်ငံအဆင့်စီမံ ကိန်းရေးဆွဲရာ၌ အားလုံးပါဝင်/အကျုံးဝင်သော အကာအကွယ်ပေးရေး စနစ်ယန္တရားများအား ချန်လှပ်ထား သည့်အခါ ငွေကြေးလုံလောက်မှုမရှိနေသည်ဆိုခြင်းထက် အထူးသဖြင့် ဤကဲ့သို့သောအရေးကိစ္စများကို ဘေးဖယ်ထားလေ့ရှိသည့် စစ်ဝါဒဖြင့်လွှမ်းမိုးခံထားရသော အမျိုးသားများကြီးစိုးသည့် စနစ်များအတွင်း ဂျဲန်ဒါအရေးကိုအလေးပေးသည့် အုပ်ချုပ်ရေးဆိုင်ရာဦးစားပေးမှုမရှိခြင်းကြောင့်သာဖြစ်သည်။[32]

ဤ “ဘတ်ဂျက်မရှိမဖြစ်” ယုံမှတ်မှားအဆိုသည် အရေးကြီးသည့်စံ/ပုံစံ/အချက်ကိုလည်း ဖုံးကွယ်ထား လေ့ရှိသည် – ထိုအချက်မှာ ငွေကြေးတောင့်တင်းပြီး နိုင်ငံရေးတည်ငြိမ်မှုရှိသည့် နိုင်ငံများ၌ပင် ဦးစားပေး မှုများနှင့် တာဝန်ယူတာဝန်ခံမှုမရှိပါက ရုန်းကန်ကြရသည်ဟူသောအချက်ပင်။ ဥပမာပေးရပါက စီးပွားရေးအရအားကောင်းသည့် ဩစတြေးလျနိုင်ငံသည် နိုင်ငံအဆင့် WPS စီမံကိန်းကို အကြီးအကျယ်မြှုပ်နှံ လုပ်ဆောင်ခဲ့သည်ကိုတွေ့ရမည်။ သို့သော်လည်း အရပ်ဘက်လူထုအဖွဲ့အစည်းနှင့် ပညာရှင်များ၏ လွတ်လပ်သောသုံးသပ်ချက်များအရ ၎င်း၏ ကြိုးပမ်းအားထုတ်မှုများသည် အပေါ်စီးမှချမှတ်သည့် (သို့မဟုတ်) အထက်မှ–အောက်သို့စီးဆင်းသည့် လုပ်ဆောင်မှု၊ ဗျူရိုကရေစီဆန်သည့်ဒီဇိုင်း၊[33] ဖန်းမ်မနစ်များနှင့် ပတ်သက် ထိတွေ့မှု အားနည်းခြင်းများ ရှိနေသည့်အပြင် အနှစ်သာရှိသောသက်ရောက်မှုအစား လုပ်ဆောင်ချက်အခြေခံ ညွှန်း

31 International Rescue Committee, (2024), Contextualizing GBV Prevention and Response: Rhetoric or Reality for WROs and WLOs in Humanitarian Contexts?, International Rescue Committee (IRC), https://gbvresponders.org/wp-content/uploads/2025/02/WPE-Policy-Report-EN-1.pdf

32 Buchanan, C. (2022), Preventing Gender-Based Violence in Myanmar, International IDEA, Constitution Brief, March 2022, https://www.idea.int/sites/default/files/publications/preventing-gender-based-violence-in-myanmar-CAWE3.pdf

33 ဘာသာပြန်၏ရှင်းလင်းချက် – ဗျူရိုကရေစီဆန်သည်ဆိုရာ၌ အထက်နှင့်အောက်ပုံစံကြီးခြင်း၊ အလုပ်ခွဲဝေမှုပုံစံကြတ်မတ်မှု၊ တရားဝင်စည်းကမ်းများကို အားကိုးအားထားပြုလွန်းမှု၊ လုပ်ထုံးလုပ်နည်းများအတိုင်းသာ လုပ်ကိုင်ရမှုများနှင့်ပြည့်နေသည့် စီမံခန့်ခွဲမှုကိုဆိုလိုသည်။

ကိန်းများအပေါ် အလွန်အကျွံမှီခိုမှုကြောင့် အဟန့်အတားများစွာနှင့် ကြုံခဲ့ရသည်ဟု လေ့လာသိရှိရသည်။[34]

အလားတူပင် တီမောလက်စ်တေနိုင်ငံ၏ ၂၀၁၆ ခုနှစ် နိုင်ငံအဆင့်စီမံချက်သည် စစ်မှန်သော နိုင်ငံရေး ကတိကဝတ်ပြုမှုနှင့် ပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပေးချက်များဖြင့် ရေးဆွဲချမှတ်ခဲ့သော်လည်း ဘတ်ဂျက် သီးသန့်လျာထားခွဲဝေမှု မလုပ်ခဲ့သောကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အခက်အခဲများ စွာနှင့်ကြုံကာ လုပ်ငန်းများတစ်လစ်ဖြစ်ရသည့် အခြေအနေရောက်ရသည့်အပြင် ပြင်ပအလှူရှင်များအပေါ် မှီခိုအားထားရသောအခြေအနေသို့ပါ ရောက်ခဲ့ရသည်။[35] ဤဖြစ်ရပ်များသည် ရည်ရွယ်ချက်ရှိရှိ ဦးစားပေး ဆောင်ရွက်မှု၊ တင်းကြပ်စွာစောင့်ကြည့်စစ်ဆေးလေ့လာမှုနှင့် အားလုံးပါဝင်/အကျုံးဝင်သည့် ဒီဇိုင်း ပုံစံချမလုပ်ပါက ရန်ပုံငွေလျာထားခွဲဝေချထားရုံဖြင့် လိုလားသည့်ရလာဒ်များ မထွက်လာနိုင်သည်ကို မီးမောင်းထိုးပြလျက်ရှိသည်။ ဤခွဲခြမ်းစိတ်ဖြာမှုသည် နိုင်ငံရေးဆန္ဒ၊ ဘဏ္ဍာငွေကြေး ကတိကဝတ်ပြုမှုနှင့် အသွင်ပြောင်းလဲမှုရှိသည့် ဒီဇိုင်းချမှတ်မှုစသည်တို့သည် အဓိပ္ပာယ်ပြည့်ဝပြီး သက်ရောက်မှုဖြစ်နိုင်သည့် မူဝါဒအဖြစ်ပြောင်းလဲနိုင်ရေး၌ ချိန်ညှိလုပ်ကိုင်ရန်လိုအပ်ကြောင်းကို ယခုနောက်ဖော်ပြမည့် နှိုင်းယှဉ် လေ့လာမှုများကို ဖတ်ရှုရန်အချိန်ကိုက်ပင် ဖြစ်တော့သည်။

34 Reviews of Australian WPS implementation highlight weak accountability and limited feminist grounding, despite sub-stantial funding (1325naps.peacewomen.org).

35 Timor Leste’s first NAP (2016–20) featured a ‘detailed implementation matrix’ but reportedly no allocated budget, forcing reliance on donor support and curbing long-term sustainability (1325naps.peacewomen.org).



# ၇။ ဖြစ်ရပ်နှိုင်းယှဉ်လေ့လာချက်များ

## ၇.၁ ဖြစ်ရပ်လေ့လာမှု (၁) – ဩစတြေးလျ

### ၇၊ ၁၊ ၁။ ခြုံငုံသုံးသပ်ချက် – ဘတ်ဂျက်၊ နိုင်ငံအဆင့်ဂျဲန်ဒါရေးရာ စနစ်ယန္တရားနှင့် အဖွဲ့အစည်းအ ဆောက်အအုံဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုများ

ဩစတြေးလျနိုင်ငံသည် ဂျဲန်ဒါတန်းတူညီမျှရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာပြုလုပ်ခဲ့သည်။ ၂၀၂၂–၂၃ ခုနှစ် ဖက်ဒရယ်ဘတ်ဂျက်တွင် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး နိုင်ငံအဆင့်စီမံကိန်း၊[36] အမျိုးသမီးရေးရာ ဘတ်ဂျက်ထုတ်ပြန်ချက် Women’s Budget Statement နှင့် ဂျဲန်ဒါခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာ ရှေ့ပြေးစီမံကိန်းများ gender-analysis pilots မှတဆင့် အဖွဲ့အစည်းအလိုက် ဂျဲန်ဒါရေးရာတုံ့ပြန်မှုဆိုင်ရာ ဘတ်ဂျက်ရေးဆွဲခြင်းအတွက် ခြောက်နှစ်အတွင်း ဩစတြေးလျဒေါ်လာ ၁.၇ (၁ ဒသမ ၇) ဘီလီယံအထိ ချမှတ်ပေးခဲ့သည်။[37] ၎င်း၏ ဂျဲန်ဒါဆိုင်ရာဖွဲ့စည်းတည်ဆောက်မှုတွင် အမျိုးသမီးရေးရာရုံး Office for Women၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (DFAT)၊ ကာကွယ်ရေးဝန်ကြီးဌာန (DoD)၊ နိုင်ငံရှေ့နေချုပ်ရုံးဌာန (AGD)၊ ဩစတြေးလျဖက်ဒရယ်ရဲတပ်ဖွဲ့ (AFP) နှင့် ဩစတြေးလျအရပ်ဘက်–စစ်ဘက်ဗဟိုဌာန Australian Civil–Military Centre စသည့် ဌာနဆိုင်ရာများအကြား ပူးပေါင်းညှိနှိုင်းမှုများ ပါဝင်သည့်အပြင် “Our Watch” ကဲ့သို့သော ပံ့ပိုးကူညီပေးသည့် အဖွဲ့အစည်းများလည်း ပါဝင်သည်။[38]

---

36 A$1.7 billion allocated to end violence against women and children over six years (aspistrategist.org.au, aspi.org.au, aph.gov.au).

37 Gender–responsive budgeting pilots and Women’s Budget Statement integrated into FY 2022–23.

38 Australia’s WPS NAPs published in 2012–18 and 2021–31 (dfat.gov.au). Our Watch သည် အကျိုးအမြတ်အတွက် ဖွဲ့ထားသည့် အဖွဲ့မဟုတ်ပဲ လွတ်လပ်စွာဖွဲ့စည်းထားပြီး အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုအား တားဆီးကာကွယ်ရန်အတွက် နိုင်ငံအဝှမ်း ယဉ္ဌ်ကျေးမှု၊ အပြုမူများ၊ ဩဇာအာဏာမညီမျှမှုများအား ပြောင်းလဲပြုပြင်နိုင်ရေး မောင်းနှင်ရန်အတွက် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ခန

## ၇၊ ၁၊ ၂။ နိုင်ငံအဆင့်စီမံကိန်းများ – အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး နှင့် WPS မူများ

ဩစတြေးလျနိုင်ငံ၏ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုလျှော့ချရေး ပထမဆုံး နိုင်ငံအဆင့်စီမံချက် (၂၀၁၀–၂၀၂၂) ပြီးနောက် ၂၀၂၂–၂၀၃၂ စီမံချက်ကို မဏ္ဍိုင်လေးရပ်ဖြင့် လုပ်ဆောင်ခဲ့သည်၊ ထိုမဏ္ဍိုင်များမှာ – ကာကွယ်တားဆီးခြင်း prevention၊ ဆောလျင်စွာကြားဝင်ဆောင်ရွက်ခြင်း early intervention၊ တုံ့ပြန်ဆောင်ရွက်ခြင်း response နှင့် ပြန်လည်ထူထောင်ခြင်း recovery တို့ဖြင့် ဖွဲ့စည်းထားပြီး "ဌာနေတိုင်းရင်းသားလူမျိုးများ"[39] နှင့် လိင်စိတ်ခံယူမှု ကွဲပြားသူအသိုင်းအဝန်းများအတွက် ကဏ္ဍစုံမှသက်ရောက်မှုဆိုင်ရာ ကတိကဝတ်များ Intersectional Commitments ကိုပါ ထည့်သွင်းစဉ်းစား ချမှတ်ထားသည်။ ဂျဲန်ဒါတန်းတူညီမျှမှုကို နိုင်ငံခြားရေးရာမူဝါဒနှင့် နိုင်ငံရပ်ခြားအကူအညီပေးသည့် အစီအစဉ်များတွင်လည်း ပေါင်းစပ်ချမှတ်ထားသည်။ ဤကြိုးပမ်းအားထုတ်မှုများသည် အစိုးရ၏ ကတိကဝတ်ကို ပြသနေသော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် WPS ဆိုင်ရာ ကျွမ်းကျင်သူများက အစိုးရ၏ အားနည်းသော အစီရင်ခံတင်ပြမှုများ၊ အပိုင်းပိုင်းအစစဖြစ်နေသည့် အကောင်အထည်ဖော်ဆောင်မှု များ၊ နိုင်ငံရပ်ခြားအကူအညီပေးမှုအပေါ် အလွန်အကျွံအလေးပေးမှုနှင့် အစိုးရတစ်ရပ်လုံးညှိနှိုင်းဆောင်ရွက်မှု လုံလုံလောက်လောက်မရှိခြင်းတို့ကို ဝေဖန်ထောက်ပြခဲ့ကြသည်။[40]

## ၇၊ ၁၊ ၃။ ဩစတြေးလျ၏ WPS ဆိုင်ရာ အစိုးရတစ်ရပ်လုံးချဉ်းကပ်ဆောင်ရွက်မှု – အားသာချက် နှင့် အားနည်းချက်များ

ဩစတြေးလျသည် အစိုးရတစ်ရပ်လုံးပါဝင်သည့်မဟာဗျူဟာဖြင့် နိုင်ငံအဆင့်စီမံချက်တစ်ခုတည်းအောက်တွင် DFAT၊ DoD၊ AFP နှင့် အခြားဌာနများ၏ ပူးပေါင်းပါဝင်မှုဖြင့် ၎င်း၏ WPS အစီအစဉ်ကို အကောင်အထည်ဖော်ခြင်း ဖြစ်သည်။ ဤပုံစံသည် မူဝါဒဆိုင်ရာကျိုး

---

သဟာရပြည်ထောင်စု (ဖက်ဒရယ်) အစိုးရနှင့် ဗစ်တိုးရီးယားပြည်နယ်အစိုးရနှစ်ရပ် ပေါင်းစည်းဖွဲ့စည်းထားသည့် Our Watch သည် ၂၀၁၃ ခုနှစ် ဖွန်လမှချမှတ်ခဲ့သည့် နိုင်ငံအဆင့်စီမံကိန်းမှ အဓိကအစပျိုးခြေလှမ်းတခုပင် ဖြစ်သည်။ ထိုအချိန်မှစ၍ အခြားပြည်နယ် နှင့် နယ်မြေဒေသအစိုးရများပါ ဤအဖွဲ့အစည်း၏ အဖွဲ့ဝင်များအဖြစ် ပါဝင်လာကြသည်။ https://www.ourwatch.org.au/about-us/what-we-do

39 First Nations people ဌာနေတိုင်းရင်းသားများဆိုရာတွင် ဩစတြေးလျတိုက်ကြီးရှိ ရှေးအကျဆုံးသော ရှေးတိုင်းရင်းသားများ Aboriginals၊ တိုရဲစ် စတရိတ် ကျွန်းလူမျိုးများ Torres Strait Islander peoples စသည်တို့ပါဝင်သည်။ ၎င်းတို့သည် တူညီသောလူမျိုးစု အုပ်စုများမဟုတ်ပဲ ကိုယ်ပိုင်ထူးခြားသော ဘာသာစကားများ၊ ယဥ်ကျေးမှုများနှင့် နောက်ခံသမိုင်းကြောင်းများဖြင့် ရာနှင့်ချီရှိသည့် လူမျိုးစုအုပ်စုများဖြစ်သည်။ ၎င်းတို့၏အမွေအနှစ်သည် နှစ်ပေါင်း ၆၅,၀၀၀ (ခြောက်သောင်းငါးထောင်) ကျော်ကြာ သက်တမ်းရှိ လူသားတို့ဖြစ်တည်မှု အထောက်အထားများရှိသည့် ကမ္ဘာပေါ်ရှိ သက်တမ်းအရင့်ဆုံးအရှည်ဆုံး လူမှုတိုးတက်မှုပင်ဖြစ်သည်။

40 Wyeth, G., Examining Australia's National Action Plan on Women, Peace, and Security, 19 April 2021, https://thediplomat.com/2021/04/examining-australias-national-action-plan-on-women-peace-and-security/ and Hutchinson, S., (2024) "Time for More Action on Women, Peace, and Security", The Strategist, 8 March 2024, https://www.aspistrategist.org.au/time-for-more-action-on-women-peace-and-security/

ကြောင်းဆီလျော်မှု၊ အရင်းအမြစ်များကိုမျှဝေသုံးစွဲမှုနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများအသီးသီး၌ ဂျဲန်ဒါရေးရာ များကို ပေါင်းစပ်ထည့်သွင်းစဉ်းစားဖွဲ့စည်းထားသည်။ ဤသို့ အကောင်အထည်ဖော်ခြင်းဖြင့် ဝန်ကြီးဌာနများစွာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းကြောင့် တာဝန်ယူ တာဝန်ခံမှုကိုလည်း ခိုင်မာလာစေသည်။ သို့သော်လည်း ဗဟိုညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်းနှင့် လိုက်နာဆောင်ရွက်အောင် တွန်းအားပေးနိုင်မှုအာဏာ အကန့်အသတ်ရှိခြင်းတို့ကြောင့် အေဂျင်စီများအကြား လက်ခံကျင့်သုံးမှု မညီမညာဖြစ်နေပေသည်။ ဂျဲန်ဒါတန်းတူညီမျှရေးသည် အမျိုးသားလုံခြုံရေးကဲ့သို့ မရှိမဖြစ်လိုအပ်သည့် အရေးကိစ္စ၏နောက် ဒုတိယအရေးပါမှုနေရာတွင် အမြဲရှိနေပေရာ အေဂျင်စီများက တစိုက်မတ်မတ်ကတိကဝတ်ပြု ဆောင်ရွက်ရန်အတွက် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုသောကြောင့် အကောင် အထည်ဖော်ဆောင်ရာတွင် ကွဲလွဲမှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။

## ၇၊ ၁၊ ၄။ ကွာဟချက်များနှင့် စိန်ခေါ်ချက်များ

ဂျဲန်ဒါတန်းတူညီမျှရေးအတွက် ရန်ပုံငွေအများအပြား ချထားပေးသော်လည်း WPS ဆိုင်ရာ လုပ်ငန်းများ အတွက် သီးသန့်လျာထားချမှတ်မှု မရှိခြင်းကြောင့် တာဝန်ယူတာဝန်ခံမှုအား ထိခိုက်လာခဲ့သည်။ ဥပမာအားဖြင့် ၂၀၂၅ ခုနှစ် ဘတ်ဂျက်စီမံခန့်ခွဲမှုတွင် ဂျဲန်ဒါဆိုင်ရာသေဆုံးမှုနှုန်း မြင့်တက်လာသော်လည်း[41] ဂျဲန်ဒါအကြမ်း ဖက်မှုဆိုင်ရာဝန်ဆောင်မှု ရှေ့တန်းမှလုပ်ကိုင်နေသူများအား ရန်ပုံငွေခွဲဝေချထားပေးမှုအသစ် မလုပ်ပေး ခဲ့သည့်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဝေဖန်မှုကိုဖြစ်ပေါ်စေခဲ့သည်။[42] ခွဲခြမ်းစိတ်ဖြာသူများက စောင့်ကြည့်စစ်ဆေးမှုများမှာ ဗျူရိုကရေစီဆန်လွန်းမှုဆက်ရှိနေပြီး ဖန်းမ်မနစ်ဆိုင်ရာ ရလာဒ်ရရှိရေး စေ့ဆော်မှုဖြင့် အပြောင်းအလဲဖြစ်လာမှုထက် လုပ်ငန်းစဥ်အတွက် ဖြည့်သွင်းစွမ်းအားနှင့် ထုတ်လုပ် မှုစွမ်းအားကိုသာ အာရုံစိုက်လုပ်ကိုင်ခဲ့ကြောင်း ဝေဖန်သုံးသပ်ခဲ့ကြသည်။[43] အဖွဲ့အစည်းဆိုင်ရာ

41 Australian Institute of Health and Welfare အစီရင်ခံစာအရ ဩစတြေလျနိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားခြင်းသည် အဆိုးရွားဆုံးပြဿနာဟု ဖော်ပြထားပြီး ပျမ်းမျှခြင်းအားဖြင့် ရက်ပေါင်း (၁၁) ရက်တိုင်းတွင် လက်ရှိအိမ်ထောင်ဖက်/လက်တွဲဖော် (သို့မဟုတ်) အိမ်ထောင်ဖက်ဟောင်း/လက်တွဲဖော်ဟောင်းမှ သတ်ဖြတ်မှုကြောင့် အမျိုးသမီး (၁) ဦး သေဆုံးနေသည်ဟု ထုတ်ဖော် ရေးသားခဲ့သည်။ Mission Australia ၏ ၂၀၁၈ ခုနှစ်မှအစီရင်ခံစာတွင် လက်တွဲဖော်/အိမ်ထောင်ဖက်မှ ကျူးလွန်သည့်အကြမ်းဖက်မှုကို အမျိုးသမီး (၆) ဦးလျှင် (၁) ဦး၊ အမျိုးသားများနှင့်ယှဥ်ပါက အမျိုးသား (၁၆) ဦးတွင် (၁) ဦိးတို့ အကြမ်းဖက်မှုကို ရင်ဆိုင်ကြုံတွေ့နေကြရ သည်ဟု ရေးသားဖော်ပြခဲ့သည်။ https://www.aihw.gov.au/family-domestic-and-sexual-violence/responses-and-outcomes/domestic-homicide, 25 February 2025, and https://www.missionaustralia.com.au/domestic-and-family-violence-statistics#:~:text=Overall%2C%201%20in%205%20women%20and%201,killed%20by%20a%20current%20or%20former%20partner.

42 သေဆုံးမှုအမြောက်အမြားရှိနေသည့်ကြားက ၂၀၂၅ ခုနှစ်ဘတ်ဂျက်သည် အကြမ်းဖက်မှုပြဿနာ တုံ့ပြန်ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုလုပ်ငန်းများအတွက် လျာထားပေးခဲ့ခြင်းမရှိ (news.com.au) and အကြမ်းဖက်မှုကြောင့် အသက်ဆုံးရှုံးရသည့် သတင်းဖော်ပြချက်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့်ရွေးကောက်ပွဲအတွက် အခြေအတင်ဆွေးနွေးပွဲအတွင်း နိုင်ငံရေးအရတိတ်ဆိတ်မှု (news.com.au).

43 လုပ်ငန်းလှုပ်ရှားမှုများကိုသာ ဖောင်းပေးလုပ်ခဲ့သည် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း (M&E) နှင့် ဖန်းမ်မနစ်ဆိုင်ရာ တာဝန်ယူတာဝန်ခံမှု ကင်းမဲ့ခဲ့ခြင်းအား ဝေဖန်ထောက်ပြခြင်း (internationalaffairs.org.au) and ဝန်ကြီးဌာနများက အဖွဲ့အစည်းဆိုင်ရာ ရလာဒ်များအား စီစစ်ခြေရာကောက် ဆောင်ရွက်ရမည့်အစား နိုင်ငံတကာရှိ အချက်အလက်များကို အသုံးပြုခဲ့ခြင်း (internationalaffairs.org.au).

ခုခံဆန့်ကျင်မှုများ၊ လုံခြုံရေးကဏ္ဍများ၌ အမျိုးသားများသာကြီးစိုးသည့် ခေါင်းဆောင်မှုနှင့် ဂျဲန်ဒါ အခြေပြုဖြစ်ပွားသော အကြမ်းဖက်မှုနှင့်ပတ်သက်၍ ပြည်သူလူထု၏ အရေးတကြီးဆောင်ရွက်လိုစိတ် ကျဆင်းလာခြင်းသည်လည်း လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ခရီးမပေါက်ဖြစ်ခဲ့သည်။

## ၇၊ ၁၊ ၅။ အောင်မြင်မှုများ

သြစတြေးလျ၏ လုံခြုံရေးဌာနအဖွဲ့အစည်းများတွင် အမျိုးသမီးကိုယ်စားပြုမှု တိုးမြှင့်လာခဲ့ရာ သြစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့သည် လူသစ်စုဆောင်းပန်းတိုင်များကို ပြည့်မီအောင်ဆောင်ရွက်ခဲ့ပြီး အမျိုးသမီး များဝင်ရောက်ခွင့်ကို အရှိန်မြှင့်လုပ်ကိုင်နိုင်ခဲ့သည်။[44] အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှု ခိုင်မာပြီး ယင်းကို မဖြစ်မနေဆောင်ရွက်ရသည့် ညှိနှိုင်းဆွေးနွေးမှုများ၊ ရှဲဒိုးအစီရင်ခံစာ[45] တင်သွင်းခြင်းနှင့် အွန်လိုင်းပေါ်မှ တုံ့ပြန်ထင်မြင်ချက်ပေးနိုင်သည့် ယန္တရားများမှတဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ပါဝင်ပတ်သက်မှုအားကောင်းအောင်ပြုလုပ်ပေးထားခြင်းဖြစ်သောကြောင့် WPS ဆိုင်ရာ လုပ်ငန်း အကောင်အထည်ဖော်မှုတွင် တာဝန်ယူတာဝန်ခံမှုနှင့် အားလုံးပါဝင်/အကျုံးဝင်နိုင်မှုတို့ကို ပိုမိုခိုင်မာ စေခြင်းဖြစ်သည်။[46]

## ၇၊ ၁၊ ၆။ သင်ခန်းစာများ

သြစတြေးလျနိုင်ငံ၏ဖြစ်ရပ်သည် နိုင်ငံရေးစိတ်ဆန္ဒ၊ ဖန်းမ်မနစ်ဆန်သည့် တာဝန်ယူတာဝန်ခံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာပြောင်းလဲမှုတို့မရှိဘဲနှင့် အရေးပါသောအရင်းအမြစ်များ၊ အဖွဲ့အစည်းဆိုင်ရာ မူဘောင်များသည် အလိုအလျောက် ပြောင်းလဲသွားသည့်ရလာဒ်များကို အသွင်ပြောင်းပေးနိုင်ခြင်းမရှိကြောင်း သက်သေနမူနာပြလျက်ရှိသည်။ ရေရှည်တည်တံ့တိုးတက်မှုအတွက် ခိုင်မာတိကျသည့် လိုက်နာဆောင်ရွက်မှု၊ ရလာဒ်ကိုအာရုံစိုက်ကာ စောင့်ကြည့်စစ်ဆေးမှု၊ လုံခြုံရေးဌာနအဖွဲ့အစည်းများအတွင်း အားလုံး ပါဝင်/အကျုံးဝင်သည့် ခေါင်းဆောင်မှုနှင့် WPS ဆိုင်ရာမူများ

44 သြစတြေးလျကာကွယ်ရေးတပ်ဖွဲ့သည် တိုက်ခိုက်ရေးအခန်းကဏ္ဍများ၌ အချိန်အတိုင်းအတာတခုအတွင်း အမျိုးသမီးများဝင်ရောက်ခွင့် ကန့်သတ်ချက်ကို ဖယ်ရှားခဲ့ပြီး ၎င်းကို ၂၀၁၁ ခုနှစ်တွင်စ,တင်ခဲ့ပြီး ၂၀၁၆ တွင် ဝင်ရောက်ခွင့်အမြင့်ဆုံးဖြစ်ခဲ့သည်။ ယခင်က တိုက်ခိုက်ရေး အခန်းကဏ္ဍရှိ အချို့သောနေရာရာထူးများ၌ အမျိုးသမီးများဝင်ရောက်ခွင့်ကို တားမြစ်ထားရာမှ နောက်ပိုင်းတွင် အထူးတပ်ဖွဲ့အပါအဝင် ထိုနေရာရာထူးများအား တဖြည်းဖြည်းချင်း ဖွင့်ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။

45 ဘာသာပြန်ရှင်းလင်းချက် – shadow reporting ဆိုသည်မှာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုအခြေပြု အစုအဖွဲ့များက သီးခြားတင်သည့် အစီရင်ခံစာကိုဆိုလိုသည်။ ဥပမာ – ကုလသမဂ္ဂရှိ စီဒေါကော်မီတီသို့ အစိုးရများမှ အစီရင်ခံစာ ပို့ပေးရသည်သာမက အထက်ကဆိုခဲ့သည့်အစုအဖွဲ့များကလည်း အစီရင်ခံစာကို ၎င်းတို့အတွေးအမြင်နှင့် ဖြစ်ပျက်နေသည်များအပေါ် ပကတိအခြေအနေတင်ပြချက်များ ရေးသားပေးပို့ခြင်းကို shadow reporting ဟုခေါ်သည်။

46 See Australian Government (2021), Second National Action Plan on Women, Peace and Security 2021–2031, which outlines the mechanisms for civil society participation, including roundtables, consultations, and the use of shadow reports.

ကို လက်တွေ့တွင် ထည့်သွင်းကျင့်သုံးမှု သေချာလာ စေရန် သဘောထားအမြင်များပြောင်းလဲမှု စသည်တို့လိုအပ်ပေသည်။ ဝင်ငွေမြင့်မားသော နိုင်ငံဖြစ်ရုံမျှဖြင့် ဂျဲန်ဒါများအကြားသာတူညီမျှမှု gender equity ကို အာမခံပေးနိုင်သည်ဟု ယူဆ၍မရ၊ ဖွဲ့စည်း တည်ဆောက်မှုဆိုင်ရာပြောင်းလဲမှုနှင့် တာဝန်ယူတာဝန်ခံမှုတို့မှာ မရှိမဖြစ်လိုအပ်သည့်အရာများ ဖြစ်နေဦးမည်ဖြစ်သည်။



## ၇.၂ ဖြစ်ရပ်လေ့လာမှု (၂) – တီမောလက်စ်တေ

တီမောလက်စ်တေ (အရှေ့တီမောဟု အများသိကြသည်) နိုင်ငံသည် အရင်းအမြစ်ရှားပါးပြီး ပဋိပက္ခလွန်အခြေအနေကြားမှပင် နိုင်ငံရေးစိတ်ဆန္ဒ၊ အောက်ခြေလူထုခေါင်းဆောင်မှုနှင့် ဖန်းမ်မနစ်ကွန်ရက်များ အားကောင်းမှုက ဂျဲန်ဒါတန်းတူညီမျှရေးကို မည်ကဲ့သို့တွန်းအားပေးနိုင်ခဲ့သည်ကို ဖော်ပြနေသည်။ ၎င်း၏ အတွေ့အကြုံများက အားလုံးပါဝင်/အကျုံးဝင်သော အုပ်ချုပ်ရေး၊ ခိုင်မာသောနိုင်ငံအဆင့် တာဝန် ယူတာဝန်ခံမှုနှင့် လူထုစည်းရုံးလှုပ်ရှားမှုတို့သည် ရန်ပုံငွေ/ဘတ်ဂျက်ကဲ့သို့ပင် အရေးကြီးကြောင်းပြသနေသည်။

### ၇၊၂၊ ၁။ ပဋိပက္ခလွန်ကာလနှင့် အရင်းအမြစ်နည်းပါးသော အခြေအနေ

အင်ဒိုနီးရှားနိုင်ငံ၏ သိမ်းပိုက်ထားမှုမှ ၁၉၉၉ ခုနှစ်တွင် လွတ်မြောက်လာအပြီး စိတ်ဒဏ်ရာ၊ ဆင်းရဲမွဲတေမှုနှင့် အဖွဲ့အစည်းအဆောက်အအုံ ပြိုလဲပျက်စီးခြင်းကြားမှ တီမောလက်စ်စတေကို ပြန်လည်တည်ထောင်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ်[47] ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း၌ အဆင့် (၁၄၁) ၌ရှိခဲ့သော်လည်း ပဋိပက္ခလွန်အုပ်ချုပ်ရေးနှင့် နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများအား ဗဟိုပြုလုပ် ကိုင်ခြင်းဖြင့် ဂျဲန်ဒါတန်းတူညီမျှရေးကို တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။

### ၇၊ ၂၊ ၂။ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု၊ နိုင်ငံအဆင့်စီမံချက်များနှင့် အရပ် ဘက်လူမှုအဖွဲ့အစည်းခေါင်းဆောင်မှု

တီမောလက်စ်စတေနိုင်ငံ၏ ၂၀၀၆ ခုနှစ်တွင်ချမှတ်ခဲ့သည့် ပါလီမန်ကိုယ်စားလှယ်များ ၃၀ ရာခိုင်နှုန်း ကိုတာစနစ်သည် ၂၀၁၇ ခုနှစ်ရောက်သည့်အခါ ၃၈ ရာခိုင်နှုန်းသော ပါလီမန်နေရာကို အမျိုးသမီး များရရှိခဲ့သည်ဖြစ်ရာ အရှေ့တောင်အာရှနိုင်ငံများအတွင်း အမျိုးသမီးပါဝင်မှု အမြင့်ဆုံးနိုင်ငံများစာရင်း ဝင်ခဲ့သည်။[48] နိုင်ငံအဆင့် WPS စီမံချက်နှစ်ခု (၂၀၁၆–၂၀၂၀) နှင့် (၂၀၂၂–၂၀၂၅) သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) ၏မဏ္ဍိုင်များ

47 UNDP. (2022). Human Development Report 2021/22: Uncertain Times, Unsettled Lives. New York: UNDP.

48 UN Women. (2022). Timor-Leste Country Brief: Women in Politics and Decision-Making. Retrieved from UN Women Timor-Leste and Parliament of Timor-Leste. (2017). Election Results and Gender Representation Statistics.

ကို အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့တွင် ပေါင်းစည်းထည့်သွင်းခဲ့သည်။[49]ယင်းစီမံချက်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများ အထူးသဖြင့် ရယ်ဒီဖီတို [50] Rede Feto နှင့် အာလိုလာဖောင်ဒေးရှင်း[51] Alola Foundation တို့၏ အကူအညီဖြင့် အောက်ခြေလူထုရှုထောင့်များ ထည့်သွင်း၍ ပူးတွဲရေးဆွဲ co-design ခဲ့ကြခြင်းဖြစ်သည်။ ဂျဲန်ဒါရေးရာ လုပ်ငန်းအစုအဖွဲ့များ၊ ဂျဲန်ဒါဆိုင်ရာအရင်းအမြစ်စင်တာတစ်ခုနှင့် တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုဆိုင်ရာ နိုင်ငံတော်အတွင်းဝန်ရုံး (SEII) တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးများတွင် ဂျဲန်ဒါတန်းတူညီမျှရေးကို အဖွဲ့အစည်းဆိုင်ရာပုံစံဖြင့် ထည့်သွင်းတည်ဆောက် နိုင်ခဲ့ကြသည်။[52]

## ၇၊ ၂၊ ၃။ နိုင်ငံရေးစိတ်ဆန္ဒနှင့် အောက်ခြေလူထုခေါင်းဆောင်မှု

အဆိုပါတိုးတက်မှုသည် အမျိုးသမီးခေါင်းဆောင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သမ္မတကြီးဟိုဆေး ရာမို့စ်-ဟော်တာကဲ့သို့သော နိုင်ငံရေးဦးဆောင်သူများ၊ ပြုပြင်ပြောင်းလဲရေးကို လိုလားသည့် အမျိုးသမီးပါလီမန်အမတ်များအကြား မဟာမိတ်အဖြစ် ပူးတွဲဆောင်ရွက်ခြင်းမှ ထွန်းပေါက်လာခြင်းဖြစ်သည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေများသည် ဤမိတ်ဖက် အုပ်စုများ ပူးပေါင်းတိုက်တွန်းမှုမှရလာပြီး ထိုသို့ပြုလုပ်နိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများ၏ လူထုစည်းရုံး လှုံ့ဆော်မှုနှင့် အသိပညာပေးကြိုးပမ်းမှုများကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။[53] ရန်ပုံငွေ အနည်း ငယ်သာရှိသော်လည်း အောက်ခြေလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများသည် ကျေးလက်ဒေသနေ အမျိုးသမီးများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် ပဋိပက္ခအခြေပြုဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန် လွတ်မြောက်လာသူများ၏ ပကတိအခြေအနေများအား ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် မူဝါဒများချမှတ်လာရေးသေချာအောင်လုပ်ပေးနိုင်ခဲ့သည်။

49 Government of Timor-Leste (2016, 2022). National Action Plan on Women, Peace and Security. Office of the Secretary of State for Equality and Inclusion.

50 Rede Feto သည် တီမောလက်စ်တေနိုင်ငံလုံးရှိ အမျိုးသမီးကွန်ရက် ၁၈ ဖွဲ့ပါဝင်သည့် ကွန်ရက်ကြီးဖြစ်သည်။ Rede Feto ကို မတ်လ ၁၀ ရက်၊ ၂၀၀၀ ခုနှစ်တွင် ပထမဦးဆုံး နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကွန်ဂရက်ကျင်းပစဉ် ဖွဲ့စည်းခဲ့ကြသည်။ ၎င်း၏ အဖွဲ့ဝင်များ စွမ်းဆောင်မြှင့်တင်ရေးမူဘောင်သည် အဖွဲ့ဝင်အဖွဲ့အစည်းများအား တောင့်တင်းခိုင်မာရန်၊ အမျိုးသမီးများ၏ အဆင့်အတန်းမြင့်မားရေးနှင့် အဖွဲ့၏စည်းရုံးလှုံ့ဆော်နိုင်စွမ်းကို တိုးမြှင့်ရန်ချမှတ်ထားသည်၊ အဖွဲ့ဝင်အဖွဲ့အစည်းများမှာ အမျိုးသမီးများ၏အဆင့်အတန်း မြှင့်တင်ရေးနှင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌ အမျိုးသမီးများပါဝင်ဆောင်ရွက်နိုင်ရေးကို ဦးတည်လုပ်ဆောင်နေကြသည်။

51 Aloha Foundation သည် အစိုးရမဟုတ်သော အဖွဲ့အစည်းတခုဖြစ်ပြီး တီမောာလက်စ်တေ၏ သမ္မတဟောင်း၏ ဇနီးဖြစ်သူ ကာစ်စတီဆွဲဒ် ဂုစ်မား Kirsty Sword Gusmao က ထူထောင်ခဲ့ခြင်းဖြစ်သည်။ ဤဖောင်ဒေးရှင်းသည် အထူးသဖြင့် ၁၉၉၉ ခုနှစ် ပြည်သူ့စစ်များ ဝင်ရောက်တိုက်ခိုက်ခဲ့အပြီး၌ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍ အသိပညာပေး၊ ကန့်ပိန်းလုပ်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

52 Alola Foundation. (2021). Annual Report. Dili: Alola Foundation and Rede Feto (2020). Women's Rights Advocacy in Timor-Leste.

53 D'Cruz, J. (2018). Feminist Coalitions and Post-Conflict State Building in Timor-Leste. Gender & Development, 26(3), 393–408.

## ၇၊ ၂၊ ၄။ တီမောလက်စ်တေမော်ဒယ်အပေါ် ဝေဖန်သုံးသပ်ချက်များ

အမျိုးသမီးများ၏ အရေးအတွက်ဆိုင်ရာ ကိုယ်စားပြုမှုကို အမှန်တကယ် ဩဇာအရှိန်အဝါ လွှမ်းမိုးနိုင်မှုနှင့် တန်းတူမယူဆရန် လေ့လာသူများက သတိပေးခဲ့သည်။ နိုင်ငံရေးပါတီများသည် အမျိုးသမီးများကို ခေါင်းဆောင်မှုစွမ်းရည်ရှိလာအောင် ဆောင်ရွက်ပေးခြင်းမရှိပဲ သတ်မှတ်ချက်ကိုတာ ပြည့်မီစေရန်အတွက်သာ နံမည်စာရင်းသွင်းကြလေ့ရှိသည်။[54] တန်းတူညီမျှရေး မြှင့်တင်မှုဆိုင်ရာ နိုင်ငံတော်အတွင်းဝန်အပါအဝင် လေ့လာစောင့်ကြည့်သူများက အရေးအတွက် ကိန်းဂဏန်းများသည် အမျိုးသမီးများအတွက် အစစ်အမှန် အဓိပ္ပာယ်ပြည့်ဝစွာပါဝင်မှု (သို့မဟုတ်) မူဝါဒအပေါ် ဩဇာအရှိန်အဝါလွှမ်းမိုးနိုင်မှုကို အာမခံနိုင်ခြင်းမရှိကြောင်း ထောက်ပြခဲ့ကြသည်။[55] ဖိုဝါဒကြီးစိုးသည့်စံသတ်မှတ်ချက်များ၊ ဓလေ့ထုံးတမ်းအလေ့အထများ၊ ပညာသင် ကြားခွင့်အတွက် ကန့်သတ်ချက်များ၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်နှုန်း မြင့်မားမှုများနှင့် အမျိုးသမီး ခေါင်းဆောင်များ ပေါ်ထွန်းရေးအတွက် ပံ့ပိုးမှုနည်းပါးခြင်းများသည် တိုးတက်မှုကို ဆက်လက် ထိန်းချုပ် ကန့်သတ်ထားသည်။ ဂျဲန်ဒါအခြေပြုဖြစ်ပွားသော အကြမ်းဖက်မှုမှာ ကျယ်ကျယ်ပြန့်ပြန့် ရှိနေဆဲဖြစ်ပြီး အိမ်ထောင်ရှိဖူးသူအမျိုးသမီး ၅၉ ရာခိုင်နှုန်းသည် ၎င်းတို့၏ အိမ်ထောင်ဖက်/လက်တွဲဖော်မှ အကြမ်းဖက်မှုကို တွေ့ကြုံခံစားကြရကြောင်း အစီရင်ခံတင်ပြထားသည်။[56] ဤအချက်များသည် နိုင်ငံရေးယဉ်ကျေးမှု၊ အာဏာအရှိန်အဝါတည်ဆောက်မှုများ၊ ပါတီလက်တွေ့ကျင့်သုံးချက်များ၊ လူ့အသိုင်း အဝိုင်း၏ သဘောထားများ၊ ပိုမိုနက်ရှိုင်းသောယဉ်ကျေးမှုနှင့် အဖွဲ့အစည်းအဆောက်အအုံဆိုင်ရာ အသွင်ကူး ပြောင်းမှုများမရှိပဲ တရားဝင်သဘောနှင့် ရရှိထားမှုများသည် သင်္ကေတသက်သက်သာ ရှိနေနိုင်သည့် အန္တရာယ်အလားအလာကို ဖော်ပြနေသည်။

## ၇၊ ၂၊ ၅။ သင်ခန်းစာများ

နိုင်ငံရေးစိတ်ဆန္ဒ၊ ဥပဒေရေးရာစနစ်ယန္တရားများနှင့် အောက်ခြေလူထု စည်းရုံးလှုံ့ဆော်မှုတို့ လိုက်ဖက်ညီညီ ဆောင်ရွက်နိုင်ပါက အရင်းအမြစ်ရှားပါးမှုသည် အလုပ်ဖြစ်မြောက်ရေးအတွက် အတားအဆီးမဟုတ်ကြောင်း တီမောလက်စ်တေက သက်သေထူလျက်ရှိသည်။ ဥပဒေအရ ချမှတ်ပေးထားသော ကိုတာစနစ်များနှင့် နိုင်ငံအဆင့်စီမံချက်များသည် ဒေသအလိုက် တာဝန်ယူ

---

54 Woltersdorf, A. (2018), “Are Timor-Leste’s Quotas for Women in Government a Good Thing? “Of course!” Say Female MPs”, Future Hub, Friedrich Ebert Stiftung, 20 September 2018, https://asia.fes.de/news/are-timor-lestes-quotas-for-women-in-government-a-good-thing-of-course-say-female-mps.html

55 “WAVE: Women and Political Leadership in Timor-Leste – Literature Review”, IWDA, research report, October 2019, http://iwda.org.au/assets/files/Women-and-Political-Leadership-Literature-Reveiw-Timor-Leste_publicPDF3_3_2020.pdf

56 The Asia Foundation. (2016). Understanding violence against women and children in Timor Leste: Findings from the Nabilan baseline study. https://asiafoundation.org/wp-content/uploads/2016/05/UnderstandingVAWTL_main.pdf

တာဝန်ခံမှုဖြစ်လာပါက ပါဝင်ဆောင်ရွက်နိုင်မှုကို အဖွဲ့အစည်းအဆောက်အအုံအရ တည်ဆောက်နိုင်ပေသည်။ မြန်မာနိုင်ငံအတွက် အဓိကသင်ခန်းစာမှာ ပါဝင် ဆောင်ရွက်နိုင်မှုသည် သင်္ကေတ သက်သက်ထက် ကျော်လွန်ရမည်ဆိုသည့် အချက်ဖြစ်ပြီး ပျက်စီးလွယ်သော (သို့မဟုတ်) ကြားကာလအုပ်ချုပ်ရေးစနစ်တွင်း ဖြစ်စေကာမူ အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှုအား ချမှတ်ပြဋ္ဌာန်းပေးခြင်း၊ ကိုတာစနစ်များချမှတ်ခြင်း၊ 'ဘတ်ဂျက်မရှိ၊ အလုပ်မဖြစ်' ဟူသော ပုံသေ အတွေးအခေါ်ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ချိုးဖျက်နိုင်ပေမည်။

## ၇၊ ၃။ နိူင်းယှဉ်ချက်အရ ထိုးထွင်းသိမြင်မှု – ဩစတြေးလျနိုင်ငံနှင့် တီမောလက်စ်တေ နိုင်ငံတို့တွင် နိုင်ငံအဆင့်စီမံချက် တစ်ခုတည်း အောင်မြင်ရခြင်းအကြောင်းရင်း

ဩစတြေးလျနှင့် တီမောလက်စ်စတေနိုင်ငံတို့သည် တစ်ခုတည်းသော နိုင်ငံအဆင့် WPS လုပ်ငန်းအစီအစဉ်နှင့် ကိုက်ညီရခြင်းမှာ အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုများမှ မည်သို့ပုံဖော်သွားနိုင်သည်ကို ပြသနေသည်။ ဩစတြေး လျနိုင်ငံသည် ဖယ်ဒရယ်စနစ်အခြေခံမှုများကို ကျင့်သုံးသောနိုင်ငံဖြစ်သော်လည်း စုစည်းညီညွတ်မှုရှိသည့် အမျိုးသားရေးလက္ခဏာ၊ ခိုင်မာသောအင်စတီကျူးရှင်းနှင့် တရားဥပဒေစိုးမိုးမှုတို့ ရှိနေပေသည်။ ၎င်းတို့၏ နိုင်ငံအဆင့်စီမံချက်သုံးခုစလုံးကို နိုင်ငံအဆင့်ကဦးဆောင်ခဲ့ခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဆွေးနွေး တင်ပြချက်များနှင့် ရေးဆွဲချမှတ်ခဲ့ခြင်းနှင့် အကောင်အထည်ဖော်ဆောင်သည့်အခါ ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်အဆင့်ရှိ အင်စတီကျူးရှင်းများမှတစ်ဆင့် ဆောင်ရွက်ခဲ့ကြသည်။ ဗဟိုချုပ်ကိုင်မှုဖြင့် မူဝါဒချ မှတ်ခြင်းနှင့် လူမျိုးစု (သို့မဟုတ်) အကန့်အသတ်နှင့်သာရှိသော ဒေသဆိုင်ရာကွဲပြားမှုတို့ ပေါင်းစည်းလိုက်သည့်အခါ ပြည်နယ် (သို့မဟုတ်) နယ်မြေဒေသအဆင့်ရှိ WPS မူဘောင်များ မလိုအပ်ဘဲ စီမံချက်တစ်ခုတည်းဖြင့် ဝန်ကြီးဌာနများအတွင်း ပေါင်းစည်းထည့်သွင်း လုပ်ဆောင်နိုင်ခဲ့သည်။
တီမောလက်စ်စတေနိုင်ငံသည် သယံဇာတအရင်းအမြစ် ရှားပါးသော်လည်း သေးငယ်ပြီး ယဉ်ကျေးမှုဆိုင်ရာ အမှတ်သညာတူညီမှု တစ်သားတည်းရှိသည့် ပဋိပက္ခလွန်နိုင်ငံငယ်ဖြစ်သည်။ ၎င်းတို့၏ နိုင်ငံအဆင့် WPS စီမံချက် (၂၀၁၆-၂၀၂၀) နှင့် (၂၀၂၂-၂၀၂၅) များကို နိုင်ငံအဆင့် ခေါင်းဆောင်မှုအောက်၌ အစိုးရအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့နှင့် အမျိုးသမီးအဖွဲ့အစည်းများ အကြား ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်ပံ့ပိုးမှုများဖြင့် ရေးဆွဲချ မှတ်ခဲ့ကြသည်။ ဗဟိုချုပ်ကိုင်မှု ကောင်းသော အုပ်ချုပ်ရေးနှင့် လူဦးရေနည်းပါးမှုတို့သည် စီမံချက် တစ်ခုတည်းဖြင့် အလုပ်ဖြစ် မြောက်သည့် အကြောင်းရင်းခံဖြစ်ပြီး အကြောင်းအရာများ လိုက်ဖက်ညီရှိရန် အောက်ခြေလူထုနှင့် နီးနီးကပ်ကပ်ဖလှယ်မှုများ ရှိခဲ့ခြင်းကြောင့်လည်းဖြစ်သည်။
၎င်း၏ ဆန့်ကျင်ဘက်အနေဖြင့် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားအရ အလွန်စုံလင်ကွဲပြားကြပြီး အုပ်ချုပ်ရေးပိုင်းကိုလည်း အမျိုးသားညီညွတ်ရေး အစိုးရ၊ တိုင်းရင်းသားလူမျိုးစု ကြားကာလကောင်စီများ၊ တိုင်းရင်းသားလူမျိုးစု တော်လှန်ရေး

အဖွဲ့အစည်းများနှင့် အခြားဒေသဆိုင်ရာ အာဏာရှိသူများစသည့် များပြားလှသည့်သက်ဆိုင်သူများက ယူထားကြသည်။ ၎င်းတို့သည် မကြာခဏ ဆိုသလိုပင် ပညာရေး၊ ကျန်းမာရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ပိုင်ခွင့်အခွင့်အာဏာကို အမှန်တကယ် ပိုင်ဆိုင်ကိုင်စွဲထားသူများ ဖြစ်ကြသည်။ လက်ရှိဆက်တိုက်ဖြစ်ပွားနေသော ပဋိပက္ခများသည် မတူညီသည့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု ပုံစံအမျိုးမျိုးကို ဖြစ်ပေါ်စေသောကြောင့် နိုင်ငံအဆင့် WPS စီမံချက် တစ်ခုတည်းဖြင့် ဒေသတွင်း လက်တွေ့အခြေအနေများကို အမိအရထည့်သွင်းချမှတ်ရန် (သို့မဟုတ်) တရား ဝင်မှုရရှိရန် မဖြစ်နိုင်ပါပေ။ ယင်းအစား မြန်မာနိုင်ငံသည် နိုင်ငံအဆင့်လမ်းညွှန်မှု၌ စံနှုန်းများသတ်မှတ်ပေးပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့်က အဓိပ္ပါယ်ပြည့်ဝပြီး အခြေအနေအကြောင်းအရာနှင့်ကိုက်ညီသည့် ဘက်စုံ ထည့်သွင်းစဉ်းစားသော အဆင့်ပေါင်းစုံ, ဖက်ဒရယ်စနစ်ပုံစံဖြင့် ချဉ်းကပ်မှုပြုရန်လိုသည်။

## ၇၊ ၄။ မြန်မာနိုင်ငံအတွက် သင်ခန်းစာများ

နှိုင်းယှဉ်လေ့လာချက်မှ မြန်မာနိုင်ငံအတွက် မြောက်မြားစွာသော သင်ခန်းစာများယူနိုင်သည်ကို မီးမောင်း ထိုးပြနေသည်။ ပထမသင်ခန်းစာမှာ ဖန်းမ်မနစ်ဆိုင်ရာညွှန်းကိန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကြီးကြပ် မှုတို့ကို ရေးဆွဲသမျှမူဘောင်တိုင်းတွင် ထည့်သွင်းချမှတ်ရန်ဖြစ်သည်။ အားလုံးပါဝင်/အကျုံးဝင်ပြီး ကဏ္ဍစုံသက်ရောက်မှုကို ထည့်သွင်းစဉ်းစားသည့် တိုင်ပင်ဆွေးနွေးမှုများတွင် အမျိုးသမီးအဖွဲ့အစည်းအမျိုးမျိုး၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် မသန်စွမ်းသူများအား အဓိပ္ပာယ်ရှိရှိ ပါဝင်စေခြင်းဖြစ်သည်။ အမည်ခံ/သင်္ကေတသဘောမျှသာ ပါဝင်ခွင့်ပြုပါက ယုံကြည်မှုပျက်ပြားစေမည့်အပြင် ထိရောက်မှုကိုလည်း ထိခိုက်နိုင်ပေသည်။

ဒုတိယအနေဖြင့် ရန်ပုံငွေလျာထားသတ်မှတ်ခြင်းသည် အလွန်အရေးကြီးသည်။ တီမောလက်စ်တေနိုင်ငံ၏ အတွေ့အကြုံမှ ထောက်ပြခဲ့သည့်အတိုင်း ရှင်းရှင်းလင်းလင်း လျာထားချမှတ်ထားသည့် ဘတ်ဂျက်မပါသည့် စီမံကိန်းများသည် အကောင်အထည်ဖော်ဆောင်သည့်အခါ ရုန်းကန်လာရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကြားကာလ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအလှူရှင်များသည် အရင်းအမြစ်များ ခွဲဝေချထားပေးရန်၊ အဖွဲ့အစည်းအဆောက်အအုံများကို ခိုင်မာလာစေရန်နှင့် ပွင့်လင်းမြင်သာသော ငွေကြေးထောက်ပံ့မှု စနစ်ယန္တရားများကို လက်ခံကျင့်သုံးရန်လိုပေသည်။

တတိယအနေဖြင့် မူဝါဒပေါင်းစည်းမှုအား အကြီးတန်းအဆင့်များတွင် လုပ်ကိုင်ရမည်ဖြစ်သည်။ သြစတြေးလျနိုင်ငံ၏ အတွေ့အကြုံအရ WPS လုပ်ငန်းအား လူသားအရင်းအမြစ်ဆိုင်ရာဌာနများသို့ ပုံအပ်ထားမှုများ ဖြစ်ပွားခဲ့ပေရာ အမြင့်ဆုံးဆုံးဖြတ်ချက်ကို ချနိုင်သောဌာနများဖြစ်သည့် လုံခြုံရေးကောင်စီများ၊ ကာကွယ်ရေးဝန်ကြီးဌာနများနှင့် တရားရေးစနစ်များ၌ ထည့်သွင်းမြှုပ်နှံလုပ်ကိုင်ရန် လိုအပ်ကြောင်း ဖော်ပြခဲ့သည်။ နိုင်ငံရေးစိတ်ဆန္ဒ၊ တာဝန်ယူတာဝန်ခံမှုနှင့် အရင်းအမြစ်များဖြင့် ဖြည့်ဆည်းပေးထားသော ဂျဲန်ဒါဆိုင်ရာ ဆက်သွယ်ညှိနှိုင်းရေး

အချက်အချာပုဂ္ဂိုလ်/အဖွဲ့အစည်းများ ထားပေးခြင်းဖြင့် အချိုး အစားမညီမျှသည့် (သို့မဟုတ်) အပြောသက်သက်/သင်္ကေတအသွင်သက်သက် အကောင်အထည်ဖော်ခြင်းကို တားဆီးနိုင်မည် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဖြစ်ရပ်နိုင်းယှဉ်လေ့လာမှုများအရ ရန်ပုံငွေအထောက်အပံ့ ကောင်းစွာရရှိပြီး နိုင်ငံရေးအရ အားပေးထောက်ခံမှုရထားသည့် လုပ်ငန်းစီမံချက်များသည်ပင် ကျစ်လစ်သော စောင့်ကြည့်စစ်ဆေးမှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် အခြားသောဌာနအဆောက်အအုံများ၏ 'လက်ခံပူးပေါင်းပါဝင်မှု' 'buy-in' မရှိပါက အခက်အခဲနှင့်ရင်ဆိုင်ရနိုင်သည်ကို သက်သေပြခဲ့သည်။ မြန်မာနိုင်ငံအတွက်မူ ၎င်းသည် ပြည်ထောင်စုအဆင့် လမ်းညွှန်မှုကို ဒေသအလိုက် ပူးပေါင်းပါဝင်မှုရှိသော ပိုင်ဆိုင်တာဝန်ခံခြင်းနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းကို ဆိုလိုသည်။ ထိရောက်သော တားဆီးကာကွယ်ပေးရေးနှင့် အကာအကွယ်ပေးခြင်းတို့သည် ကတိကဝတ် ပြုရုံသက်သက်နှင့် မဖြစ်နိုင်ပေ – ဤသို့အကာအကွယ်ပေး၊ တားဆီးနိုင်ရန်မှာ အားလုံးပါဝင်/ အကျုံးဝင်သောအုပ်ချုပ်ရေး၊ ပွင့်လင်းမြင်သာသော ဘဏ္ဍာငွေစီမံခန့်ခွဲမှုနှင့် အသွင်ပြောင်းလဲမှုရှိသည့် အဖွဲ့အစည်းအဆောက်အအုံဆိုင်ရာ အပြောင်းအလဲကို လိုအပ်ပေသည်။

# အဓိကသုံးသပ်ချက်

ဩစတြေးလျနှင့် တီမောလက်စ်တေနိုင်ငံတို့၏ ဖြစ်ရပ်လေ့လာမှုများအရ WPS မူဘောင်များ၏ ထိထိ ရောက်ရောက်လုပ်ကိုင်နိုင်မှုသည် အရင်းအမြစ်များသက်သက်အပေါ်သာ မူတည်ခြင်းမဟုတ်ဘဲ အုပ်ချုပ် ရေးဖွဲ့စည်းမှုများ၊ နိုင်ငံရေးစိတ်ဆန္ဒနှင့် အားလုံးပါဝင်/အကျုံးဝင်မှုတို့အပေါ်တွင် ပိုမိုမူတည်နေကြောင်း ထင်ရှားစွာပြသနေသည်။ နိုင်ငံနှစ်နိုင်ငံလုံးသည် ဗဟိုထိန်းချုပ်မှုအားကောင်းသော အုပ်ချုပ်ရေးနှင့် စုစည်း ညီညွတ်မှုရှိသည့် အမျိုးသားရေးလက္ခဏာများ ရှိနေကြခြင်းကြောင့် တစ်ခုတည်းသော နိုင်ငံအဆင့်စီမံချက်ဖြင့် အောင်မြင်စွာ လုပ်ဆောင်နိုင်ကြခြင်းလည်း ဖြစ်သည်။ သို့သော်လည်း အကောင်အထည်ဖော်မှု တစစီကွဲ ပြားနေခြင်း၊ စောင့်ကြည့်လေ့လာစစ်ဆေးမှုအားနည်းခြင်း (သို့မဟုတ်) ပုံဆောင်မှုသဘော/သင်္ကေတအသွင် သက်သက်သာဖြစ်သော ကိုယ်စားပြုမှုစသည့် ချို့ယွင်းချက်များသည် အသွင်ကူးပေးနိုင်မည့် အပြောင်းအလဲကို ကန့်သတ်ထားသည်။

မြန်မာနိုင်ငံအတွက် ဤသင်ခန်းစာများသည် ပုံသေအရွယ်အစားတခုတည်းချနည်း one-size-fits-all model သည် အစိတ်စိတ်အမွှာမွှာကွဲပြားနေသော၊ ဖက်ဒရယ်စနစ်ကိုကြိုးပမ်းနေသော၊ ပဋိပက္ခဒဏ်သင့်ခံနေရသော အခင်းအကျင်းများနှင့် ကိုက်ညီမှု/လိုက်လျောညီထွေမှုမရှိကြောင်း ထပ်မံအတည်ပြုလိုက်ပေသည်။ ဗဟိုချုပ်ကိုင်မှုမရှိသော၊ အလွှာလိုက်ချဉ်းကပ်မှုရှိသော၊ မတူညီသော ပကတိအခြေအနေများကို တုံ့ပြန် ထင်ဟပ်နိုင်ရန်အတွက် ပြည်နယ်အဆင့်နှင့်ရပ်ရွာအဆင့် တာဝန်ယူမှုတို့နှင့်အတူ ပြည်ထောင်စု အဆင့်လမ်း ညွှန်မှုမှာ မရှိမဖြစ်လိုအပ်သည့်အချက်ပင်ဖြစ်သည်။ အမျိုးသမီးများနှင့် ဖယ်ကျဉ်ခံထားရသော အသိုင်း အဝိုင်းများအတွက် စစ်မှန်သည့် အကာအကွယ်ပေးမှု၊ တားဆီးကာကွယ်မှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို အပြောသက်သက် စကားလုံးများမှကျော်လွန်၍ပံ့ပိုးပေးနိုင်ရန် ခိုင်မာသော နိုင်ငံရေးစိတ်ဆန္ဒ၊ ရန်ပုံငွေ ခွဲဝေလျာထားမှု၊ အဖွဲ့အစည်းအဆောက်အအုံဆိုင်ရာ တာဝန်ယူတာဝန်ခံမှုနှင့် အောက်ခြေလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့သည် မည်သည့် WPS မူဘောင်တွင်မဆို မရှိမဖြစ်သောအရာများပင်ဖြစ်သည်။

# ၈။ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဆွေးနွေးသုံးသပ်ခြင်း

ဤကဏ္ဍသည် မြန်မာနိုင်ငံ၏ ပဋိပက္ခဒဏ်သင့်ဒေသများနှင့် တော်လှန်ရေးထိန်းချုပ်နယ်မြေများတွင် လုပ်ကိုင်နေသည့် စုံလင်ကွဲပြားသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပြုလုပ်ခဲ့သော ဆွေးနွေးတိုင်ပင်မှုများမှ အချက်အလက်များကို စုပေါင်းဖော်ပြထားသည်။ ပါဝင်ဖြေဆိုပေးခဲ့သည့် အဖွဲ့အစည်းများသည် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးစု အမျိုးသမီးအဖွဲ့အစည်းများ၊ လိင်စိတ်ခံယူမှု ကွဲပြားသူအုပ်စုများ၊ ဝန်ဆောင်မှုပေးနေသူများ၊ လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်နေသည့် အစုအဖွဲ့များ၊ ကြားကာလအစိုးရဝန်ကြီးဌာနများနှင့် ပေါက်ဖွားလာနေသည့် ဖက်ဒရယ်ယူနစ်များ၊ အောက်မှ–အထက်သို့ အာဏာစီးဆင်းသည့် မော်ဒယ်နှင့်ဖွဲ့စည်းထားသော ကြားကာလအကြံပေးကောင်စီတို့လည်း ပါဝင်သည်။ အောက်မှ–အထက်သို့ အာဏာစီးဆင်းသည့် အုပ်ချုပ်ရေးမော်ဒယ်၊ အဖွဲ့အစည်းအဆောက်အအုံများ၊ ဝန်ဆောင်မှုပေးခြင်းများ၊ အရပ်သားကာကွယ်စောင့်ရှောက်ခြင်းနှင့် ဂျန်ဒါတန်းတူညီမျှရှိရေးတို့အတွက် ကြိုးပမ်းလုပ်ကိုင်နေစဥ်မှာပင် ပဋိပက္ခ၊ နေရပ်စွန့်ခွာ/ရွှေ့ပြောင်းရမှုနှင့် လုံခြုံမှုကင်းမဲ့မှုတို့၏ လက်တွေ့ဘဝ များဖြင့် ပုံဖော်ထားသည့်အမြင်ရှုထောင့်များကို ဝေမျှပေးခဲ့ကြသည်။

ပါဝင်ဆွေးနွေးဖြေဆိုပေးခဲ့သည့် အဖွဲ့အစည်းများသည် ဝန်ဆောင်မှုပေးသူများ၊ စည်းရုံးလှုံ့ဆော်နေသူများနှင့် ရှေ့တန်းမှတုံ့ပြန်ကူညီ ဆောင်ရွက်သူများအဖြစ် အခန်းကဏ္ဍများကို တပြိုင်နက်တည်းတာဝန်ယူနေကြပြီး အိမ်တွင်းနှင့် မိသားစုတွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့မှ ရှင်သန်လွတ်မြောက်လာသူများနှင့်လည်း နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့၏ ကြားဝင်ဆောင်ရွက်မှုများသည် ကြိုတင်တားဆီးကာကွယ်ခြင်း prevention၊ အရေးကိစ္စများအားစီမံခန့်ခွဲပေးခြင်း case management၊ လူမှုဘဝစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း psychosocial support နှင့် ရပ်ရွာလူထုစည်းရုံးလှုံ့ဆော်ခြင်း community mobilisation စသည့် ကဏ္ဍများကို လွှမ်းခြုံဆောင်ရွက်ပေးနေကြသူများဖြစ်သည်။

ပါဝင်ဖြေဆိုသူများနှင့် ဆွေးနွေးမှုများကို လက်ရှိဆက်လက်ဖြစ်ပွားနေသောပဋိပက္ခ၊ လုံခြုံရေးခြိမ်း ခြောက်မှုများနှင့် သွားလာရေးကန့်သတ်ချက်များအကြား လက်လှမ်းမီနိုင်မှုရှိစေရန် အွန်လိုင်းနှင့် လူကိုယ်တိုင် တွေ့ဆုံမေးမြန်းခြင်း နှစ်မျိုးစလုံးဖြင့် ပေါင်းစပ်ပြုလုပ်ခဲ့သည်။ အထူးအရေးပါသည့်အချက်မှာ အသစ် ဖွဲ့စည်းထားသည့် ကြားကာလအကြံပေးကောင်စီများနှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ ပံ့ပိုးမှုများဖြစ်ပြီး ၎င်းတို့၏ ဂျန်ဒါဆိုင်ရာရှုထောင့်များကို တရားစီရင်ရေးနှင့် လူမှုဝန်ဆောင်မှုစနစ်များတွင် ပေါင်းစပ်ထည့်သွင်းရန် ကြိုးပမ်းအားထုတ်မှုများသည် ပြည်သူ့ခုခံတော်လှန်ရေးကြားကာလအတွင်း အကာအကွယ်ပေးခြင်းနှင့် တားဆီးကာကွယ်ပေးခြင်းတို့ကို အဖွဲ့အစည်းအဆောက်အအုံအသွင် ပုံစံချအကောင်အထည်ဖော်ရာတွင် ၎င်းတို့တွေ့ကြုံရသည့် အခွင့်အလမ်းများနှင့် ခလုတ်ကန်သင်းအတားအဆီးများ နှစ်ခုစလုံးကို ဖော်ထုတ် ပေးသွားခဲ့ကြသည်။

ဤတွေ့ရှိချက်များသည် အောက်ခြေလူထုလှုပ်ရှားမှု၊ တော်လှန်နိုင်ငံရေးနှင့် မြေပြင်မှပေါ်ထွက်လာသော အုပ်ချုပ်ရေးတို့၏ ရှုပ်ထွေးလိမ်ယှက်နေသော ဆက်စပ်မှုများကို ပေါ်လွင်ထင်ဟပ်စေသည်။ ၎င်းတို့သည် ကာကွယ်ရေးမူဘောင်များ၊ အရင်းအမြစ်ကန့်သတ်ချက်များနှင့် တာဝန်ယူတာဝန်ခံမှုနှင့်ပတ်သက်၍ ကွာဟနေချက်များကို ပျက်လွယ်စီးလွယ်ပြီး၊ တည်ငြိမ်မှုကင်းမဲ့နေသည့် အခြေအနေများကြားမှပင် ဤအဖွဲ့အစည်းများက မည်သို့မည်ပုံ ထိန်းကျောင်းကိုင်တွယ်ဖြေရှင်းနေကြသည်ကိုပါ ကွက်ကွက်ကွင်းကွင်း ဖော်ပြသွားကြသည်။ ဤဖော်ထုတ်ပြသချက်များကို ရှင်းရှင်းလင်းလင်း ခွဲခြမ်းစိတ်ဖြာနိုင်ရန်အလို့ငှာ အဓိကနယ်ပယ်လေးခုဖြင့် စုစည်းတင်ပြသွားမည်ဖြစ်သည်။ ထိုနယ်ပယ်လေးခုမှာ - (၁) အုပ်ချုပ်ရေးနှင့် မူဝါဒပေါင်းစည်းချိန်ညှိမှု governance and policy alignment၊ (၂) အကာအကွယ်ပေးရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ စနစ်ယန္တရားများ implementation of protection and prevention mechanisms၊ (၃) ညှိနှိုင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်လျာထားခွဲဝေမှု coordination and resource allocation နှင့် (၄) တာဝန်ယူတာဝန်ခံမှုနှင့် စောင့်ကြည့်စစ်ဆေးမှု accountability and monitoring စသည်တို့ဖြစ်သည်။

ဤမူဘောင်သည် အကြမ်းဖက်မှုနှင့် ဂျဲန်ဒါဆိုင်ရာ ဒုက္ခအန္တရာယ်ပေးခံရမှုများကို စုပေါင်းတုံ့ပြန်လုပ်ဆောင်မှု အားကောင်းလာစေရန်အတွက် အရေးပါသည့် နယ်ပယ်များကိုလည်း ညွှန်ပြပေးသကဲ့သို့ အကာအကွယ်ပေးခြင်းဆိုင်ရာ အခင်းအကျင်းကို စနစ်တကျဖြစ်စေ၊ အခြေအနေဆိုင်ရာအချက်များ နှစ်ခုစလုံးကို ခွဲခြားဖော်ထုတ်ရန် အထောက်အကူပြုပေးသည်။ ပါဝင်ပတ်သက်သူများ-ထိန်းကျောင်း ဦးဆောင်သည့် အကြံပြုချက်များနှင့် ရှေ့သို့မျှော်တွေးထားသော စီမံချက်များကို ဤအခန်း၏ အဆုံးပိုင်းတွင် တင်ပြထားပါသည်။

## ၈.၁ အုပ်ချုပ်ရေးနှင့် မူဝါဒပေါင်းစည်းချိန်ညှိမှု

ဆွေးနွေးပေးခဲ့သူများသည် ဂျဲန်ဒါတန်းတူညီမျှမှုရှိရေးနှင့် WPS လုပ်ငန်းစဉ်အတွက် မူဘောင်များ၏တန်ဖိုးကို တစ်သမတ်တည်း အမြဲအသိအမှတ်ပြုကြသော်လည်း ဆက်လက်ဖြစ်ပေါ်နေသည့် အုပ်ချုပ်ရေးနှင့် မူဝါဒပေါင်း စည်းချိန်ညှိမှုနှင့်ပတ်သက်၍ ကွာဟချက်များရှိနေသည်ကို မီးမောင်းထိုးပြခဲ့ကြသည်။ ဆွေးနွေးပေးခဲ့သည့် အစုအဖွဲ့များသည် ခုခံတော်လှန်ရေးနှင့် မိတ်ဖက်ပြုထားသော ဝန်ကြီးဌာနများ၊ တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းများ၊ အမျိုးသမီးများဦးဆောင်သည့် မဟာမိတ်အဖွဲ့များ၊ လိင်စိတ်ခံယူမှု ကွဲပြားသူအုပ်စုများနှင့် အောက်ခြေလူထုအဖွဲ့အစည်းများပါဝင်ကာ ၎င်းတို့တဖွဲ့ချင်းစီသည် တူညီမှုမရှိသော ဦးစားပေးမှုများဖြင့် မူဝါဒကိုချဉ်းကပ်လုပ်ဆောင်နေကြသည်ကို တွေ့ရသည်။

အမျိုးသမီးအဖွဲ့အစည်းများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ မတိုင်မီ နှစ်ပေါင်းများစွာကတည်းက ၎င်းတို့စ,တင်လုပ်ကိုင်ခဲ့ကြသော တက်ကြွလှုပ်ရှားမှုနှင့် စည်းရုံးလှုံ့ဆော်မှုများကို အခြေခံကာ ပဋိပက္ခဒဏ်ခံနေရသော ရပ်ရွာလူထု၏ လက်တွေ့ဘဝ

အခြေအနေများကို ထင်ဟပ်စေသည့် အောက်ခြေလူထု-ဦးဆောင်မောင်းနှင်သည့် မူဝါဒရေးဆွဲချမှတ်ရန် လိုအပ်ကြောင်းကို အလေးပေး ပြောကြားသွားခဲ့ကြသည်။ ၎င်းတို့သည် ရေရှည်မျှော်ကိုးသော လူထုအခြေပြုတက်ကြွလှုပ်ရှားမှုများနှင့် စည်းရုံးလှုံ့ဆော်မှုများကို နိုင်ငံတကာရှိ တရားဝင်ဆုံးဖြတ်ချက်များနှင့် စာချုပ်စာတမ်းများ မတိုင်မီကပင် စ,တင်ခဲ့သော ၎င်းတို့၏ ကာလရှည်ကြာစွာ အောက်ခြေလူထုလှုပ်ရှားမှုနှင့် စည်းရုံးလှုံ့ဆော်နိုင်မှုကို အလေးပေးပြောကြားခဲ့ပြီး ယဉ်ကျေးမှုဆိုင်ရာ ခုခံဆန့်ကျင်မှုများနှင့် နိုင်ငံရေးဆိုင်ရာ အတားအဆီး ခလုတ်ကန်သင်းများ ဆက်လက်ဖြစ်ပေါ်နေသော်ငြား မူဘောင်များနှင့် နိုင်ငံရေးဆွေးနွေးမှုများကို ပုံဖော်ရာတွင် သိသာထင်ရှားစွာ ဩဇာအရှိန်အဝါလွှမ်းမိုးနိုင်မှုရှိနေကြောင်း အခိုင်အမာပြောဆိုခဲ့ကြသည်။ ၎င်းတို့နှင့် ကွဲပြားခြားနားချက်မှာ ကြားကာလအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများကမူ နိုင်ငံရေးအရတရားဝင်မှု political legitimacy နှင့် အုပ်ချုပ်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု administrative coordination အတွက် ရေးဆွဲထားသောမူဘောင်များကို ပိုမိုလိုလားကြသည်ကိုတွေ့ရသည်။ ချဉ်းကပ်မှုနှစ် ခုစလုံးသည် ဩဇာအရှိန်အဝါလွှမ်းမိုးနိုင်မှု ရှိကြသော်လည်း အမြဲသဟဇာတ ဖြစ်မနေကြပေ။

ခုခံတော်လှန်လှုပ်ရှားမှုအတွင်းရှိ အစိုးရကိုယ်စားလှယ်များသည် ဂျဲန်ဒါဆိုင်ရာသီးသန့်လုပ်ငန်းထက်ကျော်လွန်၍ ဝန်ကြီးဌာနများ၏ ထိတွေ့ဆက်ဆံမှု/ပါဝင်ပတ်သက်လာမှု တိုးလာသည်နှင့်အမျှ မူဝါဒဆိုင်ရာမူဘောင်များ တိုးတက်ပြောင်းလဲလာသည်ကို အသိအမှတ်ပြုကြသည်။ သို့ရာတွင် အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှု မြောက်မြားစွာ ပြိုင်တူလုပ်ဆောင်နေသည့် နယ်မြေများနှင့် ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင် ထိုဖွဲ့စည်းမှုများ၏ တစ်သားတည်းရှေ့နောက်ညီစွာ စုစည်းလုပ်ဆောင်နိုင်မှုမှာ ခိုင်ခံ့မှုမရှိနေပေ။ ဆွေးနွေးပေးသွားသူများက အမျိုးသားညီညွတ်ရေး အစိုးရ၏ ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (၂၀၂၄) နှင့် အခြားသော WPS နှင့်သက်ဆိုင်သည့် မူဘောင်များ၏တန်ဖိုးကို အသိအမှတ်ပြုကြသော်လည်း အစီအစဉ်များထပ်နေမှုနှင့် မူဘောင်စာ ရွက်စာတမ်း များအကြား ဆက်စပ်မှုများမရှင်းမလင်းဖြစ်နေသည့်အပေါ် အားမလိုအားမရ ဖြစ်နေကြသည်။

ဤကဲ့သို့ အစိတ်စိတ်အမွှာမွှာကွဲပြားနေမှုသည် အောက်ခြေမှ-အထက်သို့ အာဏာစီးဆင်းသော ပုံစံ၏ တရားဝင်မှု bottom-up legitimacy နှင့် အထက်မှ-အောက်သို့စီးဆင်းသည့် ဝန်ကြီးဌာနဆိုင်ရာ ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူတာဝန်ခံမှု top-down ministerial ownership တို့အကြား နက်ရှိုင်းလှသည့် နားလည် မှုလွဲမှားခြင်းများကို ထင်ဟပ်ဖော်ပြနေသည်။ မတူကွဲပြားသော လုပ်ငန်းအစီအစဉ်များက ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူတာဝန်ခံမှုနှင့် အကြောင်းအရာဆီလျော်မှုကို မြှင့်တင်ပေးနိုင်သော်လည်း ၎င်းတို့သည် နိုင်ငံအဆင့်၌ ပေါင်းစည်းချိန်ညှိဆောင်ရွက်နိုင်မှုအား ခက်ခဲရှုပ်ထွေးစေသည်။ အုပ်ချုပ်ရေးအလွှာများရှိ အသိအမြင်၊ စွမ်းဆောင်ရည်နှင့် ပေါင်းစည်းမှုများ မတူကွဲပြားမှုရှိနေခြင်းသည် အဆိုပါစိန်ခေါ်မှုများကို ပို၍ပင် ဆိုးရွားလာစေသည်။

## ၈.၂ အကာအကွယ်ပေးရေးနှင့် တားဆီးကာကွယ်ရေး စနစ်ယန္တရားများ အကောင်အထည် ဖော်ခြင်း

ဆွေးနွေးပေးသူများက မူဝါဒဆိုင်ရာ ကတိကဝတ်ပြု တစိုက်မတ်မတ်လုပ်ဆောင်မှုများနှင့် မြေပြင်ရှိ လက်တွေ့အခြေအနေများကြား ကွာဟချက်ကို တစ်သမတ်တည်း အလေးပေးဖော်ပြသွားခဲ့ကြသည်။ လိင်ပိုင်း ဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု၊ ပဋိပက္ခအခြေပြုဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တို့အတွက် အကာအကွယ်ပေးရေးမူဝါဒများနှင့် တားဆီးကာကွယ်ရေး စနစ်ယန္တရားများကို တရားဝင်ထုတ်ပြန်ချက်များတွင် အကျယ်တဝင့် ကိုးကားဖော်ပြကြသော်လည်း ၎င်းတို့သည် လုပ်ငန်း လည်ပတ်နိုင်မှုအတွက်မဟုတ်ပဲ စိတ်ကူးမျှော်မှန်းချက်သက်သက်သာ ဖြစ်နေလေ့ရှိသည်။ GBV၊ CRSV နှင့် DV တို့မှ ရှင်သန်လွတ်မြောက်လာသူများသည် တရားမျှတမှုရရှိရန် အဓိကအတားအဆီးများနှင့် ဆက်လက် ရင်ဆိုင်နေရကြပြီး အထူးသဖြင့် ဓလေ့ထုံးတမ်းများနှင့် တရားမျှတမှုရအောင် စီစဉ်ပေးမှုအပါအဝင် အသစ်ဖွဲ့စည်းထားသော ကြားကာလအုပ်ချုပ်ရေးများနှင့် လက်နက်ကိုင်အဖွဲ့များ၏ တရားရေးစနစ် အားကောင်း မှုမရှိသည့် နယ်မြေများတွင် အခက်အခဲအတားအဆီးများစွာ ရင်ဆိုင်နေကြရဆဲဖြစ်သည်။ ပဋိပက္ခ ဒဏ်သင့်ဒေသနှင့် ရောနှောထိန်းချုပ်နယ်မြေများတွင် (ဥပမာ - တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်း ထိန်းချုပ်နယ်မြေ (သို့မဟုတ်) တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းများနှင့် အကြမ်းဖက်စစ်တပ်နှစ်ဖွဲ့လုံး ရှိနေသည့်နယ်မြေ) နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုနှင့် လုံခြုံမှုကင်းမဲ့နေခြင်း တို့သည် ခုခံနိုင်စွမ်းအားနည်းမှု ပိုမိုဆိုးရွားလာသည်ဖြစ်ရာ ရှင်သန်လွတ်မြောက်လာသူများအတွက် တိုင်ကြားနိုင်ရန် (သို့မဟုတ်) အထောက်အပံ့ရရှိရန် ဘေးကင်းလုံခြုံသည့်နည်းလမ်းများ နည်းပါးသွားရသည်။ အားနည်းသော (သို့မဟုတ်) ကာကွယ်မှုဆိုင်ရာ အခြေခံအစိတ်အပိုင်း လုံးဝရှိမနေခြင်းသည် ၎င်းတို့အား လူမှုရေးအရ အပစ်ပယ်ခံရမှု stigma၊ လက်တုံ့ပြန်ခံရမှု retaliation နှင့် ဆင့်ပွားထိခိုက်နစ်နာရမှု secondary victimisation တို့နှင့် ထပ်မံရင်ဆိုင်ရဖွယ် ပိုမြင့်တက်လာပေသည်။

အချို့သော လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များက ၎င်းတို့၏တပ်ဖွဲ့များအတွင်းရှိ အမျိုးသမီးများနှင့် လိင်စိတ်ခံယူမှုကွဲပြားသူ တပ်ဖွဲ့ဝင်များအတွက် ကျင့်ဝတ်စည်းကမ်းများနှင့် အကာအကွယ်ပေးမှုများကို ထုတ်ဖော်တင်ပြထားခဲ့သော်လည်း သဟဇာတဖြစ်မှုမရှိခြင်း (သို့မဟုတ်) တစ်သဝေမတိမ်း လိုက်နာကျင့်သုံးမှု အားနည်းနေခြင်း စသည်တို့ကို အမျိုးသမီးကွန်ရက်များက ထောက်ပြခဲ့ကြသည်။ ရှင်သန် လွတ်မြောက်လာသူများ၏ အတွေ့အကြုံဖြစ်စဉ်တချို့အရ စုံစမ်းစစ်ဆေးမှုများနှင့် စည်းကမ်း ထိန်းသိမ်း ရေးဆိုင်ရာ အရေးယူမှုရှိခဲ့ဖူးသည့် သာဓကများက အပြုသဘောဆောင်သည့် ဥပမာများအဖြစ်ရှိနေပြီး ၎င်းတို့သည် တာဝန်ယူတာဝန်ခံမှုအတွက် အလားအလာရှိသော အစပြုနိုင်မည့်လမ်းကြောင်းများကို ပြသနေသည်။ လေ့ကျင့်သင်ကြားပေးခြင်း၊ အသိပညာပေးခြင်းနှင့် ရှင်သန်လွတ်မြောက်လာသူ-အလေးထားဗဟိုပြုချဉ်းကပ်မှုစသည်တို့ကို ရင်းနှီးမြုပ်နှံလုပ်ကိုင်နေခဲ့ကြသည့် အဖွဲ့အစည်းများ၏ ကြိုးပမ်း

အား ထုတ်မှုများကို ချီးမွမ်းမှုများရှိခဲ့သော်လည်း အဖွဲ့အစည်းများအကြား ဘုံစံနှုန်းသတ်မှတ်ချက်များ မရှိနေခြင်းသည် ရှင်သန်လွတ်မြောက်လာသူများအတွက် အကာအကွယ်ရနိုင်မှု (သို့မဟုတ်) လက်လှမ်းမမီနိုင်မှုမှာ မညီမညာကြမ်းတမ်းမှုများရှိနေပေသည်။

ဤခွဲခြမ်းစိတ်ဖြာချက်သည် အကာအကွယ်ပေးရေးမူဘောင်များ အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း၊ တသမတ်တည်းမရှိခြင်း၊ စစ်ရေးစစ်သွေးတင်းမာလာနိုင်သည့် အခြေအနေများအောက်တွင် ပြိုလဲပျောက် ပျက်နိုင်ခြင်းစသည့် အကောင်အထည်ဖော်နိုင်မှုဆိုင်ရာ ကွာဟချက်ကို ထုတ်ဖော်ပြသနေသည်။ အုပ်ချုပ်ရေးနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ ရပ်ရွာခေါင်းဆောင်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ကူညီပေး နေသူများအတွက် စံနှုန်းများတပြေးညီသတ်မှတ်ထားပြီး လိုက်နာကျင့်သုံးနိုင်ချေရှိသည့် စနစ်ယန္တရားများကို ပုံမှန်ဂျဲန်ဒါအရေး ထည့်သွင်းစဉ်းစားမှုပြုလေ့ကျင့်ပေးသည့် သင်တန်းများနှင့်အတူ အရေးတကြီးလိုအပ်ကြောင်း ဆွေးနွေးပေးခဲ့သူများက အလေးအနက်ပြောကြားခဲ့ကြသည်။ ဤအရာများမရှိပါက အကာအကွယ်ပေးရေး ကတိကဝတ်ပြုမှုများသည် အသွင်ပြောင်းလဲနိုင်စွမ်းမရှိဘဲ သင်္ကေတတစ်ခုအဖြစ်သာ ဆက်လက် တည်ရှိနေမည်ဖြစ်သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂမှပြုလုပ်ခဲ့သော CRSV သုတေသနသည် ရှင်သန်လွတ်မြောက်လာသူများ၏ နေ့စဉ်ဘဝ အတွေ့အကြုံများကို အခရာကျသည့် ထိုးထွင်းသိမြင်မှုများ ပေးစွမ်းနိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ စနစ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးစောင့်ရှောက်မှု ပျက်ကွက်နေခြင်းများကို ထုတ်ဖော်ပြသထားသည်။ လေ့လာတွေ့ ရှိချက်များအရ CRSV ကို အကြမ်းဖက်စစ်တပ်သည် ဖိနှိပ်ရေးအတွက် ရည်ရွယ်ချက်ရှိရှိ စနစ်တကျ အသုံးပြုနေသည်ဟု ဖော်ပြထားသော်ငြား တော်လှန်ရေးအဖွဲ့များ ထိန်းချုပ်နယ်မြေအချို့တွင်လည်း လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်ပွားနေကြောင်း တွေ့ရှိရခြင်းပင်။ သို့ရာတွင် အဆိုပါတော်လှန်ရေးအဖွဲ့များ ထိန်းချုပ်နယ်မြေများတွင် ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် စနစ်တကျရည်ရွယ်ချက်ရှိရှိ မူဝါဒ၏တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခြင်းမဟုတ်ပဲ တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦးချင်းက ကျူးလွန်သည့် သီးခြားဖြစ်ရပ်များဖြစ်သည်ကို တွေ့ရသည်။ ဤလက်တွေ့ဖြစ်စဉ်သည် ရှင်သန်လွတ်မြောက်လာသူများအား လူမှုရေးအရ အမည်းစက်ထင်သူအဖြစ် သတ်မှတ်ကာ ဖယ်ကျဉ်ထားခြင်း၊ လက်တုံ့ပြန်မှုခံရမည်ကို ကြောက်ရွံ့ခြင်းနှင့် တရားမျှတမှုနှင့် အထောက်အပံ့ဝန်ဆောင်မှုများရရှိရန် အကန့်အသတ်ရှိခြင်းအပါအဝင် ဘက်ပေါင်းစုံမှ ထိလွယ်ခိုက်လွယ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ ရပ်ရွာလူထုအခြေပြု အစုအဖွဲ့များနှင့် အမျိုးသမီးအဖွဲ့များသည် အရင်းအမြစ်နည်းပါးပြီး မနိုင်ဝန်ပိနေသော်လည်း အဦးဆုံးတုံ့ပြန် ဆောင်ရွက်ပေးသူများအဖြစ် မကြာခဏဆိုသလို ဆောင်ရွက်ပေးနေရသည်။

သုတေသန၏တွေ့ရှိချက်အရ ကြားကာလအုပ်ချုပ်ရေးယန္တရားများနှင့် တော်လှန်ရေးအဖွဲ့များသည် တစ်သမတ်တည်းရှိသော၊ ရှင်သန်လွတ်မြောက်လာသူ-ဗဟိုပြုချဉ်းကပ်သော ကာကွယ်စောင့်ရှောက်ရေး စနစ်ယန္တရားများကို တည်ဆောက်နိုင်ခြင်းမရှိသေးကြောင်း ထပ်ခံအလေးပေး ဖော်ပြထားသည်။ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သည့် စိတ်ပိုင်း

ဆိုင်ရာ ကူညီပံ့ပိုးပေးမှုများ၊ ဘေးကင်းလုံခြုံသည့် ခိုလှုံရာနေရာများနှင့် ဥပဒေအရ အကူအညီများပေးသည့် အစီအစဉ်အချို့ရှိသော်လည်း ဤကြိုးပမ်းမှုများသည် ကြုံရာသင့်ရာကူညီသလိုဖြစ်နေပြီး ပိုမိုကျယ်ပြန့်သော အုပ်ချုပ်ရေး (သို့မဟုတ်) လုံခြုံရေးဆိုင်ရာ မူဘောင်များအတွင်းသို့ ပေါင်းစည်းထားနိုင်ခြင်း မရှိသေးပေ။ စစ်တပ်နှင့် တော်လှန်ရေးလှုပ်ရှားမှုများ နှစ်ခုစလုံးအတွင်း တရားဝင်ချမှတ်ထားသည့် တာဝန်ယူတာဝန်ခံမှုအစီအမံများ မရှိနေခြင်းသည် ရှင်သန်လွတ်မြောက်လာသူများ၏ ယုံကြည်မှုကိုပျက်ပြားစေသည်ဖြစ်ရာ တိုင်ကြားမှုပြုလာရန်ကိုအဟန့် အတားဖြစ်စေသည်။

ဤထိုးထွင်းသိမြင်လာမှုများကို မူဝါဒဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုတွင် ပေါင်းစည်းသုံးသပ်ချက်တွင် အကာအကွယ် ပေးရေးနှင့် တားဆီးကာကွယ်ပေးခြင်း နှစ်ခုစလုံးကိုဦးစားပေးသည့် ညှိနှိုင်းဆောင်ရွက်မှုရှိပြီး အရင်း အမြစ်ဆိုင်ရာ လုံလုံလောက်လောက်ရှိခြင်းအပြင် ရှင်သန်လွတ်မြောက်လာသူ-ဗဟိုပြုချဉ်းကပ်သည့် မူဘောင်များကို အရေးတကြီးလိုအပ်နေကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။ ၎င်းသည် ရှင်သန်လွတ် မြောက်လာသူများ၏ အသံများနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားချမှတ်ထားသည့် ကာကွယ်စောင့် ရှောက်ရေး စနစ်ယန္တရားများရေးဆွဲရာတွင် အောက်ခြေရှိ ဝန်ဆောင်မှုပေးသူများနှင့် မူဝါဒဆိုင်ရာ မူဘောင်တို့ ချိတ်ဆက်ပေးထားရန်အရေးကြီးသည်ကို ထောက်ပြနေပေသည်။ ဤပေါင်းစပ်ချိတ်ဆက်မှုမရှိပါက တုံ့ပြန်မှုများသည်ကြုံလျှင်ကြုံသလို ကူညီပေးလိုက်သည့်ပုံစံသာရှိနေနိုင်ပြီး CRSV ဖြစ်ပေါ်လာအောင် မောင်းနှင်ပေးနေသည့် ဖွဲ့စည်းမှုအားများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ပေ။

## ၈.၃ ညှိနှိုင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်လျာထားခွဲဝေမှု

အမျိုးသားညီညွတ်ရေးအစိုးရ၏ ဝန်ကြီးဌာနများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုနှင့် ဒေသဆိုင်ရာ ကြားကာလအုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်းရင်းသားလူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းမှုများရှိနေသော်လည်း ဤလုပ်ငန်းစဉ်များသည် မညီမညာ၊ အများအားဖြင့် အလွတ်သဘောအရသာဖြစ်နေပြီး အရင်းအမြစ်ဆိုင်ရာ အကန့်အသတ်ရှိခြင်းနှင့် လုပ်ပိုင်ခွင့်/လုပ်ပိုင်ခွင့် အာဏာ ထပ်နေခြင်းတို့ကြောင့် မကြာခဏဆိုသလို နှောင့်နှေးကြန့်ကြာမှုဖြစ်ရသည်ဟု ဆွေးနွေးဖြေဆို ပေးသူများက မှတ်ချက်ပြုခဲ့ကြသည်။ ဤအချက်သည် အမြဲတမ်းကြုံတွေ့ရသော အခက်အခဲများထဲမှ ကြုံပြီးရင်းကြုံရသည့် အဆက်အခဲတစ်ခုဖြစ်သည်ဟု ဤသုံးသပ်ချက်အတွက် ဖြေကြားဆွေးနွေးပေးသူတိုင်းက ထုတ်ဖော်ပြောပြခဲ့ကြသည်။ အုပ်ချုပ်ရေးကဏ္ဍ၌ ပါဝင်ဆောင်ရွက်နေသူအချို့ကဝန်ကြီးဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်း၌ တိုးတက်မှုများရှိလာခြင်း၊ တိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့များ၊ အရပ်ဘက်လူထု အဖွဲ့အစည်းများနှင့် နည်းပညာပိုင်းဆိုင်ရာ ဆက်စပ်ဆောင်ရွက်မှုများ တိုးတက်လာခြင်းကို အသိအမှတ် ပြုခဲ့သော်လည်း ဒေသအခြေစိုက်အဖွဲ့အစည်းများမှာ

အရင်းအမြစ်လက်လှမ်းမီရန်၊ နည်းပညာဆိုင် ရာပံ့ပိုးကူညီမှုရရှိရန် ကြိုးစားရာတွင် လိုအပ်ချက် ကွာဟချက်များနှင့် ဆက်လက်ရင်ဆိုင် ကြုံတွေ့နေရဆဲဖြစ်သည်။ အလှူရှင်/ရန်ပုံငွေထောက်ပံ့ သူများ၏ တင်းကျပ်သောရန်ပုံငွေထောက်ပံ့မှုနှင့် အစီရင်ခံတင်ပြရန် လိုအပ်ချက်များသည် ထို အဖွဲ့များ၏ ရေရှည်တည်တံ့မှုနှင့် ဒေသအလိုက် ကိုယ်ပိုင်တာဝန်ယူဆောင်ရွက်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်လာစေသည်။

အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့ကူညီပံ့ပိုးမှုလုပ်ငန်းများ လုပ်ကိုင်ရာ၌ အရင်းအမြစ် ဆိုင်ရာနည်းပါးခြင်း၊ အစိတ်စိတ်အမြွှာမြွှာဖြစ်နေခြင်း နှင့် တခါတရံ ကူညီပံ့ပိုးပေးမှုထပ်နေခြင်း တို့နှင့် ပြည့်နှက်နေသည်ဟုဆိုပြီး ယင်းသို့ဖြစ်ရခြင်း၏ အဓိကအချက်မှာ ကြားကာလကောင်စီ များ (သို့မဟုတ်) လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ရေးအားနည်း မှုကြောင့် ဖြစ်သည်ဟုဆိုကြသည်။ အမျိုးသမီး အဖွဲ့အစည်းများက ဂျန်ဒါတန်းတူညီမျှရေး ဟူသော အရေးကိစ္စကို "အမျိုးသမီးအရေးကိစ္စ" တစ်ခု အဖြစ်သာ ရှုမြင်နေကြဆဲဖြစ်ကြောင်း၊ ဤအရေးကိစ္စအား ဝန်ကြီးဌာနများနှင့် အခြား အုပ်ချုပ်အာဏာရှိသူတို့မှ "လက်ခံပူးပေါင်းပါဝင် မှု" အလုံအလောက်မရှိနေသေးကြောင်းကို အလေးပေးပြောကြားခဲ့ကြသည်။ တချိန်တည်းမှာပင် အဖွဲ့အစည်းအများအပြားသည် လူ့စွမ်းအားအရင်းအမြစ် မျှဝေလုပ်ကိုင်ခြင်းတန်ဘိုးနှင့် ကွန်ရက် များအကြား ချိတ်ဆက်မှုများ၏တန်ဖိုးကို အလေးထားပြောကြားခဲ့ကြပြီး ၎င်းသည် အမျိုးသမီး အဖွဲ့အစည်းများအတွက် အရင်းအမြစ်ရှားပါးမှုကြားမှပင် အချင်းချင်းအပြန်အလှန် အထောက် အကူပေးခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းဟူသော အခွင့်အလမ်းကို ဆောင်ကျဉ်း ပေးခဲ့သည်။

အချို့လက်နက်ကိုင်တော်လှန်ရေး၌ ပါဝင်နေသူများသည် ဂျန်ဒါရေးရာထည့်သွင်းစဉ်းစား သည့် မူဝါဒများ၏ အရေးပါအရေးကြီးမှုကို အသိအမှတ်ပြုကြသော်လည်း လုပ်ငန်းလည်ပတ် မှုဆိုင်ရာမှလာသော ဖိအားများနှင့် အရင်းအမြစ်အကန့်အသတ်ရှိနေမှုများကြောင့် ၎င်းတို့၏ လုပ်ငန်းစဉ်အစီအစဉ်များတွင် ဂျန်ဒါရေးရာ ကိစ္စရပ်များကို အဆင့်လျှော့နောက်ချန်ခဲ့ကြရသည် ဟု ဝန်ခံပြောဆိုကြသည်။ မြေပြင်အခြေစိုက် အမျိုးသမီး အဖွဲ့အစည်းများနှင့် ဒေသတွင်း ဝန်ဆောင်မှုပေးသူများအကြား အချိတ်အဆက်မိမိ ညှိနှိုင်းလုပ်ဆောင်နိုင်မှုမှာ အဖွဲ့အစည်း အဆောက်အအုံဆိုင်ရာ စနစ်ယန္တရားများ စနစ်တကျ ရှိနေခြင်းကြောင့်မဟုတ်ပဲ အချင်းချင်း အကြား အလွတ်သဘော ယုံကြည်မှုတည်ဆောက်ထားနိုင်မှုကြောင့်သာ ဤသို့ညှိနှိုင်းချိတ်ဆက် လုပ်ကိုင် နိုင်ခဲ့ကြခြင်းဖြစ်သည်။

၎င်းသည် ညှိနှိုင်းဆောင်ရွက်မှု ချို့တဲ့နေကို ထင်ဟပ်ပြသနေပြီး ဤသို့ဖြစ်ရခြင်းမှာ အရင်းအမြစ် ရှားပါးမှုကြောင့်သာမက အာဏာပါဝါအချိုးမညီဖြစ်မှုများနှင့် အဖွဲ့အစည်းများအကြား စနစ်တကျ ချမှတ် ထားသော လုပ်ငန်းစနစ်ယန္တရားများ မရှိခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ဦးစားပေးချမှတ် ဆောင်ရွက်ခြင်းနှင့် ကွန်ရက်များအကြားရှိ အခြေအနေများကို အခြေပြုဖြစ်ပွားသော စိန်ခေါ်မှု များသည် ရံဖန်ရံခါတွင် ကြိုးပမ်းလုံ့လစိုက်ထုတ်မှုများ တစစီဖြစ်နေခြင်း (သို့မဟုတ်) အာရုံစူး စိုက်လုပ်ကိုင်မှု ယုတ်လျော့သွားမှုကိုလည်း ဖြစ်ပွားစေသည်။ အမျိုးသမီးကွန်ရက်များ အစိုးရ

နှင့် (အုပ်ချုပ်ရေး သို့မဟုတ် စီမံအုပ်ချုပ်ရေးအဖွဲ့များ) အမြဲတမ်းကော်မီတီများမှတစ်ဆင့် အဖွဲ့အစည်းအဆောက်အအုံဆိုင်ရာအရ ချိတ်ဆက်မှုရှိသည့် တီမောလေစတေနိုင်ငံလိုမဟုတ်ပဲ မြန်မာနိုင်ငံ၏ ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းသည် အလွတ်သဘောသက်သက် ရှိနေဆဲဖြစ်သည်။

## ၈.၄ တာဝန်ယူတာဝန်ခံမှုနှင့် စောင့်ကြည့်စစ်ဆေးမှု

ဤသုံးသပ်ချက်အတွက် ဆွေးနွေးဖြေဆိုပေးခဲ့သည့် အဖွဲ့တိုင်းက အားနည်းသည့် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ ဖွဲ့စည်းမှုများသည် အရေးအကြီးဆုံးသော ကွာဟချက်များထဲမှ တစ်ခုဖြစ်ကြောင်းကို အမြဲလိုလို ထောက်ပြခဲ့ကြသည်ကိုတွေ့ရသည်။ မူဝါဒများအား ရှင်းရှင်းလင်းလင်းချမှတ်ထားသည့် စောင့်ကြည့်စစ်ဆေးမှု မူဘောင်များမရှိပဲ မကြာခဏ ရေးဆွဲချမှတ်လေ့ရှိသောကြောင့် အနှစ်သာရပြည့်ဝသည့် လိုက်နာ ဆောင်ရွက်မှုထက် အဖြစ်သဘောသာရှိနေကြောင်း အမျိုးသမီးအဖွဲ့အစည်းများက အလေးအနက် ပြောကြားခဲ့ကြသည်။ ဝန်ဆောင်မှုကူညီပေးနေသူများကလည်း စနစ်တကျ စောင့်ကြည့်စစ်ဆေးကြီးကြပ်မှု ရေးဆွဲသတ်မှတ်အကောင်အထည်ဖော်ခြင်းထက် တစ်ဦးချင်းတစ်ယောက်ချင်းခေါင်းဆောင်မှုမှ ကတိကဝတ် ပြုမှုအပေါ်သာ အားထားနေရဆဲဖြစ်ပြီး များသောအားဖြင့် ကြုံကြိုက်မှသာ စောင့်ကြည့်စစ်ဆေးလိုက်သည့် သဘောအဖြစ်သာရှိနေသည်ကို ပြောပြခဲ့ကြသည်။ ကြားကာလအုပ်ချုပ်ရေးအဖွဲ့အစည်းများသည် တာဝန်ယူတာဝန်ခံမှု အားကောင်းလာစေရန် ဆန္ဒရှိကြသော်လည်း နည်းပညာဆိုင်ရာကျွမ်းကျင်မှုနှင့် အရင်း အမြစ်များ အကန့်အသတ်ရှိနေကြောင်း ထောက်ပြခဲ့ကြသည်။ လက်နက်ကိုင်အဖွဲ့များသည် ဗဟိုချုပ်ကိုင်မှု လျှော့ချထားသောယူနစ်များ၌ စံချိန်ပြည့်သတ်မှတ်ထားသည့် မူဘောင်ကို အကောင်အထည်ဖော်ရန် ခက်ခဲကြောင်း အထူးသဖြင့် ယှဉ်ပြိုင်ခုခံနယ်မြေများ၌ စစ်ဆင်ရေးနှင့် လုံခြုံရေးဦးစားပေးရသည့်အခါ ဂျဲန်ဒါရေးရာတစိုက်မတ်မတ်လုပ်ရန် ကတိကဝတ်များကို လွှမ်းမိုးမှုရှိနေကြောင်း အသိအမှတ်ပြုပြောဆိုခဲ့ကြသည်။

သို့ရာတွင် တိုးတက်မှုလက္ခဏာရပ်များလည်း ရှိနေသည်။ အချို့သော အသွင်ကူးပြောင်းရေးအုပ်ချုပ် ဖွဲ့စည်းမှုများ၌ ၎င်းတို့၏ လက်နက်ကိုင်အစိတ်အပိုင်းအတွင်း PSEAH ကဲ့သို့သောမူဝါဒများကို စတင်ကျင့်သုံးနေပြီး ချိုးဖောက်ကျူးလွန်သူများအား သတိပေးခြင်း၊ တပ်မှ/အဖွဲ့မှထုတ်ပယ်ခြင်း (သို့မဟုတ်) ထောင်ဒဏ်ချမှတ်ခြင်းအပါအဝင် တရားရေးအရ စီရင်ဆုံးဖြတ်ဒဏ်ခတ်မှုများကို ရင်ဆိုင်ကြရသည့် သာဓကများရှိကြောင်းကို ပြန်လည်ပြောပြခဲ့ကြသည်။ ဤလုပ်ထုံးလုပ်နည်းများကို ကျင့်သုံးနေခြင်းသည် အားတက်စရာဖြစ်သော်လည်း နားလည်မှုနှင့်လက်တွေ့အသုံးချမှုမှာ တစ်သမတ်တည်းမရှိသောကြောင့် ရှင်သန်လွတ်မြောက်လာသူများသည်လက်တုံ့ပြန်ခံရမည်ကိုစိုးရိမ်ရခြင်း၊ လူမှုရေးအရ အပစ်ပယ်ခံရခြင်းနှင့် စီရင်ပေးလိုက်မှုတွင်ဘက်မလိုက်မှုရှိမရှိအပေါ် သံသယဝင်ကြရခြင်းစသည့် အခက်အခဲအတားအဆီးများနှင့် ရင်ဆိုင်တွေ့ကြုံနေရဆဲဖြစ်သည်။

ပွင့်လင်းမြင်သာမှုနှင့် စနစ်တကျ အချက်အလက်စုဆောင်းမှုသည် အထောက်အထား အခြေပြု-ပြုပြင် ပြောင်းလဲမှုများကို ပံ့ပိုးရန်အတွက် အရေးပါသည့် လိုအပ်ချက်များအဖြစ် မီးမောင်းထိုးပြထားသည်။ မြေပြင်ရှိအဖွဲ့များနှင့် အမျိုးသမီးဦးဆောင်အဖွဲ့အစည်းများသည် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များ၊ စောင့်ကြည့်လေ့လာစစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းယန္တရားများ၊ လိုက်နာဆောင်ရွက်မှုနှင့် တင်းကျပ်စွာအရေးယူဖွဲ့စည်းမှုများ၊ တရားမျှတမှုရရှိရေးလမ်းများ၊ အဖွဲ့အစည်းဆိုင်ရာတာဝန်ခံမှုများနှင့် ညှိနှိုင်းဆောင်ရွက်မှုစသည့်ယန္တရားများပါဝင်သည့် ပိုမိုကျယ်ပြန့်သော WPS စနစ်များထဲသို့ ထည့်သွင်း ပေါင်းစည်းထားသည့် ရှင်သန်လွတ်မြောက်သူ-ဗဟိုပြုမှု၊ ယဉ်ကျေးမှုအရ လိုက်လျောညီထွေရှိမှုရှိသည့် တာဝန်ယူတာဝန်ခံမှုမူဘောင်များ Accountability Frameworks ရှိရန်ကို အလေးပေးပြောကြားသွားကြသည်။ လတ်တလောရှိနေသည့် စောင့်ကြည့်စစ်ဆေးကြီးကြပ်မှုစနစ်များသည် (ရှိနေခဲ့သည်ဆိုပါက) အခြေခံအရေ အတွက်ဆိုင်ရာညွှန်းကိန်းများ quantitative indicators (သို့မဟုတ်) နှစ်ပတ်လည်အစီရင်ခံစာများအပေါ် မှီခိုလေ့ရှိသော်လည်း အရည်အသွေးစံတိုင်းတာချက်များ qualitative measures နှင့် ရှင်သန်လွတ် မြောက်လာသူများ၏ ကျေနပ်အားရမှုရှိမရှိကို ထည့်သွင်းစဉ်းစားမှုရှိမနေသေးပေ။

ခွဲခြမ်းစိတ်ဖြာသုံးသပ်ကြည့်ပါက မြန်မာနိုင်ငံတွင် တာဝန်ယူတာဝန်ခံမှုကို အဖွဲ့အစည်းအတွင်း စနစ်တကျ ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းထက် ရည်မှန်းဆန္ဒသက်သက်သာဖြစ်နေပေရာ ဂျဲန်ဒါတန်းတူညီမျှရေး၊ SGBV နှင့် CRSV ကို အဆုံးသတ်ရန် သံန္နိဋ္ဌာန်ပြုသည့်နိုင်ငံရေးကတိကဝတ်များသည် အများအမြင်ကောင်း/ကြားကောင်းအောင် ဟန်ပြသရုပ်ဆောင်ပြောဆိုမှုများအဖြစ်သာ မေးမှိန်ပျောက် ကွယ်သွားနိုင်သည့် အန္တရာယ်အလားအလာရှိနေသည်။ ဤကွာဟချက်ကို အဆုံးသတ်နိုင် ရန်အတွက် ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများ ပူးပေါင်းပုံဖော်ထားသည့် ကျစ်လစ်ခိုင်မာပြီး အာဏာသက်ရောက်မှုရှိသော စောင့်ကြည့်လေ့လာရေးယန္တရားများ ချမှတ်ရန်ပင်ဖြစ်သည်။ သို့ရာတွင် စစ်ကောင်စီမှ နှစ်ရှည်လများကျင့်သုံးခဲ့သည့် စစ်သွေးဆန်ဆန် ဗဟိုချုပ်ကိုင်မှုစနစ်ကို စနစ်တကျ ဖျက်သိမ်းပြီး စစ်မှန်သောတာဝန်ယူတာဝန်ခံမှုကို ထောက်ပံ့ပေးနိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီ အုပ်ချုပ်မှုပုံစံဖြင့် အစားထိုးခြင်းမပြုနိုင်သရွေ့ ၎င်းယန္တရားများသည် အကျိုးသက်ရောက်မှု ကင်းမဲ့နေမည်သာဖြစ်သည်။

တွေ့ဆုံးဆွေးနွေးပေးခဲ့သော အစည်းအဝေးများက လက်ရှိမူဝါဒဆိုင်ရာကြိုးပမ်းမှုများကို အသိအမှတ်ပြု ကြသော်လည်း အနာဂတ်တိုးတက်မှုအတွက်မူ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အဆက်အစပ်ရှိမှု structural coherence နှင့် လက်တွေ့ကျသော စနစ်ယန္တရားနှစ်ခုစလုံးလိုအပ်သည်ဟု လက်ခံကြသည်။ လက်ရှိရေးဆွဲထားသည့် ဂျန်ဒါနှင့် WPS မူဘောင်များကို ပုံတူပွားခြင်း (သို့မဟုတ်) အပိုင်းပိုင်းတစစီ ခွဲထုတ်ခြင်းမပြုဘဲ စည်းဝါးကိုက်ညီစွာ ညှိနှိုင်းပေါင်းပေါင်းစပ် လုပ်ကိုင်ရန်သည် ထပ်ခါတလဲလဲ ပေါ်ထွက် လာသော အကြံပြုချက်တစ်ခုဖြစ်သည်။ မြေပြင်ရှိ လူထုနှင့်ရေးဆွဲထားသော မူဘောင်များကို ဘေးဖယ် ထားခြင်းမပြုရန် အမျိုးသမီးအဖွဲ့အစည်း များက အလေးပေးတိုက်တွန်းခဲ့ပြီး ဝန်ကြီးဌာနများနှင့် ကြားကာလ အုပ်ချုပ်ရေးအဖွဲ့များအား မူဘောင်သစ်ရေးဆွဲပါက ဤလက်ရှိမူဘောင်များကို အခြေခံအုတ်မြစ်များအဖြစ် မူတည်ရေးဆွဲ ရန် တိုက်တွန်းခဲ့ကြသည်။ မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် မတူကွဲပြားသော တိုင်းရင်းသား လူမျိုးစုများနှင့် နိုင်ငံရေးအခြေအနေများကြောင့် ဖက်ဒရယ်စနစ်ချဉ်းကပ်မှုသည် မရှိမဖြစ်လိုအပ် ကြောင်းကို ဆွေးနွေးဖြေကြားပေးသူများက အလေးထားပြောသွားပြီး ၎င်းချဉ်းကပ်မှုသည် တိုင်းရင်းသား အုပ်ချုပ်ရေး အဖွဲ့များနှင့် ကြားကာလကောင်စီများအား WPS အစီအစဉ်ကို ၎င်း တို့၏ ဒေသအခြေအနေနှင့် လိုက်လျော ညီထွေဖြစ်အောင် ရေးဆွဲအကောင်အထည်ဖော်နိုင် ရေးအတွက် အခွင့်အလမ်းပေးသည်နှင့် တချိန်တည်းမှာပင် မျှဝေထားသော နိုင်ငံအဆင့်ဘုံ ရည်မှန်းချက်ပုံရိပ်ကို အထောက်အကူဖြစ်စေသည်ဟုလည်း ပြောဆိုခဲ့ကြသည်။

အကာအကွယ်ပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ကြပ်ကြပ်မတ်မတ် လိုက်နာ ဆောင်ရွက်ရန် စံနှုန်းများကို တစ်သမတ်တည်း တောင်းဆိုခဲ့ကြသည်။ အကြံပြုချက်များ တွင် တော်လှန်ရေး လှုပ်ရှားမှုမှ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများနှင့် ဝန်ဆောင်မှု ပေးသူများအတွက် တူညီသော ကျင့်ဝတ်စည်းကမ်းများ ချမှတ်ပေးခြင်းနှင့် ရှင်သန်လွတ်မြောက် လာသူ-ဗဟိုပြုသည့်မူများကို လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးအောင် ဆောင်ရွက်ခြင်းတို့ လည်း ပါဝင်သည်။ အထူးသဖြင့် ရှေ့တန်း၌ တာဝန်ထမ်း ဆောင်သူများဖြစ်သည့် ဆေးဘက် ဆိုင်ရာဝန်ထမ်းများ၊ ဒေသအုပ်ချုပ်ရေးမှူးများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် တရားရေးကဏ္ဍများတွင် လုပ်ကိုင်နေသူများအား ဂျန်ဒါရေးရာအလေးထားမှုဆိုင်ရာ သင်တန်းများနှင့် အသိပညာပေးခြင်း တိုးမြှင့်လုပ်ဆောင်ရန်ကို အရေးပေါ်လိုအပ်ချက်အဖြစ် ဆောင်ရွက်ရန်လည်း မီးမောင်းထိုးပြခဲ့ကြ သည်။ ဆွေးနွေးဖြေဆိုပေးခဲ့သူများသည် ပဋိပက္ခဒဏ်ခံနေကြရသောအမျိုးသမီးများ၊ မိန်းကလေး ငယ်များ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် မသန်စွမ်းသူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုး ကူညီမှု၊ ဥပဒေကြောင်းအရအကူအညီ၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အကူအညီ များပါဝင်သည့် ဘက်စုံပါဝင်သော ရှင်သန်လွတ်မြောက်သူ-ထောက်ကူပေး မှုစနစ်များကို အဖွဲ့အစည်း အဆောက် အအုံဆိုင်ရာအရ အတည်တကျပြဋ္ဌာန်းရန် တိုက်တွန်းခဲ့ ကြသည်။ အချို့သောကိစ္စများတွင် ဓလေ့ထုံးတမ်းနှင့် ရပ်ရွာအခြေပြုယန္တရားများကို ကာကွယ်

တားဆီးရေး မဟာဗျူဟာများထဲသို့ ထည့်သွင်းရေးဆွဲရန် အကြံပြုခဲ့ ကြသော်လည်း ထိုအရာများမှာ အန္တရာယ်မဖြစ်စေပဲ အခွင့်အရေးအခြေခံ ကာကွယ်စောင့်ရှောက်မှုများ၊ နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ထည့်သွင်းရေးဆွဲသင့်သည်ဟု ဆွေးနွေးပေးခဲ့သူများက အကြံပြုခဲ့ကြသည်။

ညှိနှိုင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်မျှဝေခြင်းတို့သည် အနာဂတ်စီမံချက်များအတွက် အခရာကျသည့် အချက်များအဖြစ် ပေါ်ထွက်လာသည်။ အမျိုးသမီးအဖွဲ့အစည်းများ၊ ကျန်းမာရေး၊ တရားမျှတရေး၊ လုံခြုံရေးနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူကော်မီတီများ၏ အဓိပ္ပာယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်မှုဖြင့် ဒေသအဆင့်၊ တိုင်းဒေသအဆင့်တို့တွင် တရားဝင်သော၊ ဘက်ပေါင်းစုံပါဝင်သော၊ ညှိနှိုင်းဆောင်ရွက်မှုပလက်ဖောင်းများကို ဖွဲ့စည်းတည်ဆောက်ရန် ဆွေးနွေးဖြေဆိုပေးသူများက အကြံပြုခဲ့ကြသည်။ ၎င်းတို့က ပုံသေမဟုတ်သော အလွတ်သဘောဆိုင်ရာ ယုံကြည်မှုကွန်ရက်များကို မှီခိုအားထားခြင်းသည် တန်ဖိုးရှိအကျိုးရှိသော်ငြားလည်း ရေရှည်တည်တံ့ပြီး အားလုံးအကျုံးဝင်သောအုပ်ချုပ်ရေးအတွက် မလုံလောက်ကြောင်း မှတ်ချက်ပြုခဲ့သည်။ အရေးကြီးသည့်အချက်မှာ အမျိုးသမီးအဖွဲ့အစည်းများက ဂျဲန်ဒါဆိုင်ရာတန်းတူညီမျှမှုရှိရေးကို အမျိုးသမီးများသာ သီးသန့်လုပ်ရမည့်၊ အမျိုးသမီးဝန်ကြီးဌာနများအတွင်း သီးခြားခွဲလုပ်ရမည့် အရေးသဖွယ် မလုပ်ဆောင်သင့်ဘဲ လုံလောက်သောအရင်းအမြစ်များဖြင့် ကျောထောက်နောက်ခံပြုထားကာ ဝန်ကြီးဌာန အားလုံးတွင် ပင်မရေစီးကြောင်းအဖြစ် ထည့်သွင်းရမည်ဟု အလေးအနက် တောင်းဆိုခဲ့ကြသည်။ ဆွေးနွေး ဖြေဆိုပေးခဲ့သူ အများအပြားသည် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများထံသို့ တိုက်ရိုက်ရောက်ရှိနိုင်သော ရေရှည်တည်တံ့ပြီး ပွင့်လင်းမြင်သာသည့် ရန်ပုံငွေရရှိနိုင်ရန်အတွက် ပူးတွဲအလှူရှင်မဟာဗျူဟာများ joint donor strategies ကို ရေးဆွဲရန် အဆိုပြုခဲ့ကြသည်။

နောက်ဆုံးအနေဖြင့် တာဝန်ယူတာဝန်ခံမှုနှင့် စောင့်ကြည့်စစ်ဆေးကြီးကြပ်မှုတို့သည် အနာဂတ်လုပ်ငန်းများအတွက် အဆုံးအဖြတ်ပေးမည့် နယ်ပယ်များအဖြစ် သတ်မှတ်ခဲ့ကြသည်။ ပါဝင်ဖြေဆို ပေးခဲ့သူများက ဂျဲန်ဒါနှင့် WPS ကတိကဝတ်များကို လိုက်နာမှုရှိမရှိ စောင့်ကြည့်စစ်ဆေးရန်အတွက် လွတ်လပ်သော စောင့်ကြည့်စစ်ဆေးကြီးကြပ်မှု အဖွဲ့အစည်းများကိုထူထောင်ရန်နှင့် ရှင်သန်လွတ် မြောက်လာသူများ၊ ဒေသခံလူထုများ အလွယ်တကူလက်လှမ်းမီနိုင်သော ပွင့်လင်းမြင်သာသည့် အစီရင်ခံတင်ပြခြင်းနှင့် တိုင်ကြားမှုစနစ်များလိုအပ်ကြောင်း အကြံပြုဆွေးနွေးပေးခဲ့ကြသည်။ ဆွေးနွေးပေးခဲ့သူ အများစုသည် စနစ်တကျစောင့်ကြည့်စစ်ဆေးနှင့် အကဲဖြတ်ခြင်းအတွက် ၎င်းတို့၏ နည်းပညာသိရှိမှု အကန့်အသတ်ရှိသည်ကို အသိအမှတ်ပြုခဲ့ကြပြီး ယင်းအတွက် စွမ်းရည်မြှင့်တင်ရန်လိုအပ်နေမှုကို အလေးပေးပြောကြားသွားခဲ့ကြသည်။ အထူးသဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ရွာ အခြေပြုအဖွဲ့အစည်းများသည် ဂျဲန်ဒါ၊ လူမျိုး၊ အသက်၊ မသန်စွမ်းမှုနှင့် နေရာရွှေ့ပြောင်းခံရမှု အခြေအနေအလိုက် ခွဲခြားထားသော အချက်အလက်များ disaggregated data ကို စုဆောင်းနိုင်ရန်အတွက် ပံ့ပိုးကူညီမှုများ လိုအပ်နေသည်ဟုလည်း ပြောပြခဲ့ကြသည်။ ဆွေးနွေးပေးခဲ့သူများသည် ပြည်တွင်း တာဝန်ယူတာဝန်ခံ

မှုကို နိုင်ငံတကာဆိုင်ရာ WPS လုပ်ပိုင်ခွင့်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်သော အစီရင်ခံခြင်း၊ လိုက်နာကျင့်သုံးခြင်းတို့ကို သေချာစေရန်အတွက်လည်း တောင်းဆိုခဲ့ကြသည်။ ဤကဲ့သို့သော စနစ်ယန္တရား များမရှိပါက ဂျန်ဒါဆိုင်ရာမူဝါဒများသည် လက်တွေ့လုပ်ငန်းလည်ပတ်မှုမဟုတ်ပဲ မျှော်မှန်းချက်သက်သက်သာ aspirational ဖြစ်နေမည်ဟု သတိပေးပြောကြားခဲ့ကြသည်။

ခြုံငုံကြည့်လျှင် ဤရှုထောင့်များသည် လက်ရှိပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံတွင် WPS ကို အကောင် အထည်ဖော်ရာ၌ ဖယ်ဒရယ်စနစ်အသွင်ဆောင်သော၊ ရှင်သန်လွတ်မြောက်လာသူများ အား ဗဟိုပြုသော၊ အဖွဲ့အစည်းဆိုင်ရာအခြေခံခိုင်မာသော ရည်မှန်းချက်ပုံရိပ်တခုကို မီးမောင်း ထိုးပြနေပြီး အောက်ခြေလူထုများနှင့် ပေါ်ထွက်ပေါက်ဖွားလာနေသော အုပ်ချုပ်ရေးအဖွဲ့များ အတွက် ရှင်းလင်းသောအခန်းကဏ္ဍများ ပါရှိနေပေသည်။ ဆွေးနွေးဖြေဆိုပေးခဲ့သူများအတွက် ရှေ့သို့ချီတက်ရမည့်လမ်းကြောင်းမှာ ကတိကဝတ်များကို လက်တွေ့ ဘဝအဖြစ်သို့ ပြောင်းလဲ နိုင်ရန်လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာနှင့် အရင်းအမြစ်ဆိုင်ရာ အခြေခံ အုတ်မြစ်များကို တည်ဆောက်နေစဥ်မှာပင် အောက်ခြေမှစ,တင်၍ ဖက်ဒရယ်စနစ်အရင်းခံ အုပ်ချုပ် ရေးဖွဲ့စည်း မှုများထဲသို့ အားလုံးပါဝင်/အကျုံးဝင်မှုနှင့် တာဝန်ယူတာဝန်ခံမှုကို ထည့်သွင်းမြှုပ်နှံမှုတွင် တည် နေပေသည်။

# ၈၊ ၆။ တွေ့ရှိချက်များ

- **မူဝါဒဆိုင်ရာမူဘောင်များရှိသော်လည်း ဆက်စပ်သဟဇာတဖြစ်မှု ကင်းမဲ့နေသည်။** ဂျန်ဒါရေးရာနှင့် WPS ဆိုင်ရာမူဝါဒများသည် ခိုင်မာသောကတိကဝတ်များကို ပြသနေသော်လည်း ၎င်းတို့၏ထိရောက်မှုသည် အပိုင်းပိုင်းအစစကွဲပြားနေခြင်း၊ လုပ်ပိုင်ခွင့်များထပ်နေခြင်း၊ အောက်ခြေအဆင့်မှ ဖော်ဆောင်သည့် အစီအစဉ်များနှင့် ဝန်ကြီးဌာနဆိုင်ရာ မူဘောင်များအကြား ချိန်ညှိလုပ်ဆောင်မှုမရှိခြင်းတို့ကြောင့် ထိရောက်မှု အကန့်အသတ်ရှိနေသည်။ အောက်ခြေမှ–အထက်သို့ တရားဝင်မှု bottom–up legitimacy နှင့် အထက်မှ–အောက်သို့ကိုယ်ပိုင်တာဝန်ခံမှု top–down ownership အကြား အထင်အမြင်လွဲမှားနေမှုသည် ဆက်စပ်သဟဇာတဖြစ်မှုကို အားနည်းစေသည်။

- **အကာအကွယ်ပေးမှုနှင့်ပတ်သက်သည့် ကွာဟချက်များမှာ အလွန်အရေးကြီးနေဆဲဖြစ်သည်။** GBV၊ CRSV နှင့်  DV တို့မှ ရှင်သန်လွတ်မြောက်လာသူများသည် လူမှုရေးအရ ပစ်ပယ်ခံရခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်အားနည်းခြင်းနှင့် စစ်ရေးစစ်သွေးလွှမ်းမိုးသော ပတ်ဝန်းကျင်များအပါအဝင် တရားမျှတမှုနှင့် ပံ့ပိုးကူညီမှုရရှိရန်အတွက် စနစ်ပိုင်းဆိုင်ရာ အတားအဆီးများနှင့် ရင်ဆိုင်နေကြရသည်။ စနစ်ယန္တရားများသည် မကြာခဏဆိုသလို ပါးစပ်ပြောသက်သက်သာ rhetorical ဖြစ်နေပြီး  အကောင် အထည်ဖော်မှုများသည်လည်း ဒေသအလိုက် မညီမညာမဆီမလျော် ဖြစ်နေဆဲပင်။ ဒေသခံများဦးဆောင်မောင်းနှင်သည့် အစပျိုးမှုများမှာ အလားအလာရှိသော်လည်း အရင်းအမြစ်နည်းပါးပြီး မညီမညာ အကောင်အထည်ဖော်ခြင်းသာ ရှိနေသည်။

- **CRSV အတွက် အရေးတကြီးနှင့် ဖွဲ့စည်းမှုရှိသောတုံ့ပြန်မှုများ လိုအပ်နေသည်။** သုတေသနပြုချက်များနှင့် ပါဝင်ဖြေဆိုပေးခဲ့သူများနှင့် ဆွေးနွေးပွဲအစည်းအဝေးများအရ CRSV သည် အကြမ်းဖက်စစ်တပ်၏ စစ်လက်နက်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေသလို တော်လှန်ရေးအဖွဲ့များ ထိန်းချုပ်ထားသည့် နယ်မြေများတွင်လည်း စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသည်။ ရှင်သန်လွတ်မြောက်လာသူများသည် ပိုမိုဆိုးရွားသော ထိခိုက်မှုများနှင့်ရင်ဆိုင်နေရပြီး ဝန်ဆောင်မှုပေးသူများနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ သည် လုံလောက်သောရန်ပုံငွေမရှိခြင်း (သို့မဟုတ်) တရားဝင်မူဘောင်များအတွင်း ပေါင်းစည်းနေမှုမရှိခြင်းစသည့် မမျှတသောဝန်ထုပ်ဝန်ပိုးများကို ထမ်းပိုးထားကြရသည်။

- **ညှိနှိုင်းဆောင်ရွက်မှု အားနည်းပြီး စနစ်တကျရှိမနေပေ။** ယုံကြည်မှုနှင့်လုပ်ကိုင်၍ရသော ကွန်ရက်များနှင့် တသီးတခြား/ကြုံသလိုပူးတွဲဆောင်ရွက်မှုများသည် ပူးပေါင်းဆောင်ရွက်မှုအချို့ကို ဖြစ်မြောက် စေသော်လည်း အရင်းမြစ်ရှားပါးမှု၊

လုပ်ပိုင်ခွင့်ထပ်နေမှုနှင့် အဖွဲ့အစည်းဆိုင်ရာစနစ်ချမှတ်မှု အားနည်းခြင်း တို့သည် ရေရှည်တည်တံ့သော ညှိနှိုင်းဆောင်ရွက်မှုကို ထိပါးလာစေသည်။

- **တာဝန်ယူတာဝန်ခံမှုအား တင်းတင်းကြပ်ကြပ်လိုက်နာဆောင်ရွက်မှု ဆက်လက်အားနည်းနေဆဲဖြစ်သည်။** ခိုင်မာတောင့်တင်းသော စောင့်ကြည့်စစ်ဆေးခြင်း (သို့မဟုတ်) တင်းကျပ်စွာလိုက်နာဆောင်ရွက်ခြင်းမရှိဘဲ မူဝါဒများကို မကြာခဏ ချမှတ်လေ့ရှိကြသည်။ တော်လှန်ရေးလက်နက်ကိုင် တပ်ဖွဲ့များအတွင်း PSEAH ကို အသုံးပြုသည့် အလေ့အထများသည် အရေးကြီးသော်လည်း တစ်သမတ်တည်းမဖြစ်သေးပေ။ ပွင့်လင်း မြင်သာသော အချက်အလက်ဆိုင်ရာစနစ်များနှင့် ရှင်သန်လွတ်မြောက်လာသူ-ဗဟိုပြု စောင့်ကြည့် စစ်ဆေးမှုများသည် ယုံကြည်မှုနှင့် သက်ရောက်မှုကို ကန့်သတ်ထားသည်။

- **အရင်းအမြစ်နှင့် ရန်ပုံငွေဆိုင်ရာ ထောက်ပံ့မှုပုံစံများသည် ရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေသည်။** လက်ရှိ အလှူရှင်များ၏ ရန်ပုံငွေဆိုင်ရာထောက်ပံ့မှုပုံစံများသည် ရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အန္တရာယ်ရှိသည်။ ရေတိုပရိုဂျက်များကို ဦးစားပေးခြင်း၊ အောက်ခြေလူထုအစုအဖွဲ့များအတွက် တိုက်ရိုက်ငွေကြေးထောက်ပံ့မှုကို ကန့်သတ်ထားခြင်း၊ ဂျဲန်ဒါတန်းတူညီမျှရေးနှင့် WPS အတွက် ပွင့်လင်းမြင်သာသော ဘတ်ဂျက်လျာထားခွဲဝေမှုများကို လျစ်လျူရှုထားခြင်းတို့ကြောင့် အလှူရှင်များသည် ဂျဲန်ဒါတန်း တူညီမျှရေးနှင့် ဒေသအလိုက် ကိုယ်ပိုင်တာဝန်ယူမှုကို ရေရှည်အဖွဲ့အစည်းဆိုင်ရာ ထူထောင် ခြင်းအား မရည်ရွယ်ပါဘဲနှင့် အားနည်းစေသည်။

- **ဒေသနှင့် လိုက်လျောညီထွေစွာ ချမှတ်ပုံစံများသည် အလားအလာပိုရှိသည်။** မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများ စုံလင်ကွဲပြားမှု၊ အငြင်းပွားဖွယ်အုပ်ချုပ်ရေးနှင့် ရှုပ်ထွေးသော ပဋိပက္ခအခြေအနေများကြောင့် ဗဟိုချုပ်ကိုင်မှုရှိသော၊ တစ်ခုတည်းသော နိုင်ငံအဆင့်အစီအစဉ်ထက် ဖက်ဒရယ်အုပ်ချုပ်ရေး ဖွဲ့စည်းပုံအတွင်း ထည့်သွင်းထားသော ဗဟိုချုပ်ကိုင်မှုမရှိသည့် WPS မူဘောင်သည် ပိုမိုလက်တွေ့ကျပြီး သာတူညီမျှမှုပိုရှိသည်။

- **ရှင်သန်လွတ်မြောက်လာသူ-ဗဟိုပြုချဉ်းကပ်ပုံများ ဖွံ့ဖြိုးမှုအားနည်းနေသေးသည်။** WPS အခြေခံသဘောတရားကို အသိအမှတ်ပြုထားသော်လည်း ဝန်ဆောင်မှုပေးခြင်း၊ တာဝန်ယူတာဝန်ခံမှု စနစ်ယန္တရားများသည် ရှင်သန်လွတ်မြောက်လာသူများကို အလေးထားဗဟိုပြုခြင်းမရှိ၊ အဖွဲ့အစည်း အပေါ်သာ အလေးထားဗဟိုပြုလုပ်ကိုင်နေဆဲဖြစ်သည်။ ဘက်စုံပါဝင်သော ရှင်သန်လွတ်မြောက်လာသူများအတွက် အကူအညီအထောက်အပံ့ (စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေရေးရာ၊ အသက်မွေးဝမ်းကျောင်း) ကို အဖွဲ့အစည်းအဆောက်အအုံအဆင့်အနေဖြင့် ထူထောင်လုပ်ဆောင်နိုင်ရေးမှာ ကနဦးအစပျိုးအဆင့်လောက်သာ ရှိနေသေးသည်။

- **နိုင်ငံရေး စိတ်ဆန္ဒနှင့် အားလုံးပါဝင်/အကျုံးဝင်သော ပူးပေါင်းပါဝင်မှုတို့သည် တိုးတက်မှု၏ အဓိက အဆုံးအဖြတ်များဖြစ်သည်။** တိုးတက်မှုသည် အရင်းအမြစ်များပေါ်တွင်သာမက အုပ်ချုပ်မှုအဆင့်ဆင့်တွင် စဉ်ဆက်မပြတ် ခေါင်းဆောင်မှု ကတိကဝတ်ပြုမှုရှိခြင်း၊ ဖယ်ကျဉ်ခံထားရသောအုပ်စုများ (လိင်စိတ်ခံယူမှု ကွဲပြားသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလူမျိုးစု လူနည်းစုများနှင့် ဘာသာရေးလူနည်းစုရှိ အမျိုးသမီးများ) ပါဝင်မှုနှင့် အစီအစဉ်ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အောက်ခြေမှပါဝင်ဆောင်ရွက်သူများအား တန်းတူမိတ်ဖက်များအဖြစ် အသိအမှတ်ပြုခြင်းတို့ပေါ်တွင် မူတည်ပါသည်။

## ၈၊ ၇။ နိဂုံး

ဖြေဆိုပေးခဲ့သူများ၏ တိုင်ပင်ဆွေးနွေးမှုများနှင့် ပေါင်းစပ်သုံးသပ်ချက်အရ မျှော်မှန်းချက်များထားနိုင်သလို ကန့်သတ်ချက်များရှိနေသည့် အခြေအနေနှစ်ရပ်လုံးဖြင့် အုပ်ချုပ်မှုဆိုင်ရာ အခင်းအကျင်းကို အမှတ်အသားပြု ဖော်ပြထားသည်။ နိုင်ငံတော်အဆင့် ဂျဲန်ဒါတန်းတူညီမျှရေးနှင့် WPS မူဘောင်များသည် အရေးပါသော မီတွယ်အားထားရာစံနှုန်းများကို ပေးစွမ်းသော်လည်း ၎င်းတို့၏သက်ရောက်မှုသည် မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားသော တိုင်းရင်းသားလူမျိုးစု၊ ယဉ်ကျေးမှုထုံးတမ်းဓလေ့နှင့် ပဋိပက္ခဆိုင်ရာအခြေအနေကို ထင်ဟပ်စေမည့် လိုက်လျောညီထွေရှိသော ဒေသအလိုက်အကောင်အထည်ဖော်မှုအပေါ် မူတည်နေပါသည်။ အမျိုးမျိုးအဖုံဖုံသော ပါဝင်ပတ်သက်နေသူများ၊ ဝန်ကြီးဌာနများ၊ တိုင်းရင်းသားလူမျိုးစု အုပ်ချုပ်ရေးအဖွဲ့များ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် အောက်ခြေလူထုကွန်ရက်အများအပြား ရှိခြင်းသည် ချိတ်ဆက်ဆောင်ရွက်မှု ကြွယ်ဝမှုပေးပြီး ညှိနှိုင်းဆောင်ရွက်မှုကို အစိတ်စိတ်အမြွှာမြွှာကွဲစေသည့် စိန်ခေါ်မှုကို မီးမောင်းထိုးပြလျက်ရှိသည်။

အကာအကွယ်ပေးရေးနှင့် ကြိုတင်ကာကွယ်တာဆီးရေးယန္တရားများသည် တသမတ်တည်းရှိမနေပေ – မူများအရ ကောင်းစွာချမှတ်ဖော်ပြနိုင်သော်လည်း လိုက်နာကျင့်သုံးမှုကိုမူ တစ်သမတ်တည်းဖြစ်အောင် လုပ်နိုင်ခြင်းမရှိသေးသည့်အတွက် ရှင်သန်လွတ်မြောက်လာသူများအတွက် လက်လှမ်းမမီ အလှမ်းဝေး နေဆဲဖြစ်သည်။ ညှိနှိုင်းဆောင်ရွက်မှုမှာ အရင်းအမြစ်မျှဝေမှု၊ ပူးပေါင်းလုပ်ဆောင်မှုတို့နှင့်အတူ အခြေအနေ ကောင်းကြောင်းပြနေသော်ငြား အဖွဲ့အစည်းတည်ဆောက်မှုဆိုင်ရာ အားနည်းခြင်းနှင့် အရင်း အမြစ်ရှားပါးမှုတို့ကြောင့် အကန့်အသတ်ရှိနေဆဲဖြစ်သည်။ တာဝန်ယူတာဝန်ခံမှုသည် အခြေ တည်စ သာရှိသေးပြီး စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုများနှင့် မူဝါဒဆိုင်ရာလက်ခံကျင့်သုံးမှုများသည် အားတက်စရာလက္ခဏာများရှိသော်လည်း ဖယ်ကျဉ်ခံရမည်၊ လက်တုံ့ပြန်ခံရမည်ကို ကြောက်ရွံ့ သောကြောင့်အပြင်

ခိုင်မာသော စောင့်ကြည့်လေ့လာမှုစနစ်ယန္တရားများ မရှိခြင်းကြောင့် အဟန့်အတား ရှိနေဆဲပင် ဖြစ်သည်။

ခြုံငုံသုံးသပ်ရလျှင် ဤအခြေအနေဖြစ်စဉ်များသည် တရားဝင်မူဘောင်များနှင့် အောက်ခြေလူထု လက်တွေ့ ဘဝကြား ကွာဟချက်ကို ပေါင်းကူးနိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိနေခြင်းကို မီးမောင်းထိုးပြနေသည်။ မူဝါဒများသဟဇာတဖြစ်မှု Harmonisation၊ ရေရှည်တည်တံ့သော စွမ်းရည်တည်ဆောက်မှုနှင့် ပွင့်လင်းမြင် သာမှုရှိပြီး ရှင်သန်လွတ်မြောက်လာသူဗဟိုပြုလုပ်ကိုင်သည့် တာဝန်ယူတာဝန်ခံမှု စနစ်ယန္တရားများ ထူထောင်ခြင်းတို့ လိုအပ်နေပြီး ထိုသို့ထူထောင်ရာတွင်လည်း ကတိကဝတ်များအား လက်တွေ့ ဘဝကာကွယ်မှုများအဖြစ်သို့ အကောင်အထည်ဖော်နိုင်ရန် မရှိမဖြစ်လိုအပ်သည်။ အရေးအကြီးဆုံးမှာ အမျိုးသမီးများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများ၊ မသန်စွမ်းသူများနှင့် တိုင်းရင်းသား၊ ဘာသာရေးလူနည်းစုများအား အဓိပ္ပာယ်ပြည့်ဝစွာပါဝင်စေခြင်းသည် သင်္ကေတအမှတ်အသားပြုခြင်းထက် ကျော်လွန်ပြီး အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၏ အဓိကဗဟိုချက်တွင် ထည့်သွင်းမြုပ်နှံလုပ်ဆောင်ရမည်ဖြစ်သည်။

နောက်ဆုံးတွင် မြန်မာနိုင်ငံ၌ အသွင်ကူးပြောင်းရေးဆိုင်ရာ ဂျဲန်ဒါရေးရာတရားမျှတမှု အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန်အတွက် အုပ်ချုပ်ရေးအဆင့်ဆင့်တွင် နိုင်ငံရေးစိတ်ဆန္ဒရှိမှု၊ တော်လှန်ရေးလှုပ်ရှားမှုများ၏ နိုင်ငံရေးအဖွဲ့အစည်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သူအားလုံး၏ ပူးပေါင်းပါဝင်လိုသည့် ရည်ရွယ်ချက်ရှိရှိ ကတိကဝတ် ပြုမှုတို့လိုအပ်ပေသည်။ မူဘောင်များကို အခြေခံလူထု၏ လက်တွေ့ဘဝများနှင့်ချိန်ညှိခြင်း၊ ဖန်းမ်မနစ်ဝါဒ ဆိုင်ရာ အခြေခံမူများကို အုပ်ချုပ်ရေးဖွဲ့စည်းမှုများတွင် ထည့်သွင်းခြင်းတို့ဖြင့်သာ အကာအကွယ်ပေးခြင်းနှင့် ကာကွယ်တားဆီးပေးခြင်းသည် ယုံကြည်စိတ်ချရပြီး ရေရှည်တည်တံ့မှုလည်း ဖြစ်လာနိုင်မည်ဖြစ်သည်။

## ဘာတွေ ရှိနေပြီလဲ။

မူဘောင်အမျိုးမျိုး၊ စုံလင်ကွဲပြားသော ပါဝင်ပတ်သက်နေသူများနှင့် တိုးပွားလာနေသည့် နိုင်ငံရေးဆိုင်ရာ ကတိကဝတ်များသည် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်ရန်အတွက် ရည်မှန်းထားသည့် မြန်မာနိုင်ငံ၏ ကြားကာလအုပ်ချုပ်ရေး နယ်ပယ်တစ်လျှောက်လုံးတွင် WPS လုပ်ငန်းစဉ်ကို အသိအမှတ်ပြုထားကြောင်း ပြသနေသည်။ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကြားကာလ အကြံပေးကောင်စီများ၊ ကြားကာလအုပ်ချုပ်ရေးအဖွဲ့များ၊ တော်လှန်ရေးလှုပ်ရှားမှုမှ လက်နက်ကိုင် တပ်ဖွဲ့ဝင် အချို့ပင်လျှင် အကာအကွယ်ပေးရေးနှင့် ကြိုတင်ကာကွယ်တားဆီးရေးကို ၎င်းတို့၏ဖွဲ့စည်းပုံများတွင် ထည့်သွင်းရန် ခြေလှမ်းများပြင်ဆင်နေကြပြီဖြစ်သည်။

## ဘာတွေ လိုနေသေးလဲ။

အကောင်အထည်ဖော်ဆောင်ရွက်မှုသည် တသမတ်တည်းရှိမနေဘဲ အပိုင်းပိုင်းအစစ ကွဲပြားနေဆဲဖြစ်သည်။ ရှင်သန်လွတ်မြောက်လာသူများသည် တရားမျှတမှုနှင့် ကာကွယ်စောင့်ရှောက်မှုရရှိရန် အတားအဆီးများနှင့် ဆက်လက်ရင်ဆိုင်နေရပြီး ညှိနှိုင်းဆောင်ရွက်မှုသည် အဖွဲ့အစည်းဆိုင်ရာ စနစ်ယန္တရားများထက် အလွတ်သဘော ယုံကြည်မှုကွန်ရက်များအပေါ်တွင် မှီတည်နေရဆဲဖြစ်သည်။ တာဝန်ယူတာဝန်ခံမှုနှင့် စောင့်ကြည့် စစ်ဆေး မှုများသည် ရှင်လွတ်မြောက်လာသူ-ဗဟိုပြုချဉ်းကပ်မှု အားနည်းနေသေးပြီး တိုးတက်မှု အားမရှိသည့် အချက်အလက်စုဆောင်းသည့်စနစ်များကြောင့် စိတ်ကူးမျှော်မှန်းချက်သက်သက်အဖြစ် ရှိနေဆဲဖြစ်သည်။

## ဘာတွေ မဖြစ်မနေလုပ်ဆောင်ရမလဲ။

တိုးတက်မှုသည် နိုင်ငံအဆင့်စံနှုန်းများကို ဒေသအလိုက် လိုက်လျောညီထွေဖြစ်အောင် ချဉ်းကပ်ခြင်း၊ သဟဇာတဖြစ်စေခြင်း၊ ရှင်သန်လွတ်မြောက်လာသူ-ဗဟိုပြုချဉ်းကပ်သည့် ကာကွယ်စောင့်ရှောက်မှုကို အုပ်ချုပ်ရေးဖွဲ့စည်းမှုအားလုံးတွင် ထည့်သွင်းအကောင်အထည်ဖော်ခြင်း၊ ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းများ တည်ဆောက်ခြင်းတို့အပေါ်တွင် မူတည်နေပေသည်။ စွမ်းဆောင်ရည် တည်ဆောက်မှု၊ တာဝန်ယူတာဝန်ခံမှုနှင့် အားလုံးပါဝင်/အကျုံးဝင်သော ပါဝင်ဆောင်ရွက်မှုအပေါ် ရင်းနှီးမြှုပ်နှံခြင်းသည် WPS မူဘောင်များ၏ ပုံဖော်မှုသက်သက်အဆင့်တွင်သာ ရှိနေမည်လား (သို့မဟုတ်) အသွင်ကူးပြောင်းလဲမှုများ ဖြစ်လာမည်လားစသည်တို့ကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

## ဒါဆို ဘာတွေဖြစ်လာမလဲ။

ဤပြောင်းလဲမှုများမရှိပါက ဂျန်ဒါတန်းတူညီမျှမှုရှိရေး ကြိုးစားအားထုတ်မှုများသည် ပဋိပက္ခများကို ကျော်လွှား နိုင်မည့်အစား ကွဲပြားမှုများကို ဆက်လက်ဖြစ်ပေါ်စေမည့် အန္တရာယ်ရှိနေသည်။ ဤပြောင်းလဲမှုများဖြင့် မြန်မာနိုင်ငံသည် အောက်ခြေမှအထက်သို့ ကြံ့ကြံ့ခံနိုင်စွမ်း၊ အောက်ခြေလူထုခေါင်းဆောင်မှုကို ဖက်ဒရယ် ဒီမိုကရေစီအသစ်အတွက် အခြေခံအုတ်မြစ်ဖြစ်အောင် ပြောင်းလဲရန် တမူထူးခြားသော အခွင့်အရေးရှိနေသည်။

# ၉။ အကြံပြုချက်များ

**(၁) အဆင့်များစွာပါဝင်သည့် ဖက်ဒရယ် WPS မူဘောင်ကို ထူထောင်ခြင်း**

ဖက်ဒရယ်အဆင့် WPS မူဘောင်ကို တစ်သမတ်တည်းရှိသော အနိမ့်ဆုံးစံနှုန်းများနှင့် ရှင်းလင်းစွာချထားသည့် တာဝန်ယူတာဝန်ခံမှုယန္တရားများဖြင့် ရေးဆွဲသင့်ပြီး တစ်ချိန်တည်းမှာပင် တိုင်းရင်းသားလူမျိုးစု အုပ်ချုပ်ရေး အဖွဲ့များ၊ ကြားကာလအဖွဲ့အစည်းများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများအား အခြေအနေ နှင့်ကိုက်ညီမှုရှိသည့် လုပ်ငန်းစီမံချက်များကို လိုက်လျောညီထွေပြုလုပ်နိုင်ရန် ခွင့်ပြုပေးရပေမည်။ ၎င်းသည် ဖက်ဒရယ်စနစ်တွင် တစ်သားတည်းဖြစ်မှုနှင့် ဒေသဆိုင်ရာကိုယ်ပိုင်တာဝန်ခံမှုကို ဟန်ချက်ညီစေမည်ဖြစ်သည်။

**(၂) အားလုံးအကျုံးဝင်သော ဥပဒေနှင့် မူဝါဒဆိုင်ရာ အကာအကွယ်များကို ထူထောင်ပြီး အားကောင်းစေခြင်း**

ဂျဲန်ဒါဆိုင်ရာကိုတာများ၊ ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေးဥပဒေနှင့် တရားမျှတမှု၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေး ကဏ္ဍများတလျှောက် ချိန်ညှိလုပ်ဆောင်ခြင်းအပါအဝင် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ လိင်စိတ်ခံ ယူမှုကွဲပြားသူတစ်ဦးချင်းစီနှင့် မသန်စွမ်းသူများကို အတိအလင်း အကာအကွယ်ပေးသည့် ဥပဒေများပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။ ၎င်းသည် အသွင်ကူးပြောင်းရေးနှင့် အနာဂတ်အုပ်ချုပ်ရေး ဖွဲ့စည်းပုံများတွင် တန်းတူညီမျှအခွင့်အရေးများကို အကာအကွယ်ပေးရန် သေချာစေမည်ဖြစ်သည်။

**(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဂျဲန်ဒါရေးရာအလေးထားမှု သင်တန်းများ ရင်းနှီးမြှုပ်နှံခြင်း**

လုံခြုံရေးတပ်ဖွဲ့များ၊ အုပ်ချုပ်ရေးတွင်ပါဝင်ပတ်သက်သူများ၊ ရပ်ရွာခေါင်းဆောင်များနှင့် ဝန်ဆောင်မှုပေးသူများ အတွက် မရှိမဖြစ်လိုအပ်သည့် ဂျန်ဒါအရေးတုံ့ပြန်ဆောင်ရွက်ခြင်း သင်တန်းများကို အဖွဲ့အစည်းအလိုက် စနစ်တကျသင်တန်းပေးရန်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် ကြိုတင်ကာကွယ်ရေးနှင့် အကာအကွယ်ပေး တုံ့ပြန်မှုများကိုအားကောင်းစေပြီး ရှင်သန်လွတ်မြောက်လာသူ-ဗဟိုပြုချဉ်းကပ်မှုများကို ရှေ့တန်းတွင် တုံ့ပြန်ဆောင် ရွက်နေသူများအတွက် လုပ်ငန်းခွင်အလေ့အကျင့်များတွင် ထည့်သွင်းမြှုပ်နှံသွားသလိုဖြစ်သည်။

**(၄) တရားဝင်သော၊ ပေါင်းစပ်ပါဝင်သော ညှိနှိုင်းဆောင်ရွက်မှုပလက်ဖောင်းများ တည်ဆောက်ရန်**

မြို့နယ်နှင့် ဒေသအဆင့်များတွင် ကဏ္ဍပေါင်းစုံပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးယန္တရားများ ကို ဖန်တီးသင့်ပြီး အမျိုးသမီးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု ပါဝင်သက်ဆိုင်သူများ

နှင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်အကူအညီပေးနေသူများ၏ပါဝင်မှုကို သေချာစေရမည်။ ပွင့်လင်းမြင်သာသော အရင်းအမြစ် ခွဲဝေသုံးစွဲမှုနှင့် ရှင်းလင်းသောလုပ်ပိုင်ခွင့်များသည် ထပ်တူပွားခြင်းကိုတားဆီးနိုင်မည်ဖြစ်ပြီး ရေရှည်တည် တံ့ခိုင်မြဲမှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

## (၅) ရှင်သန်လွတ်မြောက်လာသူ-ဗဟိုပြုချဉ်းကပ်သည့် အကာအကွယ်ပေးရေးနှင့် ကူညီပံ့ပိုးမှုစနစ် ယန္တရားများကို အားကောင်းစေခြင်း

လူမှုစိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှု၊ ဥပဒေရေးရာအကူအညီ၊ ဘေးကင်းလုံခြုံသောခိုလှုံရာနေရာများ၊ အရေးပေါ် ကယ်ဆယ်ရေးနှင့် အသက်မွေးဝမ်းကျောင်းပံ့ပိုးမှုများပါဝင်သော ယုံကြည်စိတ်ချရပြီး ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်ကာ အလွယ်တကူ လက်လှမ်းမီနိုင်သော ဝန်ဆောင်မှုယန္တရားများကို တည် ဆောက်ရန်လိုသည်။ တုံ့ပြန်ပံ့ပိုးမှုများသည် GBV၊ CRSV နှင့် DV တို့မှ ရှင်လွတ်မြောက်လာသူများကို ဦးစားပေးရမည်ဖြစ်ပြီး ဂျဲန်ဒါဆိုင်ရာနှင့် ကိုယ်ပိုင်သွင်ပြင်လက္ခဏာကို ခွဲခြားဆက်ဆံမှုမရှိရန် သေချာစေရမည်။

## (၆) တာဝန်ယူတာဝန်ခံမှုနှင့် စောင့်ကြည့်စစ်ဆေးမှုကို အဖွဲ့အစည်းအဆောက်အအုံဆိုင်ရာအရ စနစ် တကျအကောင်အထည်ဖော်ခြင်း

လုံးဝလက်သင့်မခံသည့်မူဝါဒများ zero-tolerance policies၊ သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးမှုနှင့် တစ်သမတ်တည်းရှိသော လိုက်နာဆောင်ရွက်စေမှုတို့ပါဝင်သည့် လွတ်လပ်သော၊ ရှင်သန်လွတ်မြောက်သူ-ဗဟိုပြုသော တာဝန်ယူတာဝန်ခံမှုယန္တရားများအား အုပ်ချုပ်ရေးနှင့် တော်လှန်ရေးဖွဲ့စည်းမှုများတွင် ချမှတ်ဖော်ဆောင်ရပေမည်။ စောင့်ကြည့်စစ်ဆေးလေ့လာရေးတွင် အရေအတွက်စံထားအချက်အလက် quantitative data များ၊ ဝန်ဆောင်မှုအရည်အသွေးနှင့် ရှင်သန်လွတ်မြောက်လာသူ၏ ဂုဏ်သိက္ခာဆိုင်ရာ အရည်အသွေးစံထားအကဲဖြတ်မှု qualitative assessments များကို တစ်ပြိုင်တည်း ပေါင်းစပ်လုပ်ဆောင်ရန်ဖြစ်သည်။

## (၇) ဖန်းမ်မနစ်ခေါင်းဆောင်မှုနှင့် နိုင်ငံရေးပါဝင်မှုကိုမြှင့်တင်ခြင်း

ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် အမျိုးသမီးများ၊ လူငယ်များနှင့် ဘေးဖယ်ခံထားရသော အုပ်စုများသည် အုပ်ချုပ်ရေး၊ နိုင်ငံရေးစသည့် လုပ်ငန်းစဉ်များတွင် အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဦးတည်စည်းရုံးလှုံ့ဆော်မှုများကို ချမှတ်ရန်ဖြစ်သည်။ ပါဝင်ဆောင်ရွက်မှုသည် ပုံဆောင်သဘောသက်သက် ထည့်သွင်းခြင်းထက်ကျော်လွန်ပြီး စစ်မှန်သော အာဏာခွဲဝေဖလှယ်မှုအထိ ဖြစ်ရပေမည်။

## (၈) ရေရှည်တည်တံ့သော ဘဏ္ဍာရေးနှင့် နိုင်ငံရေးစိတ်ဆန္ဒ ခိုင်မာစေရန်

မူဘောင်များကို တိုင်းတာနိုင်ပြီး သက်ရောက်မှုရှိလာသည်အထိ အကောင်အထည်ဖော်နိုင်

ရန် WPS ပဏာမအစီအစဉ်များအတွက် ခိုင်မာသောနိုင်ငံရေးဦးဆောင်မှုနှင့်တွဲလျက် နှစ်ရှည်၊ သီးသန့်လျာထားသော ရန်ပုံငွေစီးဝင် လမ်းကြောင်းများကို ခိုင်မာသေချာစေရန်ဖြစ်သည်။ အရင်းအမြစ်များနှင့် နိုင်ငံရေးစိတ် ဆန္ဒမရှိပါက ကတိကဝတ်များသည် ပြောင်းလဲဖော်ဆောင်နိုင်ခြင်းထက် စိတ်ကူးဆန္ဒသက်သက်မျှသာ ဖြစ်နေနိုင်သည့် အန္တရာယ်ရှိသည်။

## ၁၀။ နိဂုံးချုပ်

မြန်မာနိုင်ငံရှိ တရားမဝင်စစ်အုပ်၏ အကြမ်းဖက်လုပ်ရပ်များနှင့် ခိုင်မာစွာအမြစ်တွယ်နေသော စစ်ဝါဒတို့သည် ဂျန်ဒါတန်းတူညီမျှရေး၊ ဒီမိုကရေစီနည်းကျပါဝင်ခွင့်ရရှိရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိ ရေးတို့အတွက် ဖွဲ့စည်းပုံအရ လေးနက်သောစိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ ဤသုံးသပ်ချက်အရ တရားဝင်မူဘောင်များနှင့် နိုင်ငံတကာကတိကဝတ်များသည် အရေးကြီးသော စံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အခြေခံအုတ်မြစ်ကိုပေးစွမ်းနိုင်သော်လည်း အဆိုပါမူဘောင်များအား မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေနှင့်အညီ အဓိပ္ပာယ်ရှိရှိ ဒေသအလိုက်လိုက်လျောညီထွေဖြစ်အောင် ပြုပြင်၊ အကောင် အထည် ဖော်နိုင်မှသာလျှင် အသွင်းကူးပြောင်းခြင်းဆိုင်ရာ အပြောင်းအလဲစစ်စစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်ဝှမ်းတွင် လူထုအခြေပြုအမျိုးသမီးအဖွဲ့အစည်းများ၊ လိင်စိတ်ခံယူမှုကွဲပြားသူ ကွန်ရက်များမှသည် တိုင်းရင်းသားနှင့် ဒေသဆိုင်ရာကြားကာလအတိုင်ပင်ခံကောင်စီများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအထိ စုံလင်ကွဲပြားသော ပါဝင်ပတ်သက်သူများသည် အားလုံးပါဝင်/အကျုံးဝင်သည့် ဖက်ဒရယ်အုပ်ချုပ်ရေးအတွက် လိုအပ်သော အခြေခံအုတ်မြစ်များအား စတင်ချမှတ်လုပ်ဆောင်လျက်ရှိနေပြီဖြစ်သည်။ ၎င်းတို့၏ ကြိုးပမ်းအား ထုတ်မှုများသည် မူဘောင်များတစ်ဟုန်ထိုး တိုးပွားလာခြင်း (သို့မဟုတ်) အားနည်းခြင်းအဖြစ် မရှုမြင်သင့်ဘဲ အသွင်ကူးပြောင်းရေးကာလ အုပ်ချုပ်ရေးစနစ်တွင် WPS မူများကို ထည့်သွင်းမြှုပ်နှံရန် ကျယ်ပြန့် သောကတိကဝတ်များရှိနေကြောင်း ပြသလျက်ရှိသည့် သက်သေသာဓကအဖြစ် ရှုမြင်သင့်ပေသည်။

သို့ရာတွင် မူဘောင်များသက်သက်ဖြင့် မလုံလောက်နိုင်ပါ။ ထိရောက်သည့် အကောင်အထည်ဖော်နိုင်မှုအတွက် နိုင်ငံတကာစံနှုန်းများကို ဒေသတွင်းတာဝန်ခံမှုဖြင့် ပေါင်းစပ်ပေးခြင်း၊ ဥပဒေအရ အကာအကွယ်ပေးခြင်းများကို ခိုင်မာစေခြင်း၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအတွင်း ဂျန်ဒါရေးရာအလေးထားသော စွမ်းရည်မြှင့်တင်မှုများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အရင်းအမြစ်များ မျှဝေသုံးစွဲခြင်း ခိုင်မာအားကောင်းရမည်ဖြစ်ပြီး တာဝန်ယူတာဝန်ခံမှုယန္တရားများသည် ရှင်သန်လွတ် မြောက်လာသူများ၏ ဂုဏ်သိက္ခာကိုဗဟိုပြုကာ လူမှုရေးအရ ဖယ်ကျဉ်ခံရမှု၊ လက်စားချေတုံ့ပြန်မှုကင်းသည့် တရားမျှတမှုရရှိရန် သေချာစေရမည်ဖြစ်သည်။ လိုက်လျောညီထွေဖြစ်ခြင်း၊ လုံလောက်သော အရင်းအမြစ် များနှင့်

ခိုင်မာကျစ်လစ်သော တာဝန်ယူတာဝန်ခံမှုမရှိပါက WPS ဆိုင်ရာအစပျိုးမှုများသည် အဓိပ္ပာယ်ရှိသောအပြောင်းအလဲကို ပုံဖော်ရာတွင် လွဲချော်နေအုန်းမည်ဖြစ်သည်။

ဤတွေ့ရှိချက်များသည် အမျိုးသမီးများဦးဆောင်သော မဟာမိတ်အဖွဲ့များ၊ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ ခံနိုင်ရည်ရှိရှိကြိုးပမ်းမှုများကိုလည်း မီးမောင်းထိုးပြနေပြီး ၎င်းတို့အနေဖြင့် ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အတားအဆီးများအပြင် အကြမ်းဖက် စစ်တပ်၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများနှင့် မြေပြင်ထိုးစစ်ဆင်မှုများကြောင့် နေ့စဉ်လုံခြုံရေး အန္တရာယ်များကြားမှ ဆက်လက်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့၏ ဦးဆောင်မှုသည် စစ်အာဏာရှင်တို့၏ ဖိနှိပ်ညှင်းပန်းမှုများကို ဆန့်ကျင်ခုခံတွန်းလှန်နိုင်စွမ်း၏ ဗဟိုချက်ကိုညွှန်ပြနေပြီး အဆက်မပြတ်စည်းရုံးလှုံ့ဆော်မှုများ၊ အားလုံးအကျုံးဝင်သော ဆွေးနွေးမှုများနှင့် ပဋိပက္ခဒဏ် အဆိုးဝါးဆုံးခံစား ရသော အမျိုးသမီးများနှင့် ဘေးဖယ်ခံထားရသော အသိုင်းအဝိုင်းများ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို ဦးစားပေးသည့် ဖန်းမ်မနစ်ဝါဒီချဉ်းကပ်မှုများကို အလေးပေးဖော်ပြနေသည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံ၏ ဂျဲန်ဒါတန်းတူညီမျှရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဆီသို့ သွားရန်လမ်း ကြောင်းသည် အောက်မှအထက်တရားဝင်မှုနှင့် အထက်မှအောက်အဖွဲ့အစည်းဆိုင်ရာတည်ဆောက်မှုအကြား၊ ဒေသတွင်းလိုက်လျောညီထွေမှုနှင့် နိုင်ငံအဆင့်ဆက်စပ်သဟဇာတဖြစ်မှုအကြား သတိနှင့် ချိန်ခွင်လျှာထိန်းညှိ သလို လုပ်ကိုင်နိုင်ခြင်းအပေါ် မူတည်ပေသည်။ ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်မှုကောင်းပါက အရပ်ဘက်လူထု အဖွဲ့အစည်းများ၊ တော်လှန်ရေး၌ပါဝင်ပတ်သက်သူများနှင့် ပေါ်ထွက်လာသော အုပ်ချုပ်ရေးဖွဲ့စည်းမှုများ၏ ကြိုးပမ်းပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအနာဂတ်သည် လူမှုအသိုင်းအဝိုင်းအားလုံးကို အကာအကွယ်ပေးသည့်၊ စွမ်းပကားမြှင့်တင်ပေးမည့်၊ အားလုံးပူးပေါင်းပါဝင်သည့် အနာဂတ်အဖြစ် ပုံဖော်ပြောင်းလဲနိုင်မည်ဖြစ်သည်။

ရှေ့ဆက်ရင်ဆိုင်ရမည့်စိန်ခေါ်မှုမှာ မူဘောင်များရေးဆွဲရုံသက်သက်မဟုတ်ဘဲ ထိုမူဘောင်များကို မူဝါဒပိုင်းနှင့် အဖွဲ့အစည်းများ၌သော်လည်းကောင်း အရေးအကြီးဆုံးမှာ ရှင်သန်လွတ်မြောက်လာသူများနှင့် ဘေးဖယ်ခံ ထားရသော အသိုင်းအဝိုင်းများ၏ လက်တွေ့ဘဝများ၌ အသက်ဝင်လှုပ်ရှားလာအောင် လုပ်ဆောင် ရန်သာဖြစ်တော့သည်။ အသေးစိတ်ကျသော၊ အားလုံးအကျုံးဝင်ပေါင်းစပ်ပါဝင်သော၊ အရင်းအမြစ် ကောင်းစွာရရှိထားသော WPS အကောင်အထည်ဖော်မှုလမ်းကြောင်းသည် မူဝါဒအရမဖြစ်မနေလိုအပ်ချက် တစ်ခုတည်းသာမက ရှည်ကြာလှသော ဒုက္ခအကျပ်အတည်းရှေ့မှောက်တွင် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ရေရှည်လူမှုသဟဇာတဖြစ်မှု/စည်းလုံးမှုတို့အတွက် အခြေခံကျသည့် မဏ္ဍိုင်အုတ်မြစ်တစ်ခုလည်း ဖြစ်ပေသည်။

# ကိုးကားချက်


Alola Foundation. (2021). Annual report. Dili: Alola Foundation, https://www.alolafoundation.org/wp-content/uploads/2023/02/ALOLA-ANREP-2021-EW.pdf

Australian Government. (2021). Second National Action Plan on Women, Peace and Security 2021–2031. Department of Foreign Affairs and Trade. https://www.dfat.gov.au/sites/default/files/australias-national-action-plan-on-women-peace-and-security-2021-2031.pdf

Australian Human Rights Commission. (2020). Respect@Work: National inquiry into sexual harassment in Australian workplaces, https://humanrights.gov.au/our-work/sex-discrimination/publications/respectwork-sexual-harassment-national-inquiry-report-2020

Australian Institute of Health and Welfare. (2025, February 25). Domestic homicide. https://www.aihw.gov.au/family-domestic-and-sexual-violence/responses-and-outcomes/domestic-homicide

Buchanan, C. (2022). Preventing gender-based violence in Myanmar. International IDEA. https://www.idea.int/sites/default/files/publications/preventing-gender-based-violence-in-myanmar-CAWE3.pdf

Commonwealth of Australia. (2023). Australian Government's response to sexual harassment and assault in the Defence Force. Department of Defence, https://www.transparency.gov.au/publications/defence/department-of-defence/department-of-defence-annual-report-2023-24/chapter-6---workforce%2C-personnel-and-families/sexual-misconduct-

Constitution of the Republic of the Union of Myanmar (2008), https://www.myanmar-law-library.org/law-library/laws-and-regulations/constitutions/2008-constitution.html

Convention on the Elimination of All Forms of Discrimination Against Women (CEDAW), G.A. Res. 34/180, U.N. Doc. A/RES/34/180 (1979). https://www.ohchr.org/en/instruments-mechanisms/instruments/convention-elimination-all-forms-discrimination-against-women

Crisp, R., & Clementi, A. (2025, June 6). Reality or rhetoric: Understanding gender inequality and education in Myanmar. Australian Institute of International Affairs. https://www.internationalaffairs.org.au/australianoutlook/reality-or-rhetoric-understanding-gender-inequality-and-education-in-myanmar/

Crouch, M. (2016). The constitutional implications of Myanmar's peace process. ConstitutionNet, International IDEA. http://constitutionnet.org/news/constitutional-implications-myanmars-peace-process

D'Cruz, J. (2018). Feminist coalitions and post-conflict state building in Timor-Leste. Gender & Development, 26(3), 393–408. https://doi.org/10.1080/13552074.2018.1523304

Australia. Defence Abuse Response Taskforce & Cornall, Robert. (2016). Final report / Defence Abuse Response Taskforce, Canberra, Defence Abuse Response Taskforce, https://www.defenceabusetaskforce.gov.au/reports/Pages/default.aspx

Australian Government. Realising the Benefits for All: APS Gender Equality Strategy 2021-26, (2021), https://www.apsc.gov.au/sites/default/files/2021-12/APSC%20-%20Gender%20Equality%20Strategy.pdf

Ebead, N. (2023, March 7). Implementing Myanmar's Federal Democracy Charter to strengthen women's equality. International IDEA. https://www.idea.int/news/implementing-myanmars-federal-democracy-charter-strengthen-womens-equality

Ebead, N., & Hirakawa, A. (2022). Inclusion and gender equality in post-coup Myanmar: Strategies for constitutional and democratic reform. International IDEA. https://www.idea.int/sites/default/files/publications/inclusion-and-gender-equality-in-post-coup-myanmar-CAWE4_0.pdf

Equality Myanmar. (2020). Submission of a shadow report to the United Nations' Universal Periodic Review regarding the human rights situations of LGBTI persons in the Republic of the Union of Myanmar. https://equalitymyanmar.org/wp-content/uploads/2021/01/CAN_UPR.pdf

Federal Democracy Charter – First Version.

Federal Democracy Charter – Revised Version.

Guinness World Records. (n.d.). Longest civil war of modern time. https://www.guinnessworldrecords.com/world-records/114580-longest-civil-war-of-modern-times

Head, J. (2021, March 16). Myanmar's coup: What protesters can learn from the '1988 Generation'. BBC News. https://www.bbc.com/news/world-asia-56331307

Higgs, J. (2025). The silence we bear: Conflict-Related Sexual Violence in Myanmar. Equality Myanmar, https://equalitymyanmar.org/wp-content/uploads/2025/02/ConflictRelatedSexualViolence-Final-compressed-for-web.pdf

Hutinson, S. (2024, March 8). Time for more action on women, peace, and security. The Strategist. https://www.aspistrategist.org.au/time-for-more-action-on-women-peace-and-security/

International Institute for Democracy and Electoral Assistance (IDEA). (2022). Myanmar's Federal Democracy Charter: Analysis and prospects. https://www.idea.int/sites/default/files/publications/myanmars-federal-democracy-charter-analysis-and-prospects.pdf

International Rescue Committee. (2024). Contextualizing GBV prevention and response: Rhetoric or reality for WROs and WLOs in humanitarian contexts? https://gbvresponders.org/wp-content/uploads/2025/02/WPE-Policy-Report-EN-1.pdf

Karenni State Consultative Council. (2022). Karenni State's interim plan [In Burmese].

Maizland, L. (2022, January 31). Myanmar's troubled history: Coups, military rule, and ethnic conflict. Council on Foreign Relations. https://www.cfr.org/backgrounder/myanmar-history-coup-military-rule-ethnic-conflict-rohingya

Minoletti, P. (2016). Gender (in)equality in the governance of Myanmar: Past, present, and potential strategies for change. The Asia Foundation. https://asiafoundation.org/wp-content/uploads/2016/09/Gender-in-Equality-in-the-governance-of-myanmar_Policy-Brief_ENG.pdf

Ministry of Social Welfare, Relief, and Resettlement (Myanmar). (2013). National strategic plan for the advancement of women 2013–2022. https://myanmar.unfpa.org/sites/default/files/pub-pdf/NSPAW2013-2022_0.pdf

MOWYCA. (n.d.). Prevention of sexual exploitation, abuse, and harassment (PSEAH) policy. National Unity Government. https://mowyca.nugmyanmar.org/en/mowyca-pshea-policy/

Office of the Inspector-General of the Australian Defence Force. (2022). Annual report 2021–2022. https://www.igadf.gov.au/system/files/2023-03/IGADF%20Annual%20Report%202021-22.pdf

Our Watch. (n.d.). What we do. https://www.ourwatch.org.au/about-us/what-we-do.

Transnational Institute. (2016). No women, no peace: Gender equality, conflict, and peace in Myanmar. https://www.tni.org/en/publication/no-women-no-peace-gender-equality-conflict-and-peace-in-myanmar

UN Development Programme. (2022). Human development report 2021/22Uncertain times, unsettled lives. UNDP. https://hdr.undp.org/content/human-development-report-2021-22

UN Women. (2022). Developing a national action plan on women, peace and security in Ethiopia. UN Women Ethiopia Country Office. https://africa.unwomen.org/en/digital-library/publications/2022/11/developing-a-national-action-plan-on-women-peace-and-security-in-ethiopia

UN Women. (2022). Timor-Leste country brief: Women in politics and decision-making. UN Women. https://open.unwomen.org/en/country-results/TL

UN Women & UNDP. (2022). Women's participation in peacebuilding in Myanmar. https://asiapacific.unwomen.org/en/digital-library/publications/2022/05/womens-participation-in-peacebuilding-in-myanmar

Wa Lone, & McPherson, P. (2022, April 14). Insight: Troops burn villages in Myanmar heartland, seek to crush resistance. Reuters. https://www.reuters.com/world/asia-pacific/troops-burn-villages-myanmar-heartland-seek-crush-resistance-2022-04-14/

WLB. (2006). Constituting our rights. Women's League of Burma. https://www.womenofburma.org/sites/default/files/201806/2006_Constituting_Our_Rights_in_English.pdf

WLB. (2019). Procedural and substantive suggestions: For the proposed protection and prevention of violence against women law. Women's League of Burma. https://www.womenofburma.org/sites/default/files/201906/WLB_POVAW_Analysis_English%20(Final).pdf

WLB. (2024). Militarism's grip on women's political life in Burma. Joint research paper by the WLB & APWLD. [Yet to be published].

Women's International League for Peace and Freedom. (2020). Security Council open debate on women, peace and security: Analysis and reflections. PeaceWomen. https://www.peacewomen.org/security-council/security-council-open-debate-women-peace-and-security-october-2020-0

Wyeth, G. (2021, April 19). Examining Australia's National Action Plan on Women, Peace, and Security. The Diplomat. https://thediplomat.com/2021/04/examining-australias-national-action-plan-on-women-peace-and-security/

